## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-56-05-5
9 789998 656055 >



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ မေလ )

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၃ ခုနှစ်၊ မေလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပြန်ကြားရေးဝန်ကြီးဌာန | - | စာအုပ်အမှတ်စဉ် ( ၄၇ / ၂၀၂၃ ) |
| ထုတ်ဝေသည့်ခုနှစ် | - | ၂၀၂၃ ခုနှစ်၊ ဇွန်လ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| အုပ်ရေ | - | ၁၅၀၀ အုပ် |
| ပုံနှိပ် | - | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH, NUG, PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့် လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH, NUG, PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for Elimination of Violence

1. **Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.**
2. **Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.**
3. **Giving information secretly to the authorities on terrorists and on the possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ
( ၂၀၂၃ ခုနှစ်၊ မေလ )

# မာတိကာ


| | | |
|---|---|---|
| ၁။ | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) တွင် ပြောကြားသည့် အမှာစကား | ၇ |
| ၂။ | နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်သည့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား | ၁၅ |
| ၃။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား | ၂၂ |
| ၄။ | တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား | ၂၇ |
| ၅။ | မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား | ၃၀ |
| ၆။ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား | ၃၇ |
| ၇။ | အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ဝင်ရောက်မှုကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ပြောကြားသည့်အမှာစကား | ၄၁ |
| ၈။ | သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား | ၄၃ |
| ၉။ | မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ် အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား | ၄၇ |
| ၁၀။ | သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုနှင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား | ၅၀ |
| ၁၁။ | ညောင်ဦးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ထိခိုက်မှုနှင့် ပတ်သက်သည့်အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား | ၅၃ |

၁၂။ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၅၆
၁၃။ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် (အငယ်တန်းအဆင့်)(၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၆၄
၁၄။ သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုနိုင်ရေး စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ပြောကြားသည့်အမှာစကား ၆၈
၁၅။ သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၇၃
၁၆။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပဲခူးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား ၇၆
၁၇။ သစ်တောပညာ နှစ် (၁၀၀) ရာပြည့်အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၈၀
၁၈။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား ၈၄
၁၉။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား ၈၉
၂၀။ ပင်းပက်–နောင်ကား–တောင်ကြီး–ရွှေညောင်–သာစည်–မြင်းခြံ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေး စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၉၃
၂၁။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား ၉၅
၂၂။ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား ၉၇
၂၃။ ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံပြောကြားသည့်အမှာစကား ၁၀၁
၂၄။ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၀၃

**သဝဏ်လွှာများ**

၁။ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၁၀၇

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့် အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၁၂) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြားငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ဂ ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

( ဂ ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) တွင် ပြောကြားသည့်အမှာစကား

( ၅ - ၅ - ၂၀၂၃ )





နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့် ဒုတိယဝန်ကြီးချုပ်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဒေါက်တာ ညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ Jeng Pheng နော်တောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသည် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူသည့်ကာလတွင် ပထမအကြိမ်ကျင်းပ

ပြုလုပ်သည့် အစည်းအဝေးပင်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နှင့် သမိုင်းစဉ်တစ်လျှောက် စည်းလုံးညီညွတ်စွာနေထိုင်နိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ကိုလိုနီနယ်ချဲ့၏ ကျွန်ဘဝကို နှစ်ပေါင်း ၁၀၀ ကျော်ကျရောက်ခဲ့ရပြီး နောက်ပိုင်း သွေးခွဲအုပ်ချုပ်မှုကြောင့် အချင်းချင်းစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ရခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် လက်နက်ကိုင်ပဋိပက္ခများကြောင့် နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် များစွာနောက်ကျခဲ့ကြရပါကြောင်း။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၈၉ ခုနှစ်၊ မေလ ၂၅ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို အဖွဲ့ဝင် ၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၁၉၈၉ ခုနှစ်မှစတင်ပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများဖွဲ့စည်းကာ အထူးဖွံ့ဖြိုးရေးဒေသများသတ်မှတ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကိုဖွဲ့စည်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို အဖွဲ့ဝင် ၂၂ ဦး၊ လုပ်ငန်းကော်မတီကို အဖွဲ့ဝင် ၃၇ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**လုပ်ငန်းတာဝန် ၆ ရပ်**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီအနေဖြင့် လုပ်ငန်းတာဝန် ၆ ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ **နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းရေး (Peace and Stability) သည် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာလည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံပြီး ဆောင်ရွက်ရန်လိုအပ်**ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်မှစပြီး တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး၊ ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးတို့ကိုအလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုး/မွေးမြူရေးနှင့် စီးပွားရေးကဏ္ဍများတိုးတက်လာစေရန်အတွက် လူမှုစီးပွားဘဝအခြေခံအဆောက်အအုံများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအပြင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက်လည်း စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီး**

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေပါကြောင်း၊ အလားတူ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ခင်ရင်းနှီးမှုတိုးတက်ဖြစ်ထွန်းရန်အတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အလွန်အရေးကြီးသည့် အစိတ်အပိုင်းတွင်ပါဝင်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသအသီးသီး၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုး/မွေးမြူရေးကဏ္ဍ စသည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့်ကဏ္ဍအသီးသီးသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအားလုံးကို နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းထက် သက်ဆိုင်သည့် ဝန်ကြီးဌာနအားလုံး ပူးပေါင်းပါဝင်ညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်မည်လည်းဖြစ်ပါကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှု**

နိုင်ငံတွင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကကျသည်မှာ

ပညာရည်မြင့်မားမှုဖြစ်ပါကြောင်း၊ ၁၉၉၉ ခုနှစ်က ၂၀၁၄ ခုနှစ်အထိ ပြည်ထောင်စုတစ်ခုလုံး ကျောင်းစတက်ခဲ့ကြသည့် လူငယ်ပေါင်း ၁၉,၄၄၁,၇၁၁ ဦးရှိရာတွင် အလယ်တန်းအဆင့် (၅) တန်းတက်ရောက်သူ ၁၁,၁၃၇,၃၁၈ ဦးဖြစ်သဖြင့် တက်ရောက်ရာခိုင်နှုန်း ၅၇ ဒသမ ၂၉ ရာခိုင်နှုန်း၊ လျော့နည်းရာခိုင်နှုန်း ၄၂ ဒသမ ၇၁ ရာခိုင်နှုန်းရှိပါကြောင်း၊ (၈)တန်းအထိ တက်ရောက်ပညာသင်ကြားသူ ၇,၇၈၇,၄၁၂ ဦး၊ တက်ရောက်ရာခိုင်နှုန်း ၄၀ ဒသမ ၀၆ ရာခိုင်နှုန်းဖြင့် လျော့နည်းရာခိုင်နှုန်း ၅၉ ဒသမ ၉၄ ရာခိုင်နှုန်းရှိပါကြောင်း၊ ၆၀ ရာခိုင်နှုန်းခန့်ဖြစ်ပါကြောင်း၊ ထိုအထဲတွင် ကချင်ပြည်နယ်မှ (၅) တန်းတက်ရောက်သူ ၇၆ ဒသမ ၈၁ ရာခိုင်နှုန်း၊ (၈) တန်းတက်ရောက်သူ ၅၈ ဒသမ ၁၁ ရာခိုင်နှုန်း၊ ကယားပြည်နယ်မှ (၅) တန်း တက်ရောက်သူ ၇၃ ဒသမ ၆ ရာခိုင်နှုန်း၊ (၈)တန်းတက်ရောက်သူ ၄၈ ဒသမ ၂၉ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်မှ (၅)တန်း တက်ရောက်သူ ၅၃ ဒသမ ၅၃ ရာခိုင်နှုန်း၊ (၈) တန်းတက်ရောက်သူ ၃၁ ဒသမ ၁ ရာခိုင်နှုန်း၊ ချင်းပြည်နယ်မှ (၅)တန်း တက်ရောက် သူ ၅၇ ဒသမ ၉၃ ရာခိုင်နှုန်း၊ (၈)တန်းတက်ရောက်သူ ၃၇ ဒသမ ၄၅ ရာခိုင်နှုန်း၊ မွန်ပြည်နယ်မှ (၅)တန်းတက်ရောက်သူ ၅၉ ဒသမ ၅ ရာခိုင်နှုန်း၊ (၈) တန်းတက်ရောက်သူ ၃၇ ဒသမ ၈ ရာခိုင်နှုန်း၊ ရခိုင် ပြည်နယ်မှ (၅) တန်းတက်ရောက်သူ ၄၁ ဒသမ ၅၅ ရာခိုင်နှုန်း၊ (၈) တန်းတက်ရောက်သူ ၂၉ ဒသမ ၇၇ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်မှ (၅) တန်းတက်ရောက်သူ ၄၈ ဒသမ ၂၈ ရာခိုင်နှုန်း၊ (၈) တန်းတက်ရောက်သူ ၃၀ ဒသမ ၉ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးမှ (၅) တန်းတက်ရောက်သူ ၅၆ ဒသမ ၂ ရာခိုင်နှုန်း၊ (၈) တန်း တက်ရောက်သူ ၃၁ ဒသမ ၃၃ ရာခိုင်နှုန်းအသီးသီးရှိခဲ့ပါကြောင်း၊ အဆိုပါအချက်အလက်များအရ နယ်စပ်ဒေသပညာရေးမြှင့်တင်မှုသည် ထိုထက်ပိုမိုဆောင်ရွက်ရန်လိုပါကြောင်း၊ မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

ကျန်းမာရေးကဏ္ဍကိုကြည့်မည်ဆိုပါက ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏မျှော်မှန်းသက်တမ်းသည် ကျား ၆၃ ဒသမ ၄ နှစ်၊ မ ၇၂ ဒသမ ၂ နှစ်၊ ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၇ နှစ်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်တွင် ကျား ၆၂ ဒသမ ၇ နှစ်၊ မ ၇၂ ဒသမ ၂ နှစ်၊ ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၄ နှစ်၊ ကယားပြည်နယ်တွင် ကျား ၆၂ ဒသမ ၅ နှစ်၊ မ ၇၃ နှစ်၊ ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၆ နှစ်၊ ကရင်ပြည်နယ်တွင် ကျား ၆၁ ဒသမ ၃ နှစ်၊ မ ၇၀ ဒသမ ၁ နှစ်၊ ပျမ်းမျှသက်တမ်း ၆၅ ဒသမ ၆ နှစ်၊ ချင်းပြည်နယ်တွင် ကျား ၆၁ နှစ်၊ မ ၆၇ ဒသမ ၅ နှစ်၊ ပျမ်းမျှသက်တမ်း ၆၄ ဒသမ ၂ နှစ်၊ မွန်ပြည်နယ်တွင် ကျား ၆၁ ဒသမ ၈ နှစ်၊ မ ၇၂ နှစ်၊ ပျမ်းမျှသက်တမ်း ၆၆ ဒသမ ၈ နှစ်၊ ရခိုင်ပြည်နယ်တွင် ကျား ၆၄ ဒသမ ၆ နှစ်၊ မ ၇၂ ဒသမ ၂ နှစ်၊ ပျမ်းမျှသက်တမ်း ၆၈ ဒသမ ၃ နှစ်၊ ရှမ်းပြည်နယ်တွင် ကျား ၆၃ ဒသမ ၇ နှစ်၊ မ ၇၂ ဒသမ ၃ နှစ်၊ ပျမ်းမျှသက်တမ်း ၆၇ ဒသမ ၉ နှစ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျား ၆၅ ဒသမ ၁ နှစ်၊ မ ၇၁ ဒသမ ၉ နှစ်၊ ပျမ်းမျှသက်တမ်း ၆၈ ဒသမ ၄ နှစ် ပျမ်းမျှဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုလုပ်ဆောင်ရန်လိုပါကြောင်း။

**မိမိတို့၏မျှော်မှန်းချက်**

အလားတူ စိုက်ပျိုး/မွေးမြူရေးသည် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပါကြောင်း၊ တိုင်းပြည်စားရေရိက္ခာပေါများရေး၊ ဒေသအလိုက်ဝမ်းစာဖူလုံရေးသည် မိမိတို့၏မျှော်မှန်းချက်ဖြစ်ပါကြောင်း၊ အခြေခံစားကုန်များ၊ သားငါးများဒေသအလိုက် ဖူလုံအောင်ကြိုးစားရမည်ဖြစ်သကဲ့သို့ စိုက်ပျိုး/မွေးမြူရေးကိုအခြေခံသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေးသည်လည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိထားသည့်ရလဒ်များကို ကျေနပ်မနေဘဲ အရေအတွက်ရော အရည်အသွေးပါပိုမိုကောင်းမွန်သည့် စိုက်/မွေးထုတ်ကုန်များရရှိအောင် ဆောင်ရွက်ပေးကြရန်လိုပါကြောင်း၊ နယ်စပ်ဒေသအများစုသည် တောင်တန်းဒေသများဖြစ်ပြီး မြေပြန့်နည်းပါးပါကြောင်း၊ ထို့ကြောင့်အများစုသည် တောင်ယာ၊ ကုန်းမြင့်လယ်နှင့် ဥယျာဉ်များသာစိုက်ပျိုးကြသည့်အတွက် စနစ်ကျနသည့် စိုက်ပျိုးမှုပြုလုပ်နိုင်စေရေး စီမံပေးရမည်ဖြစ်ပါကြောင်း၊ သီးထပ်စွမ်းအားတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို များစွာလျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ ဒေသနှင့်ကိုက်ညီသည့် ကြက်၊ ဝက်၊ နွား မွေးမြူရေးများကို ထူထောင်ပေးခြင်းဖြင့် ဝင်ငွေကောင်းအောင်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ခရိုင်အများစုတွင်

စတင်ဖွင့်လှစ်မည့်စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာအထက်တန်းကျောင်းများတွင် အင်တိုက်အားတိုက်ပညာသင်ကြားနိုင်ရေးကူညီပေးပြီး ပညာတတ်များမွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း၊ သိပ္ပံများ၊ ကောလိပ်များ၊ တက္ကသိုလ်များတွင် ပညာဆက်လက်သင်ကြားနိုင်ရေး၊ ပညာရှင်များမွေးထုတ်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသုတေသနများကိုလည်း ထိရောက်စွာပြုလုပ်ပြီး အဆိုပါကဏ္ဍများ တိုးတက်အောင်လုပ်ရမည်ဖြစ်ပါကြောင်း။

သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးသည်လည်း ဒေသဖွံ့ဖြိုးရေးတွင် များစွာအရေးပါကြောင်း၊ ဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ခြင်းကြောင့် ဆက်သွယ်မှုကွန်ရက်များ ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ဆက်သွယ်ရေးကွန်ရက်ဆောင်ရွက်ရန်လိုပါကြောင်း၊ လူမှုစီးပွားအထောက်အကူပြုမည့် ဒေသအလိုက်အသေးစား၊ အငယ်စား၊ အလတ်စားရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ယခုထက်ပိုမိုဆောင်ရွက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက်အစိုးရများသည် မဟာဗျူဟာလုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြပါကြောင်း၊ သို့သော် ယနေ့အချိန်အထိ မိမိတို့၏ တိုင်းရင်းသားညီအစ်ကိုများ၊ **မိမိတို့၏ပြည်သူများ မှီတင်းနေထိုင်ကြသည့် နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းကဏ္ဍများ များစွာရှိ**သေးသည်ကိုလည်း သုံးသပ်တွေ့ရှိရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်က နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များအတွက် ဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် အခြေခံပညာကဏ္ဍတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၇ ကျောင်းဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၃၃၀၀၇ ဦး ပညာသင်ကြားပေးနိုင်ခဲ့ကာ အဆင့်မြင့်ပညာနှင့် အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ကြားနိုင်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့**

အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၄၀၅၈ ဦးတို့ကို မဟာပညာရေးဘွဲ့၊ မဟာဒဿနပညာရေးဘွဲ့၊ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာဒီပလိုမာ၊ အလယ်တန်းဆရာအတတ်ပညာ၊ အထူးမူလတန်းဆရာ အတတ်ပညာ၊ မူလတန်းဆရာအတတ်ပညာများ တတ်မြောက်အောင်သင်ကြားလေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ရန်ကုန်နဲ့ စစ်ကိုင်းတို့တွင်လည်း ကျောင်းသား၊ ကျောင်းသူ ၄၇၀၁ ဦးတို့ကို ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ AGTI၊ B.Tech ဘွဲ့များရရှိအောင် သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ဝန်ကြီးဌာန ၁၉ ခု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ပါကြောင်း။

သက်မွေးပညာကဏ္ဍအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်းဖွင့်လှစ်ပြီး သင်တန်းသား ၆၀၇၇ ဦးကို ဆောက်လုပ်ရေး၊ စက်ပြင်၊ လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ်စက်ပြင်၊ လက်ကိုင်ဖုန်းပြင်၊ အလူမီနီယံ၊ EFI အင်ဂျင်သင်တန်းများ ပို့ချပေးနိုင်ခဲ့ပြီး အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၇ ကျောင်းတွင် သင်တန်းသူ ၉၅၀၂၂ ဦး သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ပုဂ္ဂလိကအထည်ချုပ်စက်ရုံများနှင့် ကိုယ်ပိုင်လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးနှင့်သက်ဆိုင်ပြီး အလွန်အရေးကြီးသည့်ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်သည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှု

**ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် လက်နက်ကိုင်သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းနိုင်မည့် ရလဒ်များလည်းရရှိနေပြီဖြစ်၊ ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲတံခါးဖွင့်ကြိုဆိုထားသည်ကို ထပ်မံအသိပေးပြောကြားလို။**

များပိုမိုရရှိလာပြီး တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုရှိမှလည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မည်မျှဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပါစေ အဖျက်လုပ်ငန်းကြောင့် အကျိုးမခံစားရသည်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြုလုပ်ရခြင်းများသည် ဆုံးရှုံးမှုများသာဖြစ်ပါကြောင်း၊ တံတားများမိုင်းထောင်ဖျက်ဆီးခြင်း၊ အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်း၊ ဆက်သွယ်ရေးစခန်းများ မိုင်းထောင်ဖျက်ဆီးခြင်း၊ စစ်မက်ဖြစ်ပွားအောင်ဆောင်ရွက်နေခြင်းသည် ဒေသအတွက်အကျည်းတန်သည့်၊ လုံးဝမဖြစ်သင့်သည့် အကြောင်းအရာများဖြစ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက်မရှိမဖြစ်လိုအပ်သည့် တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းမှရရှိနိုင်သည်ကို အလေးအနက်သတိမူကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တာဝန်ယူခဲ့ရသည့်ကာလအတွင်းတွင် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါကြောင်း၊ ထိုသို့ဖိတ်ခေါ်ခဲ့သည့်အတွက် ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် လက်နက်ကိုင်သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပြီး နိုင်ငံရေးအရ တည်ငြိမ်အေးချမ်း စွာလျှောက်လှမ်းနိုင်မည့်ရလဒ်များလည်း ရရှိနေပြီဖြစ်ပါကြောင်း၊ **ငြိမ်းချမ်းရေးစားပွဲဝိုင်းကို ရောက်ရှိလာခြင်းမရှိသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများကိုလည်း ကြိုတင်ကန့်သတ်ချက်များမထားဘဲ တွေ့ဆုံဆွေးနွေးခြင်းကို အစဉ်အမြဲတံခါးဖွင့်ကြိုဆိုထားသည်ကို ထပ်မံအသိပေးပြောကြားလိုပါကြောင်း။**

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံးအကြားအလပ်မရှိ ဆူကြံနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီးတစ်ခုလုံး တစ်စည်းတစ်လုံးတည်း မကွဲမပြားညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် မွန်မြတ်သောရည်မှန်းချက်ကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုတိုးတက်မှုရရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၁၂ ရပ်တို့ကို အခိုင်အမာချမှတ်ထားပြီးဖြစ်သည့်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် အလေးအနက်ထားအကောင်အထည်ဖော်ခြင်းအားဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို ထိရောက်စွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း တစ်ဖက်မှလည်း နယ်စပ်ဒေသများ၏ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထူထောင်ပေးနိုင်ရေးကြိုးပမ်းကြရန်လိုအပ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုခိုင်မာမှသာ ဖွံ့ဖြိုးတိုးတက်မှု

လုပ်ငန်းများကို ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်မည်ဆိုသည်ကိုလည်း မျက်ခြည်မပြတ်ကြရန်လိုအပ်ပါကြောင်း။

**တိုက်တွန်းမှာကြား**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်တို့အနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများရဲ့ လူမှုစီးပွားဘဝနဲ့ အခြေခံအဆောက်အအုံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များကို ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရန် ရည်မှန်းချက်များနှင့်အညီ အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားကြရန်နှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာစေရေးတို့ကိုအလေးအနက်ထားအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက်ဗဟိုကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ၊ မူဝါဒ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကောင်စီဝင်များက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ အကြံပြုတင်ပြကြသည်။ ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)က တပ်မတော်မှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နယ်စပ်ဒေသဖွံ့ဖြိုးမှုတိုးတက်ရေးအတွက် ဗဟိုကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဖိဖိစီးစီးဖြင့် တွန်းအားပေးဆောင်ရွက်သွားရန်၊ တိုင်းရင်းသားဒေသအားလုံး အကြားအလပ်မရှိ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပြီး မြန်မာဆိုသည့်စိတ်ဓာတ်ဖြစ်ပေါ်လာစေရေး ဦးဆောင်ဦးရွက်ပြုဆောင်ရွက်သွားကြရန်၊ စက်မှုလက်မှုလုပ်ငန်းများဖြင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထဲထဲဝင်ဝင်တက်တက်ကြွကြွဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းဖြည့်စွက်ဆွေးနွေးသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က နယ်စပ်ဒေသများတွင် ပညာရေးကဏ္ဍအားနည်းသည်ကို တွေ့ရပါကြောင်း၊ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများရှိ ကျောင်းများ အဆောက်အအုံနှင့် ဥပမိရပ်ကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်ရန်နှင့် သင်ထောက်ကူပစ္စည်းများနှင့် ဝန်ထမ်းရေးရာပြည့်စုံရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသများအတွက် ဆက်သွယ်ရေး (Communication) သည်အဓိကကျသောကြောင့် မပြတ်မနေဆက်သွယ်မှုရရှိနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံး ဆက်သွယ်ရေး လွှမ်းခြုံမှုရအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကုန်းလမ်းသွားလာရေး ခက်ခဲသည့် နေရာဒေသများသို့ လေကြောင်းလိုင်းနှင့် ရေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲနိုင်ရေး ဆောင်ရွက် ပေးသွားရန်လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် သင်တန်းကျောင်း မှ သင်တန်းသားများကို ကျေးလက်အုပ်ချုပ်ရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်စေရေးလေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ တိုင်းရင်းသားလူငယ်များသည် မိမိဒေသအကျိုးအတွက် အုပ်ချုပ်ရေးပိုင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဒေသ၊ ရေမြေသဘာဝနှင့်ကိုက်ညီစေရေးအတွက် သုတေသန ပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျေးလက်သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ခေတ်မီနည်းစနစ်များအသုံးပြုနိုင်ရေးအသိပညာပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ထုတ်ယူရရှိရေးနှင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် အခြေခံပညာကျောင်းများတွင် အရည်အချင်းပြည့်ဝသည့် ဆရာဆရာမများကိုခန့်ထားပေးပြီး ကျောင်းသားကျောင်းသူများ အမှန်တကယ်ပညာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ကြောင်း၊ နည်းပညာနှင့် သက်မွေးပညာတတ်မြောက်ပြီး လူငယ်များအနေဖြင့် ဒေသတွင်း အသေးစား၊ အလတ်စား၊ အငယ်စားစီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်နိုင်သည်အထိ ပြုစုပျိုးထောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသများတွင် သူနာပြု၊ လက်ထောက်ကျန်းမာရေးမှူးနှင့် ကျန်းမာရေးမှူးများ ပြည့်စုံစွာခန့်ထားနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်နှင့် ဝေးလံခေါင်းပါးသည့်နေရာများတွင် အနည်းဆုံးမြို့နယ်အဆင့်အထိ ဆရာဝန်များဖြည့်ဆည်းနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

> **နိုင်ငံတစ်နိုင်ငံအတွက် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အတွက် အခြေခံပညာကျောင်းများတွင် အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများကိုခန့်ထားပေးပြီး ကျောင်းသားကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန်လိုအပ်၊ နည်းပညာနှင့် သက်မွေးပညာတတ်မြောက်ပြီး လူငယ်များအနေဖြင့် ဒေသတွင်း အသေးစား၊ အလတ်စား၊ အငယ်စားစီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်နိုင်သည်အထိ ပြုစုပျိုးထောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်။**

**ဖြည့်စွက်မှာကြား**

ပါတီစုံဒီမိုကရေစီခေတ်သို့ ပြောင်းလဲပြီးနောက်ပိုင်းတွင် ပထမဆုံးအစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သည် နယ်စပ်ဒေသအပါအဝင် ပြည်နယ်နှင့် တိုင်းအစွန်အဖျားများ၌ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်ရကြောင်း၊ အာဆီယံတွင်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့် နိုင်ငံလေးနိုင်ငံတွင်ပါဝင်နေကြောင်း၊ အဓိကအားဖြင့် တည်ငြိမ်အေးချမ်းမှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုများနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု နှုန်းမှာမြင့်မားနေသည်ကို ဆန်းစစ်ချက်များအရတွေ့ရကြောင်း၊ အဆိုပါအချက်များကြောင့် မိမိတို့နိုင်ငံတွင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာဆောင်ရွက်ရန်လိုနေသေးကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထွက်ကုန်များဖွံ့ဖြိုးတိုးတက်အောင်ဆောင် ရွက်ရန်လိုအပ်လျက်ရှိကြောင်း၊ မိမိတို့ ဗဟိုကော်မတီအနေဖြင့် **နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုး တက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်ကိုအခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊** အစည်းအဝေးတွင် ဆွေးနွေးချက်များကိုပြန်လည်သုံးသပ်၍ မိမိတို့ဆောင်ရွက်ရမည့်မူဝါဒကို ချမှတ်နိုင်မည် ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများကောင်းမွန်စေရေး၊ နယ်မြေတည်ငြိမ်အေးချမ်း

ရေးလုပ်ငန်းများကို ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **တို့တာဝန်အရေးသုံးပါးကို ခိုင်မာစွာ ထိန်းသိမ်းနိုင်သည့် မျိုးချစ်စိတ်ဓာတ်အပြည့် ရှိသည့် တိုင်းရင်းသားလူငယ်လူရွယ်များ ပေါ်ထွက်လာအောင် ဆောင်ရွက်ရန်လို**ကြောင်း၊ နိုင်ငံအနာဂတ်ကောင်း မွန်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အစည်းအဝေးတွင် လုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများမှ ဆောင်ရွက်နေသည့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်ကို တွေ့ရကြောင်း။

ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က မွန်မြတ်သည့်စေတနာနှင့် ငွေကြေးမြောက်မြားစွာ အကုန်အကျခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏စေတနာနှင့် မျှော်မှန်းထားသည့်အတိုင်း နယ်စပ် ဒေသများတွင်ရှိသည့် တိုင်းရင်းသားလူမျိုးအားလုံး၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများမြင့်မားလာစေရန်အရေးကြီးပါကြောင်း။

**အပြန်အလှန်ဆက်စပ်နေ**

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေပါကြောင်း၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့် ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလိုကြောင်း၊ နယ်စပ်ဒေသများသည် နယ်မြေဧရိယာကျယ်ပြန့်သလောက် လူဦးရေသိပ်သည်းဆနည်းပါးပါကြောင်း၊ ပြည်မနှင့် ကူးလူးဆက်ဆံရန် ခက်ခဲသည့်အတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်မှုများကိုလည်း များစွာတိုးချဲ့ဆောင်ရွက်ပေးခဲ့ကြောင်း၊ လိုအပ်သည့်ဒေသများတွင် ဆက်လက်လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းစေရန်လည်း အထူးလိုအပ်ကြောင်း၊ နယ်စပ်ဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ နယ်မြေအခြေအနေကန့်သတ်ချက်၊ ရာသီဥတုအခြေအနေကန့်သတ်ချက်နှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများအပေါ် မူတည်၍ ခက်ခက်ခဲခဲဆောင်ရွက်နေရခြင်းများရှိနေသော်လည်း သတ်မှတ်ဘဏ္ဍာရေးနှစ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးရေး တာဝန်ရှိသူများအနေဖြင့် တွန်းအားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

**အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများတွင် အိန္ဒိယသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အပါအဝင် အကူအညီပေးအပ်ထားသည့် ရန်ပုံငွေများနှင့် နယ်စပ်ဒေသအခြေခံအဆောက်အအုံများတည်ဆောက်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

ထိုသို့**မိတ်ဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ ကူညီမှုဖြင့်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများသည် နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများအတွက်များစွာအထောက်အကူပြုစေနိုင်သည့်အတွက် ကျေးဇူးတင်ရှိ**ပါကြောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ဦးဆောင်မှုနှင့် နယ်စပ်ဒေသရှိလူမှုစီးပွားဘဝ အခြေခံအဆောက်အအုံများ အမြန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များ ထူးချွန်ထက်မြက်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရေး ရည်မှန်းချက်များအောင်မြင်စေရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားခဲ့သည်။

■ ■ ■

# နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်သည့် စိုက်ပျိုး စွမ်းအားမြှင့်တင်ရေး အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

( ၁၀ - ၅ - ၂၀၂၃ )



စိုက်ပျိုးရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည် တစ်ဟုန်ထိုးတိုးတက်သွားနိုင်သည်ဟုယုံကြည်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကထားဆွေးနွေးပေးနိုင်ရန်ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပပြုလုပ်သည့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဖြင့် တင်ပြဆွေးနွေးကြစေလို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် နိုင်ငံတော်၏စီးပွားရေးတွင်အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်းသည့်အစည်းအဝေးဖြစ်ကြောင်း၊ အစည်းအဝေးတွင် စိုက်ပျိုးရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဖြင့်တင်ပြ

ဆွေးနွေးကြစေလိုကြောင်း၊ ယခုအစည်းအဝေးသို့တက်ရောက်လာကြသူများသည် သက်ဆိုင်ရာကဏ္ဍများအလိုက်ကျွမ်းကျင်ကြသူများဖြစ်ကြကြောင်း၊ နိုင်ငံစီးပွားတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည်အဓိကကျသည့်အတွက် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါက ကျေးလက်နေပြည်သူများ၏ဘဝများ ထူးခြားစွာတိုးတက်ပြောင်းလဲလာမည်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြင့် အဓိကကုန်ထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဂျီဒီပီတွင်စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍သုံးရပ်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကဏ္ဍရှိကြောင်း၊ ထိုမှတစ်ဆင့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ရောင်းဝယ်မှုများကိုဆောင်ရွက်ကြခြင်းဖြစ်သဖြင့် အဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်နီးနွယ်နေသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့်အခြားလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်ကြကြောင်း၊ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ ၄၅ ရာခိုင်နှုန်းခန့်သည်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်နီးနွယ်နေသူများဖြစ်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ဘဝများ ထူးခြားစွာတိုးတက်ပြောင်းလဲလာမည်ဟု သုံးသပ်တွေ့ရှိရကြောင်း။

**သီးထပ်စွမ်းအားများ တိုးတက်အောင်ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများစွာတိုးတက်လာမည်**

စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကအားဖြင့် စပါးနှင့်ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံ၊ ပြောင်းနှင့် မီးဖိုချောင်သုံး သီးနှံများ၊ လက်ဖက်၊ ရော်ဘာ၊ ကော်ဖီ၊ ဆီအုန်းစသည့်စက်မှုကုန်ကြမ်းသီးနှံများကို အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးမြေများတွင် လယ်ယာမြေ၊ ဥယျာဉ်မြေများသာမက အခြားမြေများကို ထည့်သွင်းထားသည့်အတွက် စိုက်ပျိုးဧကများ များပြားလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍မိမိတို့နိုင်ငံတွင်မိုးစပါးစိုက်ဧက ၁၅ သန်းရှိကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မိုးစပါး ၁၄ ဒသမ ၉ သန်းရှိသည်ကို တွေ့ရှိရပြီးထိုအထဲတွင် လယ်စိုက်ပျိုးမှုအနေဖြင့် ၁၃ ဒသမ ၁၇၅ သန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ယာစိုက်ပျိုးမှုမှာ ခြောက်သိန်း၊တောင်ယာစိုက်ပျိုးမှုမှာ ၁ ဒသမ ၉ သိန်းပါရှိပြီး ထိုအထဲတွင် အခြားမြေများလည်းပါဝင်သည်ကို တွေ့ရှိရကြောင်း၊မိုးစပါးစိုက်ဧကများ၌ မိုးစပါးစိုက်ပျိုးသည့်အချိန်တွင်အခြားသီးနှံများကို ဆက်လက်စိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် အဆိုပါ မိုးစပါးစိုက်ပျိုးမြေများမှ ၁ ဒသမ ၈ သန်းခန့်တွင် နွေစပါးစိုက်ပျိုးသည်ကိုတွေ့ရှိရကြောင်း၊ စိုက်ပျိုးဧက ၁၃ ဒသမ ၁၇၅ သန်းတွင် သီးနှံအမျိုးမျိုးစိုက်ပျိုးမှုမှာ ၇ ဒသမ ၄၇၃ သန်းရှိသည့်အတွက်မိုးစပါးတစ်မျိုးသာ စိုက်ပျိုးမှုမှာ ၅ ဒသမ ၇၃ သန်းရှိသည်ကို တွေ့ရှိရကြောင်း။

ယခုအချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမှုမရှိဘဲ ကျန်ရှိနေသည့်မြေ ၅ သန်း ၇ သိန်းကျော်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ပြီးခဲ့သည့်နှစ်တွင်မိုးစပါးထွက်ရှိမှုအနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ၇၂ ဒသမ ၆၄ တင်း ခန့်ထွက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရန်ကျန်ရှိသည့် စိုက်ပျိုးမြေများတွင် လေးသန်းခန့်အားသီးထပ်စိုက်ပျိုးပြီး တစ်ဧကအထွက်နှုန်း ၇၂ ဒသမ ၆၄ တင်းဖြင့် တွက်ချက်မည်ဆိုပါက ၂၈၉ ဒသမ ၅၆ တင်းခန့်ထွက်ရှိမည်ဖြစ်ကြောင်း၊ တစ်တင်းလျှင် ၁၀၀၀၀ နှုန်းဖြင့်တွက်ချက်ကြည့်မည်ဆိုပါက စပါးတင်း သန်း ၂၉၀ အတွက်ဘီလီယံ ၂၉၀၀ ရရှိပြီး တိုင်းပြည်၏စီးပွားရေး တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုးတက်လာမည်ဆိုပါက ဝယ်လိုအားနှင့် ရောင်းလိုအားများလည်းတက်လာမည်ဖြစ်သဖြင့် နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ထို့ကြောင့် စိုက်ပျိုးရန်ကျန်ရှိသည့်မြေများတွင် စိုက်ပျိုးမှုများဆောင်ရွက်နိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အလားတူ အဆိုပါစိုက်ပျိုးခြင်းမရှိသည့် စိုက်ပျိုးမြေဧက လေးသန်းပေါ်တွင် အခြားသီးနှံများနှင့် ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်မည်ဆိုပါကလည်း စပါးကဲ့သို့များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ

အနေဖြင့် နှစ်စဉ် ပြည်ပမှစားသုံးဆီများ တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုများရှိကြောင်း၊ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကိုဖြစ်ပေါ်စေပြီး ထိုမှတစ်ဆင့် စားသုံးဆီများပိုလျှံလာနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတိုး တက်ခြင်းဖြင့် နိုင်ငံဂျီဒီပီတိုးတက်နှုန်းကိုလည်း အထောက် အကူပြုစေမည်ဖြစ်ကြောင်း။

**ဝတ်ရေးဖူလုံမှုရှိစေရေး ဝါစိုက်ပျိုးမှုတိုးတက်အောင်ဆောင်ရွက်**

မိမိတို့နိုင်ငံ၌ ၂၀၂၂ ခုနှစ်တွင် ဝါစိုက်ပျိုးမှုမှာ ဧက ၄ ဒသမ ၅ သိန်းဧကခန့်ရှိကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဝါစိုက်ပျိုးမှု ၈ သိန်းကျော်ရှိခဲ့ကြောင်း၊ ဝါစိုက်ပျိုးမှုများမြှင့်တင်ရန်အတွက် ယခုအခါနိုင်ငံတော်မှ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးမှုများကို ယခင်စိုက်ပျိုးဧကအတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက်လိုအပ်သည့် ချည်မျှင်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း။

အလားတူ အဆင့်မီသည့်ဝါများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများဝတ်ရေးဖူလုံရေးအတွက် ဝါစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ချည်မျှင်ထုတ်လုပ်သည့် စက်ရုံများနှင့် အထည်ရက်လုပ်သည့်စက်ရုံများ တည်ဆောက်၍ ချည်ချောများထုတ်လုပ်နိုင်ရေးဆောင်

> **၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်နီးနွှယ်နေသူများဖြစ်ကြသည်ကို တွေ့ရှိရ၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ဘဝများ ထူးခြားစွာ တိုးတက်ပြောင်းလဲလာမည်။**

ရွက်ရန်လိုကြောင်း၊ သို့မှသာ ပြည်ပမှချည်ထည်များတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

**ပြည်တွင်းဆီဖူလုံမှုရှိစေရေး ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်**

ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် မြေပဲစိုက်ပျိုးဧကသုံးသန်း၊ နေကြာစိုက်ပျိုး ဧကတစ်သန်း၊ နှမ်းစိုက်ပျိုးဧက ၃ ဒသမ ၅ သန်း စိုက်ပျိုးကြကြောင်း၊ ထိုအထဲတွင် မြေပဲတစ်ခုသာ ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီအောင်ထွက်ရှိကြောင်း၊ လက်ရှိစိုက်ဧကမှ မြေပဲ၊ နှမ်း၊ နေကြာနှင့် ပန်းနှမ်းများကို စနစ်တကျစိုက်ပျိုးပြီး ပန်းတိုင်ရည်မှန်းချက်ကိုပြည့်မီအောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဆီတန်ချိန်ပေါင်း ၁ ဒသမ ၃၆၉ သန်းထွက်ရှိမည်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက စားအုန်းဆီမပါဘဲ ဆီဖူလုံမှု ၂၀၀ ရာခိုင်နှုန်း ကျော်လွန်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများ စိုက်ပျိုးရေးနှင့် တစ်ဧကချင်း အထွက်နှုန်းများတိုးတက်စေရေး အလေးထားဆောင်ရွက်ပေးစေလိုကြောင်း၊ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် ဆီများ စားသုံးနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးခြင်းနှင့် ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်ပြည့်မီစွာဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့အတွက် ပထမခြေလှမ်းတစ်ခုဖြစ်မည်ဖြစ်ကြောင်း။

ပဲစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲအမျိုးမျိုးအပါအဝင် ကော်ဖီနှင့် ပြောင်းတို့သည်လည်း ကမ္ဘာပေါ်တွင်လိုအပ်ချက်ရှိသည့် သီးနှံများဖြစ်ပြီး ဈေးကွက်လိုအပ်ချက်များရှိပြီးဖြစ်ကြောင်း၊ မြန်မာကော်ဖီသည်လည်း ပြည်ပဈေးကွက်ဝင်ပစ္စည်းဖြစ်သဖြင့် အောင်မြင်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ အလားတူ ပြောင်းသည်လည်း ပြည်ပဈေးကွက်ရှိပြီးဖြစ်သဖြင့် အဆိုပါသီးနှံများ စိုက်ပျိုးမှုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သီးနှံများအောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေးနည်းလမ်းရှာဖွေဆောင်ရွက်ကြစေလိုကြောင်း။

**စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးရန်လို**

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးရှိကြောင်း၊ ထိုအထဲတွင်စိုက်ပျိုးရေလုံလောက်စွာရရှိရေးသည် အဓိကကျကြောင်း၊ ရေကိုအကျိုးရှိထိရောက်စွာအသုံးချပြီး စိုက်ပျိုးမည်ဆိုပါက

အပင်များရှင်သန်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ မြေဆီမြေလွှာကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဧရာဝတီမြစ်၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်း စသည့် မြစ်ကြီးလေးသွယ်အပြင် အခြားမြစ်ချောင်းများလည်း များစွာရှိကြောင်း၊ မြစ်ရေများကို အဟောသိကံမဖြစ်စေဘဲ အကျိုးရှိစွာအသုံးချနိုင်ရေး နည်းလမ်းရှာဖွေဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးအတွက် ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်တွင် နိုင်ငံအတွက်အကျိုးဖြစ်ထွန်းစေမည့် အလားအလာများကို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် တင်ပြစေလိုကြောင်း၊ စပါးစိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ရန်လိုကြောင်း။

အချို့နေရာများတွင်စိုက်ပျိုးရေးအတွက်ရေလုံလောက်စွာရရှိခြင်းမရှိသည့်အတွက် စိုက်ပျိုးမှုကိုဆောင်ရွက်နိုင်ခြင်းမရှိသည်ကိုတွေ့ရှိရကြောင်း၊ စိုက်ပျိုးရေကို လုံလောက်စွာရရှိအောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်အနီးရှိ စိုက်ပျိုးမြေများကိုလည်း မြစ်ရေတင်စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ရာတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများဖြင့်လည်း ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ အချို့မြစ်ကြောင်းများတွင် Low Head Dam များတည်ဆောက်၍ဆောင်ရွက်နိုင်သည်ကိုတွေ့ရှိရကြောင်း၊ ယခင်သုတေသနပြုလုပ်ထားသည့်နေရာများမှ ရေလိုအပ်ချက်ရှိသည့် အချို့နေရာများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒွန်တွဲရေကာတာစနစ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်မှ သွားလာသည့်စနစ်အတွက် အသုံးပြုခြင်းနှင့် တစ်ဖက်မှလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် အဆိုပါလုပ်ငန်းများဆောင်ရွက်သင့်သည့်နေရာများရှိကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် စိုက်ပျိုးရေးလုပ်ငန်းများကို ရာသီမရွေးအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ရေကို အဟောသိကံအသုံးပြုခြင်းမရှိစေရေး စာသင်ကျောင်းများမှအစ အသိပညာပေးသင်ကြားပေးရန်လိုကြောင်း၊ ရေကိုစိုက်ပျိုးရေးအတွက်အသုံးပြုရာတွင် ရေပန်းစနစ်၊ အစက်ချစနစ်များဖြင့်အသုံးပြုနိုင်ရေး အသိပညာပေးရန်လိုကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် ရေကိုစနစ်တကျအသုံးချစေရေး အသိပညာပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေးသည် တစ်ဟုန်ထိုးတိုးတက်သွားနိုင်သည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကထားဆွေးနွေးပေးနိုင်ရန်ပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် လိုအပ်သည့်စိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့်စီမံချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် လျာထားစီမံချက်များနှင့် စိုက်ပျိုးရေးစွမ်းအားမြှင့်တင်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးလှမိုး၊ ဦးသောင်းဟန်နှင့် ဦးမျိုးမြင့်ဦးတို့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေ၊ နည်းပညာနှင့် ဈေးကွက်ရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရန်အတွက် ပံ့ပိုးဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေးကဏ္ဍတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူး

ပေးနေမှုအခြေအနေ၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် ဓာတ်မြေဩဇာများထုတ်လုပ်ဖြန့်ဖြူးမှုနှင့် ဆက်လက်ထုတ်လုပ်ရန်လျာထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးဆောင်ရွက်ထားရှိမှု၊ ဒေသတွင်း ဝမ်းစာဖူလုံရေးဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှတာဝန်ရှိသူများက ဆီအုန်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေးအတွက် သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဆည်တမံများအတွင်း ရေဝင်ရောက်မှု နည်းပါးလာခြင်းကြောင့် ရေသုံးစွဲမှုများကို ယာယီရေထိန်းဆည်များ၊ တမံများဆောက်လုပ်၍ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်သူများနှင့် တောင်သူများပါဝင်ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ရေအလေအလွင့်နည်းပါးစေရေး ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး သီးနှံများဖွံ့ဖြိုးတိုးတက်စေရေး သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ လယ်ယာကဏ္ဍဆိုင်ရာသတင်းအချက်အလက်များပြုစုလျက်ရှိမှု၊ စက်မှုလယ်ယာကဏ္ဍဖော်ဆောင်လျက်ရှိမှုနှင့် မြေယာပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များရရှိရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် တောင်သူများပါဝင်လာရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

> ဒေသအလိုက်ထွက်ရှိသည့် ရာသီသီးနှံများသည်လည်း စိုက်ပျိုးရေးတောင်သူများအတွက် ဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြစေလို၊ စိုက်ပျိုးရေမျာလုံလောက်စွာရရှိရေး နိုင်ငံတော်အနေဖြင့် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသအလိုက်အစီအစဉ်များဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လို။

**တင်ပြချက်များအပေါ် ဖြည့်စွက်မှာကြား**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စက်မှုလယ်ယာစနစ်ဖြင့်လည်း ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဧကကွက်များကို ဖော်ထုတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဧကကွက်များဖြင့်စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်များပိုမိုဝင်ဆံ့နိုင်သကဲ့သို့ သီးနှံအထွက်နှုန်းများလည်းတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ ခေတ်မီစက်ကိရိယာများဖြင့် စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းများကိုလည်းဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် လေလွင့်ဆုံးရှုံးမှုများနည်းပါးသွားမည်ဖြစ်ပြီး စက်မှုလယ်ယာစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းများဖောက်လုပ်ခြင်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များကို လွယ်ကူလျင်မြန်စွာဖြင့် ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ လယ်မြေများဆုံးရှုံးမှုမရှိစေရေး လယ်ယာမြေများကိုအခြားနည်းများဖြင့် အသုံးချခြင်းမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် အဓိကကျသောမြေအောက်ရေထုတ်ယူသုံးစွဲရေးအတွက် မူဝါဒတိတိကျကျသတ်မှတ်ရန်လိုကြောင်း၊ သီးနှံများအထွက်နှုန်းကောင်းမွန်စေရန် သဘာဝမြေဩဇာ သို့မဟုတ် ဓာတ်မြေဩဇာအသုံးပြုရန်လိုအပ်ကြောင်း၊ ဒေသအလိုက်ရရှိနိုင်သည့်သဘာဝမြေဩဇာကို ပြည့်စုံကောင်းမွန်အောင် ပြုပြင်ပြောင်းလဲထုတ်လုပ်သုံးစွဲသွားနိုင်ရန်လိုအပ်ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များထဲတွင် စံပြဖြစ်

ရန်လိုအပ်ပါကြောင်း၊ သီးထပ်စွမ်းအားတိုးတက်စေရေး တစ်နှစ်လျှင် နှစ်သီးမှသုံးသီးအထိစိုက်ပျိုးရန်၊ တစ်ဧကအထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ရန်နှင့် စိုက်ဧကများ လျော့နည်းသွားမှုမရှိအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဒေသအလိုက် ဝမ်းစာဖူလုံမှုရှိစေရန် ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့်သီးနှံများကို ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတ်မှတ်ထားသည့်စိုက်ပျိုးမြေများတွင် အပြည့်အဝစိုက်ပျိုးမှုရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဒူးရင်းသီးစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း တိုးတက်အောင်ဆောင်ရွက်ရန်လိုသကဲ့သို့ ကိုကိုးများနှင့် အုန်းစိုက်ပျိုးမှုများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်စေလိုကြောင်း၊ ဒေသအလိုက်ထွက်ရှိသည့် ရာသီသီးနှံများသည်လည်းစိုက်ပျိုးရေး တောင်သူများအတွက် ဝင်ငွေများပိုမိုရရှိစေမည်ဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေများလုံလောက်စွာရရှိရေး နိုင်ငံတော်အနေဖြင့် မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ဒေသအလိုက်အစီအစဉ်များဖြင့်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ ရော်ဘာများစိုက်ပျိုးရာတွင်လည်း အထွက်နှုန်း ကောင်းမွန်စေရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရော်ဘာအထွက်နှုန်းများတိုးတက်စေရေးအတွက် စိုက်ပျိုးရာတွင် နည်းစနစ်တကျဖြင့်စိုက်ပျိုးနိုင်ရေးအသိပညာပေး ဆောင်ရွက်ရန်လိုကြောင်း၊ ဆီအုန်းများ စိုက်ပျိုးရာတွင်လည်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း။

စိုက်ပျိုးရေနှင့်ပတ်သက်၍ အနိမ့်ဆုံးလိုအပ်ချက်ဖြစ်ရန်လိုကြောင်း၊ ရေပေးဝေမှုနှင့်ပတ်သက်၍ အလေအလွင့်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ရေသွယ်စနစ်နှင့် ရေဖြန့်စနစ်များကို စနစ်တကျဖြင့်ဆောင်ရွက်၍ ရေကိုအကျိုးရှိရှိအသုံးချကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှဆောင်ရွက်သကဲ့သို့အချို့သောလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့်လည်း ဆောင်ရွက်သင့်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့်သီးနှံ၊ နိုင်ငံအတွက် အဓိကအကျိုးဖြစ်ထွန်းစေမည့် သီးနှံများကို ဦးစားပေးအနေဖြင့် သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ထိန်းသိမ်းရမည့် ပေါ်ဆန်းမွှေးကဲ့သို့သော မိမိတို့နိုင်ငံ၏မျိုးရင်းများကို ထိန်းသိမ်းရန်လိုသကဲ့သို့ အထွက်နှုန်းတိုးတက်စေရန်နှင့် အရည်အသွေးများပိုမိုတိုးတက်လာအောင် သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ပန်းမန်နှင့်ပတ်သက်၍လည်း မေမြို့ပန်း၊ ဒေလီယာပန်းနှင့် အခြားမိမိတို့နိုင်ငံမှထွက်ရှိသည့် ပန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် သုတေသနပြုထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ လယ်ယာမြေစိုက်ဧကများနှင့် စိုက်ပျိုးသည့် သီးနှံစာရင်းများမှန်ကန်မှုရှိစေရေးဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် လူသန်း ၁၀၀ အတွက် စိုက်ပျိုးမြေလုံလောက်စွာရှိရန် မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်သဖြင့် လယ်ယာမြေများကို အခြားနည်းများဖြင့် သုံးစွဲမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ်ကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လိုအပ်သည့် စက်ယန္တရားများကို ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်ပြီး အသုံးပြုနိုင်ရန်လိုကြောင်း၊ စက်သုံးဆီဖြင့်အသုံးပြုသည့် စက်ယန္တရားများရှိသကဲ့သို့ လျှပ်စစ်စွမ်းအားဖြင့်အသုံးပြုနိုင်သည့် စက်ယန္တရားများကိုလည်း အသုံးပြုနိုင်ရေး ရေရှည်မျှော်တွေးဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များလိုအပ်လျက်ရှိသဖြင့် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထူးချွန်သူများကို သက်ဆိုင်ရာဘာသာရပ်များအလိုက် အဆင့်မြင့်ပညာများကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆရာ ဆရာမများ မွေးထုတ်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထူးချွန်သူများကိုလည်း ချီးမြှင့်ပေးရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများအနေဖြင့် ပြည့်စုံစွာရှင်းလင်းဆွေးနွေးသွားသည့်အတွက်

ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ကုန်ထုတ်လုပ်မှုလုပ်ငန်းများလိုအပ်ကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးထုတ်လုပ်မှုကို မြှင့်တင်ပေးရန်နှင့် သီးထပ်စွမ်းအားများကိုမြှင့်တင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် ဆီထွက်သီးနှံများကိုသာမက မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များစိုက်ပျိုးခြင်းသည်လည်းနိုင်ငံအတွက် ဝင်ငွေကိုပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် နယ်ပယ်ပေါင်းစုံမှ စဉ်းစား၍ဆောင်ရွက်ကြစေလိုကြောင်း။

သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံ့အကျိုးစီးပွားအတွက် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့ပြည်သူများအနေဖြင့် အသိပညာအားနည်းသည်ကိုတွေ့ရှိရကြောင်း၊ ပညာပေးလုပ်ငန်းများကိုဆောင်ရွက်နေသူများအနေဖြင့်လည်း ပညာရှင်ဆန်ဆန်ရေးသားခြင်း၊ ထုတ်လွှင့်ခြင်းများထက် လူအများနားလည်နိုင်သည့်အသုံးအနှုန်းများဖြင့် ပညာပေးဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း လေးမျိုးစလုံး ပြည့်စုံအောင်ဆောင်ရွက်မှသာ သီးနှံအထွက်နှုန်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းသည် စိုက်ပျိုးရေးအတွက် အဓိကကျကြောင်း၊ ချောင်း၊ မြောင်းများအတွင်းစီးဆင်းနေသည့်ရေများကို ယာယီရေပိတ်တမံများပြုလုပ်၍ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးချနိုင်ရန်လိုကြောင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေးအတွက်ပင်ခြား၊ တန်းခြားများမှန်ကန်ရန်လိုကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် စိုက်နည်းစနစ်များမှန်ကန်မှသာ အထွက်နှုန်းကောင်းမွန်မည်ဖြစ်ကြောင်း၊ သို့မှသာ အကျိုးအမြတ်များကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအချက်လေးချက်ကို လိုက်နာပြီးဆောင်ရွက်မှ မိမိတို့မျှော်မှန်းထားသည့်နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပသို့ပို့ကုန်များပိုမိုတင်ပို့နိုင်မည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်လာမည်ဖြစ်ကာ နိုင်ငံ့စီးပွားများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းပြောကြားသည်။

■ ■ ■

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၂ - ၅ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၁၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းရှင်များအား ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာကျော်ထွန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကိုကို၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဦးအောင်နိုင်ဦး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များဖြစ်ကြသည့် ဂျဒယ်အာခါကော်ဖီလုပ်ငန်းရှင်နှင့် (ရှမ်းအရှေ့) ကော်ဖီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရာထွန်း၊ ကျိုင်းတုံဟိုတယ်လုပ်ငန်းရှင်များအသင်း နာယက ဦးစိုးရွှေ၊ တော်ဝင်မိုင်းယောင်းဆန်စက်၊ သမဝါယမအသင်း ဥက္ကဋ္ဌ

ဦးစိုးသီဟ၊ မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရောက်တီနှင့်တက်ရောက်လာကြသူများက ကျိုင်းတုံဒေသတွင် ကော်ဖီကုန်ကြမ်းများ များပြားစွာရရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ကူညီပံ့ပိုးမှုနှင့်အတူ ကော်ဖီစိုက်ကေမျာ း တိုးချဲ့ဆောင်ရွက်လျက်ရှိမှု၊ မျိုးကောင်းမျိုးသန့် စံနှုန်းမီကော်ဖီပျိုးပင်များရရှိရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကော်ဖီသည် ဈေးကွက်လိုအပ်ချက်များစွာရှိနေပြီး ဒေသထွက်ကော်ဖီအရည်အသွေးများကို ဆက်လက်ထိန်းသိမ်းသွားရန်လိုအပ်မှုနှင့် ဈေးကွက်ကိုတည်ငြိမ်အောင် ထိန်းသိမ်းဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ တာချီလိတ်ဒေသများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ မိုင်းယောင်းဒေသတွင် ဆန်စက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက်ဒေသအတွင်းသမဝါယမအသင်းအဖွဲ့ဖွဲ့၍ဆောင်ရွက်လျက်ရှိမှု၊ ဒေသထွက်လက်ဖက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်နေရာများအား လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးစေလိုမှု၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် လမ်းပန်းဆက်သွယ်ရေးအလှမ်းကွာဝေးပြီး သွားလာမှုစရိတ်များမြင့်မားသည့်အတွက် ဒေသတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုအဆင်ပြေစေရေး နိုင်ငံတော်မှကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသအတွင်း ဆက်သွယ်မှုခက်ခဲသည့်ဒေသများ၌ ဆက်သွယ်ရေးအဆင်ပြေစေရေးတယ်လီဖုန်းလိုင်းများဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားလိုအပ်သည်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိမှု၊ ရှမ်းပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိမှုနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် လိုအပ်သည့် စက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ အရင်းအနှီးများနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း သစ်တောဖုံးလွှမ်းမှုပမာဏ ယခုထက်ပိုမိုမြင့်တက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများအားလုံးက အလေးထားဆောင်ရွက်ကြရန်လိုအပ်မှု၊ ဒေသမှထွက်ရှိသည့်ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) ပြပွဲ၊ ပြိုင်ပွဲများတွင် ဝင်ရောက်ပြသခြင်းနှင့် MSME လုပ်ငန်းကော်မတီနှင့် အမြဲမပြတ်ဆက်သွယ်ဆောင်ရွက်မှုရယူရန် လိုအပ်မှု၊ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများသည် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေနိုင်သောကြောင့် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေး

**အာရှနိုင်ငံများအတွင်းရှိသည့်**
**မိမိတို့နိုင်ငံနှင့် Level တူနိုင်ငံများတွင်**
**မိမိတို့နိုင်ငံ၏ဂျီဒီပီသည် နိမ့်ကျလျက်ရှိ၊**
**ထိုသို့ဖြစ်ပေါ်ရခြင်းမှာ နိုင်ငံမတည်ငြိမ်ခြင်းနှင့်**
**ကုန်ထုတ်လုပ်မှုများ နည်းပါးခြင်းကြောင့်**
**ဖြစ်သည်ကို တွေ့ရှိရ။**

လျက်ရှိသကဲ့သို့ အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးထားမှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရချိန်တွင် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များကိုချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအားပေးပြီး တန်ဖိုးမြင့်ထုတ်ကုန်များကိုထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်နိုင်မည်**

ယခုအခါ မိမိတို့နိုင်ငံကို အကြောင်းအမျိုးမျိုးဖြင့် ပိတ်ဆို့နေကြောင်း၊ ပုဂ္ဂလိကစီးပွားရေးကို မြှင့်တင်နိုင်မှသာလျှင် ပြည်တွင်းစီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သယံဇာတပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ကုန်ကြမ်းရောင်းချခြင်းထက် ကုန်ချောပြုလုပ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ တန်ဖိုးမြင့်ထုတ်ကုန်နှင့် ကုန်ချောများကိုထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေးတိုးတက်ရန်အတွက် မိမိတို့တာဝန်ပင်ဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ရန်အတွက် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ကုန်ထုတ်လုပ်မှုတွင် အဓိကကျကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်မည်ဆိုပါက နိုင်ငံစီးပွားရေး မြင့်တက်လာမည်ဖြစ်ကြောင်း။

အာရှနိုင်ငံများအတွင်းရှိသည့် မိမိတို့နိုင်ငံနှင့် Level တူနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ဂျီဒီပီသည် နိမ့်ကျလျက်ရှိကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာ နိုင်ငံမတည်ငြိမ်ခြင်းနှင့် ကုန်ထုတ်လုပ်မှုများ နည်းပါးခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်ရှိပြီး အဆိုပါမိုးစပါးစိုက်ဧကများမှ ၁၃ ဒသမ ၉ သန်းသည် လယ်စိုက်သည့်ဧကများဖြစ်ကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးရန် ဧက ၅ သန်းခန့်ရှိနေသည်ကိုတွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံစီးပွားရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေလိုအပ်ချက်ရှိခြင်းကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိသည့်နေရာများတွင် စိုက်ပျိုးရေရရှိရေး နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည်အရေးကြီးပြီး ကုန်ကြမ်းများရှိမှသာ ကုန်ထုတ်လုပ်မှုကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ သွင်းအားစုများဖြစ်သည့် လျှပ်စစ်၊ စက်မောင်းဆီ၊ ပိုးသတ်ဆေးနှင့် အခြားပစ္စည်းများ လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံရန်ငွေကြေးများလိုအပ်သကဲ့သို့ လူသားအရင်းအမြစ်များသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ နှစ်ရှည်သီးနှံများဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ လက်ဖက်စသည့်စက်မှုသီးနှံများကို စိုက်ပျိုးနိုင်ကြောင်း။

**ကော်ဖီနှင့် လက်ဖက်အပါအဝင် ဒေသတွင်းဖြစ်ထွန်းသည့်သီးနှံများကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို**

ယခုအခါ ကော်ဖီဈေးကွက်မှာ ပြည်ပလိုအပ်ချက်များများစွာရှိသဖြင့် ကော်ဖီစိုက်ပျိုးသည့်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကော်ဖီလုပ်ငန်းများကိုဆောင်ရွက်မည်ဆိုပါက အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကော်ဖီဈေးကွက်ကို ရေရှည်တည်တံ့အောင်ထိန်းသိမ်း

**ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့် ဆောင်ရွက်ခြင်းထက် ခေတ်နှင့်လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လို၊ ကုန်ထုတ်စွမ်းအားများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရန်လို၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းများ တိုးတက်စေရေး၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးဆောင်ရွက်ရန်နှင့် သီးထပ် စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လို၊ စနစ်တကျစိုက်ပျိုးမည် ဆိုပါက ပန်းတိုင်ရည်မှန်းချက်များကို ပြည့်မီနိုင်မည်ဖြစ်ပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်။**

နိုင်ရေးအတွက်မှာ မိမိတို့ထုတ်လုပ်သည့် ကော်ဖီ၏အရည်အသွေးနှင့် တိုက်ရိုက်အချိုးကျသည်ဖြစ်သဖြင့် လုပ်ငန်းစဉ်များအလိုက် ပြည့်ဝစွာဆောင်ရွက်ပြီး အရည်အသွေးကောင်းမွန်သည့် ကော်ဖီကို ထုတ်လုပ်ရန်လိုကြောင်း၊ ကော်ဖီနှင့်ပတ်သက်သည့် ပြည်တွင်း၊ ပြည်ပ လေ့လာရေးခရီးစဉ်များအတွက်လည်း ကော်ဖီလုပ်ငန်းရှင်များအသင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ လက်ဖက်စိုက်ပျိုးမှုများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒေသတွင်ဖြစ်ထွန်းနိုင်သည့် သီးနှံများကို ဖြစ်ထွန်းအောင်ဆောင်ရွက်၍ အခြားဒေသသို့ တင်ပို့ရောင်းချနိုင်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့နိုင်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ကျိုင်းတုံဒေသတွင် စားသောက်ကုန်များမှာ ကုန်ဈေးနှုန်းမြင့်မားသည်ကို တွေ့ရှိရကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်ခြင်းနှင့် ဝယ်လိုအားနှင့် ရောင်းလိုအား မမျှတခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ယခင်ကဆောင်ရွက်ခဲ့သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများသည် အကြောင်းအမျိုးမျိုးဖြင့် ဖျက်သိမ်းခံရခြင်းနှင့် နှောင့်နှေးခြင်းများ ဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိမှုကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့်နေရာများစွာရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ ပိုမိုများပြားလာခဲ့ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်များကြောင့် ကုန်ကျစရိတ်များကြီးမြင့်ခြင်းဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာဖြင့်ဆောင်ရွက်ခြင်းထက် ခေတ်နှင့်လျော်ညီသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်စွမ်းအားများ မြှင့်တင်ဆောင်ရွက်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းများတိုးတက်စေရေး၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေးဆောင်ရွက်ရန်နှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စနစ်တကျစိုက်ပျိုးမည်ဆိုပါက ပန်းတိုင်ရည်မှန်းချက်များကိုပြည့်မီနိုင်မည်ဖြစ်ပြီး နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေကြာ၊ ပန်းနှမ်း မြေပဲကဲ့သို့သော ဆီထွက်သီးနှံများကို စိုက်ပျိုးနိုင်ကြောင်း၊ ဒေသတွင်း ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ဒေသ၏ဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါက ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားရေးအတွက် လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာရရှိနိုင်မည်ဖြစ်ပြီး အသားဈေးကြီးမြင့်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ဒေသအတွင်းမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လိုသူများအနေဖြင့် နိုင်ငံတော်မှရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်

ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို ကုန်ချောက်အဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်သကဲ့သို့ ယိုလုပ်ငန်းများကိုလည်းဆောင်ရွက်နိုင်ကြောင်း၊ ရော်ဘာထုတ်လုပ်မှုများကိုလည်းမြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် ကောက်ညှင်းကိုလည်း တန်ဖိုးမြှင့်ပစ္စည်းများအဖြစ်ထုတ်လုပ်နိုင်မည်ဆိုပါက ထုတ်ကုန်များပိုမိုရရှိမည်ဖြစ်ကြောင်း။

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့်လည်း တည်းခိုရန်နေရာများ၊ စားသောက်ဖွယ်ရာများ၊ ဒေသထွက်အစားအသောက်များကို အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်လိုကြောင်း၊ ကျိုင်းတုံလေဆိပ်နှင့် တာချီလိတ်လေဆိပ်တို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အိမ်နီးနားချင်းနိုင်ငံများမှ လေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီးသွားများဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဒေသသို့ ခရီးသွားများလာရောက်သည့်အချိန်တွင် အသင့်ဖြစ်စေရေးအတွက် ဒေသသာယာလှပရေးနှင့် တည်းခိုမည့်နေရာများကောင်းမွန်စေရေးဒေသခံများအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားကြစေလိုကြောင်း။

**လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး**

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် လူသားအရင်းအမြစ်များရရှိရေးအတွက် ခရိုင် ၅၀ တွင် စိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်ရန်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့မှတစ်ဆင့် အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ယူသွားနိုင်ရေး သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း ဒီမိုကရေစီ၏ အခြေခံဖြစ်သည့် ဥပဒေအား လေးစားလိုက်နာခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအသိအမြင်ရှိခြင်းတို့၌ အားနည်းချက်များရှိကြောင်း၊ ထို့ကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် စီးပွားရေးပညာရပ်များကို သိရှိစေရေးနှင့်ဥပဒေဆိုင်ရာများကိုနားလည်စေရေးအတွက် တက္ကသိုလ်များ၌ စီးပွားရေးဘာသာရပ်များနှင့် ဥပဒေဘာသာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထို့မှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၂ - ၅ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၁၂ ရက်မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များတက်ရောက်ကြသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့မှု**

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကိုထမ်းဆောင်ခဲ့ရပြီး ယင်းကာလသည် ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားမှုများ ပြင်းထန်ချိန်၊ စီးပွားရေးကျဆင်းနေချိန်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံရေးအရမတည်ငြိမ်မှုများဖြစ်ပေါ်နေချိန်လည်းဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေချိန်ဖြစ်သဖြင့် စီးပွားရေးကောင်းမွန်သည်ဟု ထင်ရသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်ပကြွေးမြီများ များပြားလျက်ရှိကြောင်း၊ စီမံခန့်ခွဲမှုအားနည်းခဲ့မှုများကြောင့် နိုင်ငံ၏စီးပွားရေးမှာ အနုတ်လက္ခဏာအထိရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူရသည့်အချိန်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး တာဝန်ကျေပွန်သည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများ၏ကူညီပေးမှုများကြောင့် အချိန်အတိုင်းအတာတစ်ခုအတွင်း ထိန်းချုပ်နိုင်ခဲ့ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုး၊ မွေးမြူရေးကို အဓိကထားလုပ်ကိုင်သည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံအတွင်း စားရေးနှင့်ပတ်သက်၍ ခက်ခဲမှုမရှိခဲ့ကြောင်း၊ ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိခဲ့ဘဲ သွင်းကုန်များကို

အဆမတန်တင်သွင်းခဲ့ခြင်းများကြောင့် ဝင်ငွေနှင့် ထွက်ငွေများညီမျှမှုမရှိဘဲ ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပကြွေးမြီများကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံစီးပွားရေးမှာ အနုတ်လက္ခဏာမှ အပေါင်းလက္ခဏာသို့ တိုးတက်လာပြီဖြစ်သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ဝင်ငွေတွင် ကုန်သွယ်မှုဝင်ငွေနှင့် ကုန်သွယ်မှုမဟုတ်သည့်ဝင်ငွေဟူ၍ရှိပြီး အခွန်အခများလည်း ပြည့်ဝစွာရရှိရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ယခင်ကာလ အားနည်းချက်များကြောင့် မရရှိခဲ့သည့်ဝင်ငွေများ ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နောင်လာမည့်ကာလအတွင်း အခြားဝင်ငွေများလည်း ရရှိနိုင်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

**တည်ငြိမ်အေးချမ်းရေး**

တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး တည်ငြိမ်အေးချမ်းမှုရှိအောင် ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့များရှိသကဲ့သို့ လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အဖွဲ့များလည်းရှိကြောင်း၊ အဆိုပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ရောက်ရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူနိုင်ငံရေးသဘောထားကွဲလွဲမှုကြောင့် ပေါ်ပေါက်လာသည့် PDF အမည်ခံ အကြမ်းဖက်သမားများကိုလည်း ကင်းစင်ပပျောက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါအကြမ်းဖက်အဖွဲ့များကို အားပေးအားမြှောက်ပြုလုပ်နေသည့်အဖွဲ့များလည်းရှိပြီး ၎င်းတို့အနေဖြင့် လူမှုကွန်ရက်များမှတစ်ဆင့် အမုန်းတရားများဖြစ်ပေါ်စေရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီအစိုးရလက်ထက်တွင် တပ်မတော်အနေဖြင့် အစိုးရလုပ်ငန်းများကို နိုင်ငံအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်ကို ယခင်ကထက်ပိုမိုတိုးတက်ကောင်းမွန်အောင်တည်ဆောက်နိုင်ခဲ့ကြောင်း။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ရမှု**

ယခင်အစိုးရသက်တမ်းကာလတွင် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားပြီး အမုန်းတရားများ ဖြစ်ပေါ်လာအောင် မီဒီယာများကိုအသုံးချ၍ ဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေအနိုင်ရရှိရေးအတွက် မသမာသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်မှမဲစာရင်းများ မှန်ကန်မှုရှိစေရေး စိစစ်ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းပေးနိုင်ရေးတာဝန်ရှိသူများထံ အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်ကြိုးပမ်းခဲ့ခြင်းကြောင့်တပ်မတော်အနေဖြင့်နိုင်ငံတော်တာဝန်ကိုဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား အာဏာလွှဲပြောင်းပေးသွားမည်ဟုပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အကြမ်းဖက်မှုနှိမ်နင်းရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း။

**စည်းစနစ်တကျရှိသည့် နေထိုင်လုပ်ကိုင်မှုရှိရေး၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်ရေး**

တပ်မတော်သားများအားလုံးအနေဖြင့် အမြဲတိုက်ပွဲဝင်ရန်အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ **တစ်ဦးချင်း ကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ရန်လိုသကဲ့သို့ သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်နေခြင်းသည် မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်**ကြောင်း၊ **မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စည်းကမ်းအတိုင်း လိုက်ပါလုပ်ဆောင်နိုင်ခြင်းသည် မိမိတို့အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေခြင်းပင်ဖြစ်**ကြောင်း၊ တပ်များကို ဦးဆောင်နေသည့် တပ်မှူးကြီးများနှင့်တပ်မှူးများအနေဖြင့်မိမိတို့လက်အောက်တပ်များကို အမြဲမပြတ်ကြည့်ရှုစစ်ဆေး၍ ဆင့်ကဲဆင့်ကဲ

**ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်နေခြင်းမှာ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကိုယ့်အားကိုယ်ကိုး၍ မိမိအစွမ်းအစဖြင့် ဘဝတစ်လျှောက်လုံး ရပ်တည်နိုင်ရေး အတွက်ဖြစ်၊ မိမိတို့၏သားသမီးများ ၎င်းတို့ကိုယ်တိုင်ရပ်တည်နိုင်ရေး ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိဘများအနေဖြင့် တာဝန်ရှိ။**

ကွပ်ကဲမှုများဖြင့် လိုအပ်သည်များကို ကြပ်မတ်ခြင်း၊ ဖြည့်ဆည်းပေးခြင်းများကို ဆောင်ရွက်နေမည်ဆိုပါက တပ်များအနေဖြင့် အမြဲအသင့်ဖြစ်နေမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ စည်းစနစ်တကျနေထိုင်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်မတော်ကိုချစ်သည့် တပ်မတော်သားများကို နိုင်ငံချစ်စိတ်ဖြစ်ပေါ်စေရန်အတွက် မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက နိုင်ငံအတွက် အားသစ်များဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ တပ်မတော် သားများသာမက တပ်မတော်သားမိသားစုများအနေဖြင့်လည်း တပ်မတော်အပေါ်တွင် ချစ်သည့်စိတ်၊ တပ်မတော်ကို အားကိုးသည့်စိတ်များ ဖြစ်ပေါ်လာအောင် တပ်မှူးများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း။

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုများ စားသောက်နေထိုင်ရေးနှင့် မိသားစုဝင် ကျောင်းသားကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် တပ်မတော်သားမိသားစုဝင် ကျောင်းသားကျောင်းသူများအားလုံး ကျောင်းတက်ရန် လိုကြောင်း၊ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်နေခြင်းမှာ တစ်ဦးတစ်ယောက်ချင်းစီတိုင်းကို ကိုယ့်အားကိုယ်ကိုး၍ မိမိအစွမ်းအစဖြင့် ဘဝတစ်လျှောက်လုံး ရပ်တည်နိုင်ရေးအတွက်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ၎င်းတို့ကိုယ်တိုင်ရပ်တည်နိုင်ရေး ပညာသင်ကြားရေးနှင့်ပတ်သက်၍ မိဘများအနေဖြင့် တာဝန်ရှိကြောင်း၊ ယခုအခါ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထူးချွန်သူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ပြီး ၎င်းတို့အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားမိသားစုဝင်များ ၎င်းကျောင်းများသို့ တက်ရောက်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် တစ်ကျော့ပြန်ဖြစ်ပွားလျက်ရှိသဖြင့် သွားလာနေထိုင်မှုများကို ဂရုပြု၍နေထိုင်ကြရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုများကိုဆောင်ရွက်ရန်လိုကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ တစ်ဦးချင်းစီအလိုက် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်မှထုတ်ပေးထားသည့် အာဟာရပြည့်ဝသည့် အစားအသောက်များကို ပြည့်ဝစွာစားသုံးရန်လိုကြောင်း၊ အသောက်အစား အပျော်အပါးများကိုလည်း အသိတရားဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သူများ ဖြစ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုပြည့်ဝစွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက် အသိတရား၊ သတိတရားများဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန် လိုကြောင်း မှာကြားသည်။

■ ■ ■

# မြန်မာ-အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၄ – ၅ – ၂၀၂၃ )





မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ–အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့မှ ကြီးမှူးကျင်းပသည့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားကို မေလ ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာ–အိန္ဒိယချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ–အိန္ဒိယအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က မြန်မာ–အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြုလုပ်ရာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ် Video Clip ကို ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့် စိန်ရတု အထိမ်းအမှတ် မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရသည့်နေ့၌ပင် စတင်ထူထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုအခါ (၇၅) နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည်ရှည်လျားသည့် နယ်နိမိတ်ထိစပ်မှုအပြင် သံတမန်ဆက်ဆံရေးမထူထောင်မီ ရာစုနှစ်ပေါင်းများစွာကပင် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာဆက်နွှယ်မှုသမိုင်းကြောင်း အစဉ်အလာများရှိခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ၏ ဘာသာရေးနှင့်ယဉ်ကျေးမှုဆက်ဆံရေးသည် အသောကမင်းကြီးလက်ထက်ကပင် ရှိခဲ့သည်ဟု မှတ်တမ်းမှတ်ရာများအရ သိရှိရပါကြောင်း၊ အသောကမင်းတရားကြီးသည် တတိယသင်္ဂါယနာတင်ပွဲအပြီးတွင် ကိုးတိုင်း၊ ကိုးခရိုင်ဌာနသို့ သာသနာပြုများကိုစေလွှတ်ခဲ့ပြီး အဆိုပါကာလသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ဆက်သွယ်မှုအစပျိုးသည့်ကာလဟု ဆိုနိုင်ပါကြောင်း၊ ထို့ပြင် သရေခေတ္တရာခေတ်က နှစ်နိုင်ငံဆက်သွယ်မှုပြုခဲ့သည့် အထောက်အထားများကိုလည်း တွေ့ရှိခဲ့သည်ဟု မှတ်သားမိပါကြောင်း၊ ပုဂံခေတ်ရောက်သည့်အချိန်တွင် နှစ်နိုင်ငံဆက်သွယ်မှုသည် ပိုမိုတိုးတက်လာခဲ့ပါကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးကို ရေရှည်ခိုင်မြဲစေသည့် အဓိကအကြောင်းရင်းများထဲတွင် ဗြိတိသျှကိုလိုနီနယ်ချဲ့လက်အောက်ခံဘဝကျရောက်ခဲ့သည်များ၊ လွတ်လပ်ရေးရရှိရန်ကြိုးပမ်းအားထုတ်ခဲ့ကြမှုများ၊ ဗြိတိသျှနယ်ချဲ့များသည် မြန်မာဘုရင်နောက်ဆုံးမင်းဆက် သီပေါမင်းကို မန္တလေးရတနာပုံနေပြည်တော်ကဖမ်းဆီးခေါ်ဆောင်သွားပြီး အိန္ဒိယနိုင်ငံရတနာဂီရိတွင်ထားရှိခဲ့ရာမှ အဆိုပါနေရာမှာပင် ကံတော်ကုန်ခဲ့ရသကဲ့သို့ အိန္ဒိယနိုင်ငံ၏ နောက်ဆုံးမဂိုဘုရင်ဇဖာရှားကို မြန်မာနိုင်ငံကို ဖမ်းဆီးခေါ်ဆောင်လာခဲ့ပြီး ရန်ကုန်မြို့မှာပင် ကွယ်လွန်သွားခဲ့သည်များစသည့် နိုင်ငံရေးနောက်ခံသမိုင်းကြောင်းများ၊ အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာတွင် မြန်မာဘုန်းတော်ကြီးကျောင်းများတည်ရှိနေမှုနှင့် မြန်မာနိုင်ငံသားထဲမှ ဗုဒ္ဓဘာသာဝင်များ ဘာသာရေးခရီးအဖြစ် စဉ်ဆက်မပြတ်သွားရောက်ဖူးမြော်ကြည်ညိုနေကြသည်များ၊ လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသည့်နိုင်ငံများဖြစ်နေခြင်းများအပါအဝင်ဖြစ်ပါကြောင်း။

**တူညီမှုများစွာရှိ**

ထိုသို့နှစ်နိုင်ငံအကြား နှစ်ပေါင်းထောင်ချီသည့်ကာလကတည်းက ကိုးကွယ်ယုံကြည်မှုဘာသာတရားအရလည်းကောင်း၊ အတန်အသင့်တူညီမှုရှိသည့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရလည်းကောင်း၊ စာပေအပါအဝင် အနုသုခုမပညာရပ်များအရလည်းကောင်း၊ ဗိသုကာဆိုင်ရာ အဆောက်အအုံပညာရပ်များအရလည်းကောင်း၊ စားရေရိက္ခာအဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်းများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအရလည်းကောင်း အပြန်အလှန်ကူးလူးဆက်ဆံမှုများရှိခဲ့ကြသည့်အကျိုးဆက်များမှာ အသုံးအဆောင်ပစ္စည်း၊ အစားအစာနှင့်ဝတ်စားဆင်ယင်မှုများတွင် အသုံးအနှုန်းအခေါ်အဝေါ်များမှာ တူညီမှုများစွာရှိနေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

အလွယ်တကူ ဥပမာပြရမည်ဆိုပါက အသုံးအဆောင်များဖြစ်သည့် လန်ချား၊ ဘာဂီ၊ ချယ်ဂါရီ၊ ပန်ကာ၊ ပိုက်ဆံ၊ ဘူတာတို့ကိုမြန်မာစကားအဖြစ် တွင်တွင်ကျယ်ကျယ်သုံးစွဲနေကြသည်ကိုတွေ့ရမည်ဖြစ်သလို မြန်မာများနှစ်နှစ်ခြိုက်ခြိုက်စားသုံးနေသော အိန္ဒိယအစားအစာများဖြစ်ကြသည့် စမူဆာ၊ ချာပါတီ၊ တိုရှည်၊ ပလာတာ၊ မာဆလာ၊ ပူရီစသည်များကိုလည်း မြန်မာများ၏ နေ့စဉ်သုံးဝေါဟာရများတွင် အကျွမ်းတဝင်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ မိမိတို့ဝတ်ဆင်နေသည့် ပုဆိုးကို လုံချည်လို့သုံးနှုန်းနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

**နှစ်နိုင်ငံဆက်ဆံရေးတွင် လွန်စွာအရေးပါ**

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံလုံးသည် ဗြိတိသျှကိုလိုနီလက်အောက်ခံဖြစ်ခဲ့ရပြီး ကိုလိုနီလက်အောက်ခံဘဝက

လွတ်မြောက်ရန်ကြိုးပမ်းကြရာတွင်လည်း နှစ်နိုင်ငံခေါင်းဆောင်အချင်းချင်း အပြန်အလှန်ဆက်သွယ်မှုရှိခဲ့ခြင်းများ၊ အတူတကွတိုက်ပွဲဝင်ခဲ့ကြသည့် သမိုင်းကြောင်းများကလည်း နှစ်နိုင်ငံဆက်ဆံရေးတွင် လွန်စွာအရေးပါခဲ့ပါကြောင်း၊ မိမိတို့၏ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်၊ လွတ်လပ်ရေး၏ ဗိသုကာဖခင်ကြီးလည်းဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အိန္ဒိယနိုင်ငံအမျိုးသားခေါင်းဆောင် ပဏ္ဍစ်ဂျဝါဟလာနေရူးတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးစားချစ်ခင်မှုရှိကြသည့် ခေါင်းဆောင်ကြီးများဖြစ်ကြပါကြောင်း၊ မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသည့် အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုရန်အတွက် အင်္ဂလန်သို့မသွားရောက်မီ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ခေါင်းဆောင်နှစ်ဦးတွေ့ဆုံညှိနှိုင်းမှုလုပ်ခဲ့ကြမှုများ၊ မြန်မာ့လွတ်လပ်ရေးအတွက် စိတ်စောနေသည့် ဗိုလ်ချုပ်အောင်ဆန်းကို အင်္ဂလန်၏ ရာသီဥတုဒဏ်ခံနိုင်ရန် နေရူးက ၎င်း၏ကုတ်အင်္ကျီကိုပေးခဲ့ခြင်းများက ၎င်းတို့နှစ်ဦးကြား ခိုင်မြဲသည့်ချစ်ခင်ရင်းနှီးမှုနှင့် သံယောဇဉ်တရားတို့ကို ဖော်ကျူးနေခြင်းပင်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ သမိုင်းနောက်ခံအရေးရော၊ ပထဝီဝင်အနေအထားအရပါ တူညီသည့်သဘောသဘာဝများစွာရှိသည့်အပြင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုများနှင့်အတူ ကုန်သွယ်မှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး ပြည်သူအချင်းချင်း ထိတွေ့မှုရှိခြင်းများကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့နှစ်ထောင်ချီခဲ့သည့် သမိုင်းကြောင်းရှိခဲ့သည့်အပြင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးစကာလ၌ တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်း အိန္ဒိယနိုင်ငံက လက်နက်အကူအညီပေးခဲ့မှုများ၊ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံကိုကူမင်တန်များ ကျူးကျော်လာခဲ့စဉ်က အိန္ဒိယဝန်ကြီးချုပ်နေရူးသည် မြန်မာနိုင်ငံဘက်က အပြည့်အဝရပ်တည်ပေးခဲ့မှုများ၊ မြန်မာနိုင်ငံက ကူမင်တန်ကျူးကျော်မှုကို ကုလသမဂ္ဂသို့ ကန့်ကွက်စာတင်ခဲ့စဉ်ကလည်း အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံဘက်မှ အားတက်သရောထောက်ခံပေးခဲ့မှုများက မိမိတို့မည်သည့် အခါမှ မေ့ပျောက်၍မရနိုင်သည့် ကျေးဇူးတရားများ ဖြစ်ပါကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှု၊ အိမ်နီးချင်းကောင်းပီသမှုတို့ကို အခြေခံပြီးပိုမိုချစ်ခင်ရင်းနှီးစွာဆက်ဆံခဲ့ကြသကဲ့သို့ ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များနှင့်လည်း နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်လာအောင် တည်ဆောက်နိုင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၅၁ ခုနှစ်၊ ဇူလိုင် ၇ ရက်တွင် "ငြိမ်းချမ်းရေးနဲ့ ချစ်ကြည်ရေးစာချုပ်" (Treaty of Peace and Friendship) ကို ချုပ်ဆိုခဲ့ကြပါကြောင်း၊ အဆိုပါစာချုပ်အရ "နှစ်နိုင်ငံကြားထာဝရတည်မြဲသော ငြိမ်းချမ်းရေးနဲ့မပြောင်းလဲသောချစ်ကြည်ရေး" ကို တည်ဆောက်နိုင်ခဲ့ကြပါကြောင်း၊ ၁၉၅၄ ခုနှစ်၊ ဧပြီလတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပခဲ့သည့် ကိုလံဘိုညီလာခံတွင် မြန်မာဝန်ကြီးချုပ် ဦးနုနှင့် အိန္ဒိယဝန်ကြီးချုပ်နေရူးတို့သည် သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်တို့နှင့်အတူ တက်ရောက်ခဲ့ပြီး ကက်ရှ်မီးယားအရေးနှင့်ပတ်သက်၍ အိန္ဒိယနှင့် ပါကစ္စတန်တို့၏ ပဋိပက္ခဖြစ်ပွားမှုကို မြန်မာနိုင်ငံဝန်ကြီးချုပ် ဦးနု၏ ကြိုးပမ်းမှုနှင့်ပြဿနာကို ဖြေရှင်းနိုင်ခဲ့ပါကြောင်း။

၁၉၅၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒေါင်းမြို့၌ ကျင်းပခဲ့သည့် ဘန်ဒေါင်းညီလာခံတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် "ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်

**ချစ်ကြည်ရင်းနှီးမှု၊ ကောင်းမွန်သည့် ဆက်ဆံပေါင်းသင်းမှုများ အစဉ်အဆက် ရှိခဲ့ကြသည်ကို ပြန်ကြည့်မည်ဆိုပါက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့်အညီ တစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာ ဆက်ဆံခဲ့ကြသောကြောင့်ပင်ဖြစ်။**

ရေးမူကြီး (၅) ချက် (Five Principles of Peaceful Coexistence)” ချမှတ်ရာတွင် အတူတကွ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၅၄ ခုနှစ် စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရစဉ်အချိန်၌ အိန္ဒိယနိုင်ငံက မိတ်ဆွေကောင်းပီသစွာဖြင့် ဆန်တန်ချိန် (၉) သိန်း ရောင်းချပေးခဲ့သည်ကိုလည်း မိမိတို့ မြန်မာများရင်ထဲတွင် အမြဲအမှတ်တရရှိနေသည်ကို ပြောကြားလိုပါကြောင်း။

၁၉၇၀ ပြည့်နှစ်တွင် မြန်မာ-အိန္ဒိယ ကုန်သွယ်မှုသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးနောက်ပိုင်း နှစ်နိုင်ငံကုန်သွယ်မှုသည် တဖြည်းဖြည်းတိုးတက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်ပြီး အခုအခါ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ ပဉ္စမမြောက်အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ၊ ပို့ကုန်တင်ပို့မှုတွင် စတုတ္ထမြောက်နှင့် သွင်းကုန်တင်သွင်းမှုမှာ ဆဋ္ဌမမြောက်အများဆုံးနိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ပဲနှင့် အခြားထွက်ကုန်များကို အိန္ဒိယကို တင်ပို့နေခြင်းဖြစ်သကဲ့သို့ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံကိုဆေးဝါးနှင့်စက်မှုပစ္စည်းများတင်သွင်းမှုအပြင် နည်းပညာအထောက်အပံ့များလည်း ပေးအပ်လျက်ရှိပါကြောင်း။

လူမှုရေးအကူအညီများအဖြစ် ၂၀၁၆ ခုနှစ်တွင် ငလျင်ဒဏ်ခံခဲ့ရသည့် ပုဂံဘုရားများကိုပြုပြင်ရာတွင် အိန္ဒိယအစိုးရကလှူဒါန်းမှုများ ပြုလုပ်ခဲ့သကဲ့သို့ လက်ရှိကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးအတွက် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Covishield ၁၃.၄ သန်းကို ရောင်းချပေးသည့်အပြင် Sasakawa ဖောင်ဒေးရှင်းက Covaxin (၂) သန်းနှင့် အိန္ဒိယအစိုးရက Covaxin (၁) သန်းတို့ကို မိတ်ဆွေကောင်းပီသစွာ ပေးအပ်လှူဒါန်းခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိသည်ကို မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ထို့ပြင် နှစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးမှုလုပ်ငန်းများဖြစ်သည့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမစီမံကိန်းတို့ကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းသည် ကုလားတန်မြစ်ကြောင်းတစ်လျှောက် စစ်တွေဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသ မီဇိုရမ်ပြည်နယ်အထိ ဆက်သွယ်ပေးမည်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်မှ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာနိုင်သည့်အပြင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စီမံကိန်းတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ ကုလားတန်စီမံကိန်းတွင်ပါဝင်သည့် စစ်တွေဆိပ်ကမ်းကိုအခြေပြုပြီးစစ်တွေအထူးစီးပွားရေးဇုန်တစ်ခုလည်း ပေါ်ပေါက်လာမည့်အလားအလာကောင်းများရှိနေပြီဖြစ်ပါကြောင်း။

အလားတူ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စွမ်းအင်၊ အစားအစာနှင့်အဝတ်အထည်ချုပ်လုပ်ငန်းများ၊ နည်းပညာ၊ ကျန်းမာရေး၊ ပညာရေးနှင့်ကျွမ်းကျင်မှုသင်တန်း၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ ဘဏ်နှင့် ငွေရေးကြေးရေးလုပ်ငန်းတို့အပေါ်တွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ စိတ်ဝင်စားမှုထပ်တူညီသည့်အတွက် နှစ်နိုင်ငံပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ထိုကဲ့သို့ မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေးကာလ (၇၅) နှစ်တာအတွင်း အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်ကြီးများဖြစ်သည့် ဝန်ကြီးချုပ် နေရူးလက်ထက်မှအစပြုပြီး အင်ဒီယာဂန္ဒီ၊ ရာဂျစ်ဂန္ဒီ၊ မန်မိုဟန်ဆင်း၊ နာရန်ဒရာမိုဒီ စသည့်ခေါင်းဆောင်များနှင့် မိမိတို့မြန်မာနိုင်ငံ နိုင်ငံရေးဘက်မှခေါင်းဆောင်များ၊ တပ်မတော်ဘက်မှ မိမိအပါအဝင် ခေါင်းဆောင်များသည် အစဉ်အလာမပျက် ရင်းနှီးချစ်ကြည်စွာဆက်ဆံပူးပေါင်းလက်တွဲဆောင်ရွက်နိုင်ခဲ့မှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မှုများမှ နှစ်နိုင်ငံအကြားအကျိုးဖြစ်ထွန်းမှုများစွာရရှိစေခဲ့သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ လက်ရှိအိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ (Narendra Modi) လက်ထက်တွင် မြန်မာနှင့်အိန္ဒိယ၏ ဆက်ဆံရေးသည် သမိုင်းတစ်လျှောက်အရေးပါဆုံးအနေအထားတစ်ရပ်ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါကြောင်း။

ချစ်ကြည်ရင်းနှီးမှု၊ ကောင်းမွန်သည့် ဆက်ဆံပေါင်းသင်းမှုများ အစဉ်အဆက်ရှိခဲ့ကြသည်ကို ပြန်ကြည့်မည်ဆိုပါက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ တစ်နိုင်ငံ၏အချုပ်အခြာအာဏာကို တစ်နိုင်ငံက လေးစားပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာ

**အခက်အခဲများ၊ အကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားနေရသည့်အချိန်တွင် မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းများ၏ စစ်မှန်သည့် စိတ်သဘောထားများနှင့် ကူညီအားပေးမှုများသည် မိမိတို့ပြည်သူများ၏ တစ်နည်းအားဖြင့် မိမိတို့ မြန်မာနိုင်ငံသားများ အပေါ် ကြီးမားသည့် ခွန်အားဖြစ်စေခဲ့သောကြောင့်လည်း အိန္ဒိယနိုင်ငံအပါအဝင် မိမိတို့နိုင်ငံကို အပြုသဘောဆောင် အားပေးထောက်ပံ့ကူညီရပ်တည်ပေးနေသည့် နိုင်ငံတကာကမိတ်ဆွေများကို မြန်မာနိုင်ငံသားများကိုယ်စား အထူးပင် အသိအမှတ်ပြုကျေးဇူးတင်ရှိ။**

ဆက်ဆံခဲ့ကြသောကြောင့်ပင် ဖြစ်ပါကြောင်း။

လက်ရှိ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေစဉ်မှာလည်း ခေတ်အဆက်ဆက်က အစဉ်တစိုက်ကျင့်သုံးခဲ့သည့် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဆောင်ရွက်နိုင်မှုများကြောင့် နှစ်နိုင်ငံအကြား ဘက်စုံ၊ ကဏ္ဍစုံအလိုက် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးတက်သည်ထက် တိုးတက်အောင်၊ ပိုမိုခိုင်မာသည်ထက်ခိုင်မာအောင် အကောင်းဆုံးကြိုးပမ်းဆောင်ရွက်နေတာကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အရှေ့အာရှသုံးခုလုံး၏ဆုံရာအရပ်တွင် တည်ရှိနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်ကတည်းက အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီကြွေးကြော်ခဲ့သည့် အိန္ဒိယနိုင်ငံ၏ **"အရှေ့နှင့် ထိတွေ့ဆက်ဆံရေးမူဝါဒ"**အရ အရှေ့တောင်အာရှဒေသနှင့် ကူးလူးဆက်သွယ်မှုမြှင့်တင်လိုသည့် အိန္ဒိယနိုင်ငံအတွက် မဟာဗျူဟာအရအရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံကို အရှေ့တောင်အာရှဒေသနှင့် ချိတ်ဆက်ပေးထားသည့် ကုန်းမြေတံတားလည်းဖြစ်သည့်အတွက် အဆိုပါပထဝီနိုင်ငံရေးအားသာချက်ကို အပြည့်အဝအသုံးချနိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံလုံး၏ ပြည်သူများအတွက် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။

**ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေး**

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့မှာ အိန္ဒိယစင်တာကို ဖွင့်လှစ်နိုင်ခဲ့သည်မှာလည်း နှစ်နိုင်ငံကြားချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးပြယုဂ်အဖြစ်သာမကပဲ နှစ်နိုင်ငံပြည်သူချင်း ထိတွေ့ဆက်ဆံမှုနှင့် နှစ်နိုင်ငံကြားအပြန်အလှန်နားလည်မှုများကို ပိုမိုမြှင့်တင်ခိုင်မာလာစေရေးအတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်မိပါကြောင်း။

ထို့အပြင် အိန္ဒိယ၏ "အိမ်နီးချင်း ဦးစားပေးမူဝါဒ" တို့ကိုအခြေခံပြီး လုပ်ဆောင်မှုများကြောင့် မိမိတို့နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ယဉ်ကျေးမှု၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကလည်း နှစ်ဖက်နိုင်ငံများအတွက် ထိရောက်သည့်၊ ကောင်းမွန်သည့်၊ အကျိုးဖြစ်ထွန်းစေသည့် ရလဒ်များရရှိစေခဲ့သည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ပြောကြားလိုပါကြောင်း။

မြန်မာပြည်သူလူထုမျှော်မှန်းသည့်မြန်မာတိုင်းရင်းသားများလိုလားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကြီးကို ထူထောင်နိုင်ရေးတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယနိုင်ငံက ကူညီပေးခဲ့သည်များကိုလည်း ယခုလိုအခွင့်အခါကြုံကြိုက်စဉ်မှာ မှတ်မှတ်ထင်ထင်ကျေးဇူးတင်စကားပြောကြားလိုပါကြောင်း၊ အထင်ရှားဆုံးသာဓကမှာ ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံက အိန္ဒိယနိုင်ငံကို ပညာတော်သင် စုစုပေါင်း (၆၆၀၀) ကျော်စေလွှတ်နိုင်ခဲ့မှုသည် ထင်ရှားသည့်သက်သေ၊ ခိုင်မာသည့်မှတ်တမ်းတစ်ခုပင် ဖြစ်ပါကြောင်း။

ယခုဆိုပါက ပညာတော်သင်စေလွှတ်ခဲ့သည့်ဒေါက်တာဘွဲ့ရပုဂ္ဂိုလ်များ၊ မဟာဘွဲ့ရပုဂ္ဂိုလ်များသည် ဘာသာရေး

ကဏ္ဍက ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ပါဝင်နေသကဲ့သို့ နိုင်ငံ၏အုပ်ချုပ်ရေးယန္တရားတွင် အရေးကြီးသည့်တာဝန်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး စသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများတွင် ဌာနဆိုင်ရာအကြီးအကဲများအဖြစ် တာဝန်ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ၊ ကူးလူးဆက်ဆံမှုများ၊ အပြန်အလှန်ပံ့ပိုးကူညီမှုများသည် နှစ်ကာလကြာရှည်သည်နှင့်အမျှ ပြောဍမကုန်နိုင်အောင် ရှိနေပါကြောင်း၊ ယနေ့အခမ်းအနားမှာ ခင်းကျင်းပြသထားသည့်မှတ်တမ်းဓာတ်ပုံများကို ကြည့်မည်ဆိုပါက နှစ်နိုင်ငံကြားရှိခဲ့သည့် သမိုင်းကြောင်းများ၊ နက်ရှိုင်းသည့် ခင်မင်မှုများ၊ အခက်အခဲနှင့် အကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့ရသည့်အချိန်များတွင် မိတ်ဆွေကောင်းစိတ်ဓာတ်နှင့်အတူတကွ ဖြတ်ကျော်နိုင်ခဲ့မှုများ၊ ဒီနေ့ဒီချိန်ထိတိုင်အောင်လည်း ခင်မင်ရင်းစွဲ၊ ချစ်ကြည်ရင်းစွဲတို့ကို မပျောက်ပျက်အောင် ခေတ်အဆက်ဆက်သော နှစ်နိုင်ငံခေါင်းဆောင်များက အမြော်အမြင်ကြီးကြီးဖြင့် ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ထားနိုင်မှုများကို အထင်အရှားတွေ့ရမည်ဖြစ်ပါကြောင်း။

ယနေ့ကမ္ဘာကြီးကိုကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံအချို့သည် မိမိတို့နိုင်ငံအပါအဝင် နိုင်ငံငယ်များ၏ ပြည်တွင်းရေးများကိုခေါင်းစဉ်အမျိုးမျိုး၊အကြောင်းအရာအဖုံဖုံနှင့် နည်းလမ်းမျိုးစုံသုံးပြီး ၎င်းတို့၏ကိုယ်ကျိုးစီးပွားကိုအခြေခံကာ ဝင်ရောက်စွက်ဖက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ အရေးပါအရာရောက်မှုများကြောင့် ၎င်းတို့အလိုကျပုံဖော်ဆောင်ရွက်နိုင်ရေး၊ ၎င်းတို့၏ ရုပ်သေး၊ ၎င်းတို့၏သြဇာခံဖြစ်စေရေး၊ ၎င်းတို့အလိုကျ ပုံဖော်နိုင်ရေး ဖိအားပေးအကျပ်ကိုင်မှုများ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်မှုများ၊ ပိတ်ဆို့အရေးယူမှုများ စဉ်ဆက်မပြတ်လုပ်ဆောင်နေမှုများကြားမှ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"ဟု ခံယူပြီးအခက်အခဲများ၊ အကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားနေရသည့်အချိန်တွင် မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းများ၏ စစ်မှန်သည့် စိတ်သဘောထားများနှင့် ကူညီအားပေးမှုများသည် မိမိတို့ ပြည်သူများ၏ တစ်နည်းအားဖြင့် မိမိတို့မြန်မာနိုင်ငံသားများအပေါ် ကြီးမားသည့်ခွန်အားဖြစ်စေခဲ့သောကြောင့်လည်း အိန္ဒိယနိုင်ငံအပါအဝင် မိမိတို့နိုင်ငံကို အပြုသဘောဆောင် အားပေးထောက်ပံ့ကူညီရပ်တည်ပေးနေသည့် နိုင်ငံတကာက မိတ်ဆွေများကို မြန်မာနိုင်ငံသားများကိုယ်စား အထူးပင်အသိအမှတ်ပြုကျေးဇူးတင်ကြောင်းကို အမှတ်တရဖော်ပြလိုပါကြောင်း။

မျက်မှောက်ကမ္ဘာကြီးတွင် အတူတကွတည်ရှိနေကြသည့် နိုင်ငံအားလုံးအရေးအကြီးဆုံးလိုအပ်ချက်သည် ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါကြောင်း၊ ၎င်းလိုအပ်ချက်များ ပြည့်စုံရန်ဆိုပါက နိုင်ငံတကာဆက်ဆံရေးခိုင်မာအားကောင်းရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု မိမိတို့အနေဖြင့် အပြည့်အဝခံယူထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း မိမိတို့မြန်မာနိုင်ငံအနေဖြင့် မည်သို့သောစိန်ခေါ်မှုများရင်ဆိုင်ရသည်ပင်ဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုးအကျိုးစီးပွားကို မထိခိုက်စေမည့်၊ နိုင်ငံတကာနှင့်ပေါင်းသင်းဆက်ဆံမှုကို မပျက်ယွင်းစေမည့် ကျင့်ဝတ်စည်းကမ်းများကို အလေးထားသည့် နိုင်ငံတစ်နိုင်ငံအဖြစ်ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို အတိအလင်း ပြောကြားလိုပါကြောင်း။

ထိုကဲ့သို့ဆောင်ရွက်နိုင်ရေးအတွက်လည်း မိမိတို့တာဝန်ယူစဉ်ကာလအတွင်း၌ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက် (၁၂) ရပ်တို့ချမှတ်ပြီး "ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ"ဟူသည့် ဆောင်ပုဒ်နှင့်အညီ ဦးလည်မသုန်တစိုက်မတ်မတ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့်လည်း မိတ်ဆွေကောင်း၊ အိမ်နီးချင်းကောင်းပီသစွာ မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း။

(၇၅) နှစ်ဟူသည်မှာ အတိုင်းအတာတစ်ခုအထိ ရှည်လျားသည့်ကာလတစ်ခုဖြစ်ပါကြောင်း၊ ယင်းကာလအတွင်း ချစ်ကြည်ရင်းနှီးမှုကို အခြေခံသည့်၊ အပြန်အလှန်လေးစား

မှုကိုတန်ဖိုးထားသည့်၊ တစ်နိုင်ငံ၏အချုပ်အခြာအာဏာကို တစ်နိုင်ငံကအသိအမှတ်ပြုသည့် ပေါင်းသင်းဆက်ဆံမှုကို ထိန်းသိမ်းနိုင်ခြင်းသည် အမှန်တကယ်ဂုဏ်ယူရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အသွင်သဏ္ဍာန်ရော အနှစ်သာရပါပြည့်ဝမှုရှိသည့် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံရေး စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို တက်ရောက်ခွင့်ရသည့်အတွက်လည်း မိမိစိတ်ထဲတွင် ကြည်နူးချမ်းမြေ့မှု၊ ကျေနပ်နှစ်သက်မှုများစွာဖြစ်ရပါကြောင်း၊ ထို့အတွက်လည်း ယခုအခမ်းအနားကိုဖြစ်မြောက်အောင် စိတ်ကောင်းစေတနာအပြည့်နှင့် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီနှင့် အဖွဲ့အစည်းအသီးသီးတို့ကို နိုင်ငံတော်အစိုးရကိုယ်စား အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံအကြား စိန်ရတုသံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်မှုမှသည် ရေးယခင်အစဉ်အလာများနှင့်အညီ ပိုမိုတိုးတက်ခိုင်မြဲသည့် ရင်းနှီးချစ်ကြည်မှုကို ဆက်လက်တည်ဆောက်နိုင်ပါစေကြောင်း၊ နှစ်နိုင်ငံကြား အစိုးရအဖွဲ့အစည်းများသာမက ပြည်သူများအချင်းချင်းပါ ချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းမှုများ တိုးတက်ပေါ်ပေါက်နိုင်ပါစေကြောင်း၊ နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုမှသည် နိုင်ငံများ၏အကျိုး၊ ပြည်သူများ၏အကျိုး၊ ဒေသအကျိုးစီးပွားများ တိုးတက်မြှင့်တင်နိုင်ခြင်းနှင့်အတူ ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းမှု၊ သာယာဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း၊ မြန်မာ-အိန္ဒိယချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲပါစေကြောင်းနှင့် မြန်မာ-အိန္ဒိယ နှစ်ပြည်ထောင်လုံး အေးချမ်းစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းကို ဆန္ဒပြုဆုတောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် သံတမန်ဆက်ဆံခြင်း (၇၅) နှစ်ပြည့်အထိမ်းအမှတ် ချစ်ကြည်ရေးအမှာစကားပြောကြားသည်။

■ ■ ■

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

## ( ၁၄ - ၅ - ၂၀၂၃ )



ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်း အားကောင်းလာကာ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Extremely Severe Cyclonic Storm) "မိုခါ" (MOCHA) အဖြစ်သို့ရောက်ရှိပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်မည့်အခြေအနေရှိနေသဖြင့် သဘာဝဘေးအန္တရာယ် မကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင်လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိုယ်စီလုပ်ငန်းတာဝန်များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးကို မေလ ၁၄ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ စုဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**မုန်တိုင်းဖြစ်ပေါ်လျက်ရှိမှုနှင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လျက်ရှိမှု**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းကြောင့် မိုခါမုန်တိုင်းတိုက်ခတ်မှုဖြစ်ပေါ်လျက်ရှိပြီး အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်ပြောင်းလဲလာမှု၊ မုန်တိုင်းလမ်းကြောင်းဖြတ်သန်းမှုတစ်လျှောက်တွင် ထိခိုက်မှုများဖြစ်ပေါ်ခဲ့မှု၊ မိမိတို့နိုင်ငံအတွင်းသို့ မုန်တိုင်းဝင်ရောက်နိုင်သည့်လမ်းကြောင်းနှင့်လေတိုက်နှုန်းမြင့်တက်လာမှုကြောင့် ရခိုင်ကမ်းရိုးတန်းသို့ခန့်မှန်းအချိန်ထက် နာရီပိုင်းစော၍ ဝင်ရောက်လာနိုင်မှု ထိခိုက်မှုများဖြစ်ပေါ်နိုင်မှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှစ၍ မုန်တိုင်းသတိပေးချက်များကို ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခန့်မှန်းချက်များအရ မြန်မာ့ကမ်းရိုးတန်းသို့ မုန်တိုင်းဝင်ရောက်ရန် ဖြစ်နိုင်ခြေမြင့်တက်လာ၍ လွန်ခဲ့သည့် ၃ ရက်ခန့်ကတည်းက အနီရောင်အဆင့် မုန်တိုင်းသတိပေးချက်ကို ဆောလျင်စွာထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ရန်လိုအပ်ချက်များကို ဆောလျင်စွာပြင်ဆင်စေခဲ့ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင်သာမက ကုန်းတွင်းသို့မုန်တိုင်းဝင်ရောက်ပြီး မုန်တိုင်းဖြတ်သန်းရာဒေသများ၌လည်း ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မုန်တိုင်းဝင်ရောက်နိုင်သည့်ဒေသများတွင် မိုးရွာသွန်းမှုများ ပိုမိုများပြားနိုင်သည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် မုန်တိုင်းဒဏ်သင့်ဒေသများတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**နိုင်ငံတော်နှင့် တပ်မတော်မှ ဆန်နှင့်ရိက္ခာများ ကြိုတင်စုဆောင်းထားရှိမှု**

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့က မုန်တိုင်းဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပွားခဲ့သည့်ဒေသများသို့ ပေးပို့နိုင်ရေးအတွက် အရန်ဆန်များဒေသအလိုက် ကြိုတင်စုဆောင်းထားရှိမှု၊ တပ်မတော်မှရိက္ခာများနှင့် အမိုးသွပ်များ ကြိုတင်စုဆောင်းထားရှိမှု၊ ခေါက်ဆွဲခြောက်နှင့် ရိက္ခာခြောက်များ၊ စားသုံးဆီများ၊ လူသုံးကုန်ပစ္စည်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီပုထိုးများထိခိုက်မှု အနည်းဆုံးဖြစ်စေရေးပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ပါက အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းကွမ်းများအဆင်ပြေစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ဆန်နှင့်ရိက္ခာများကို ကြိုတင်စုဆောင်းထားရှိပြီး အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်ရေး တပ်မတော်လေယာဉ်များ၊ ရေယာဉ်များ၊ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်၍ အသင့်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ ယနေ့မှစ၍ ယာဉ်တင်အသင့်ဆောင်ရွက်မှုကို စတင်ပြုလုပ်ထားရန်လိုကြောင်း၊ အရေးပေါ်ရိက္ခာဖြန့်ဝေရာတွင် လျင်မြန်ထိရောက်မှုရှိစေရေး ရိက္ခာများဖြန့်ဖြူးပေးမှု အဆင်ပြေစေရေးထုပ်ပိုးမှုများကို လွယ်ကူစွာသယ်ဆောင်နိုင်သည့်ထုပ်ပိုးမှုများဖြစ်အောင် ပြင်ဆင်ထားရန်လိုကြောင်း၊ အလားတူဘုန်းတော်ကြီးကျောင်းများသည် မြို့ရွာများ၏ အစွန်အဖျားနေရာများတွင် တည်ရှိကြခြင်းကြောင့် လေပြင်းများတိုက်ခတ်ပြီး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါက ပြင်ဆင်ပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မုန်တိုင်းဒဏ်ထိခိုက်သည့် ဒေသများ၌ ပြင်ဆင်မှုများဆောင်ရွက်ပေးရာတွင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

အလားတူ သံဃာတော်များနှင့် သီလရှင်များအတွက် သင်္ကန်းများနှင့် သီလရှင်ဝတ်စုံများ၊ ဆွမ်းဆန်တော်များကို ကြိုတင်စုဆောင်းထားရန်နှင့် လိုအပ်သည့်အချိန်တွင် အသင့်ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ စေတီပုထိုးများ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

**ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှု**

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက တပ်မတော်မှဆေးဝါးများနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

**ကမ်းရိုးတန်းဒေသများတွင်သာမက ကုန်းတွင်းသို့ မုန်တိုင်းဝင်ရောက်ပြီး မုန်တိုင်းဖြတ်သန်းရာဒေသများ၌လည်း ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်၊ မုန်တိုင်းဝင်ရောက်နိုင်သည့်ဒေသများတွင် မိုးရွာသွန်းမှုများ ပိုမိုများပြားနိုင်သည်ကိုတွေ့ရှိရ၊ ထို့ကြောင့် မုန်တိုင်းဒဏ်သင့်ဒေသများတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်။**

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထိခိုက်မှုဖြစ်ပွားခဲ့သည့်ဒေသများရှိပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေး ဆေးဝါးများကိုကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့များကို ကြိုတင်ဖွဲ့စည်းဆောင်ရွက်ထားရန်လိုသကဲ့သို့ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်များကိုလည်း ယနေ့မှစတင်၍ အသင့်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ ၎င်းရေယာဉ်များအပေါ်၌ အရေးပေါ်စားနပ်ရိက္ခာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း အသင့်တင်ဆောင်ထားရှိရန်လိုကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့များ ဖွဲ့စည်းစေလွှတ်ရာတွင် မုန်တိုင်းဒဏ်၊ ရေလွှမ်းမိုးမှုဒဏ်တို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲရောဂါများကို ကုသပေးနိုင်ရေး ဖွဲ့စည်းစေလွှတ်ရန်လိုကြောင်း မှာကြားသည်။

**ပြောင်းရွှေ့ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ကြိုတင်ဖွဲ့စည်း**

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်၊ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဇော်နိုင်ဦးတို့က အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီပို့ဆောင်နိုင်ရေး လေယာဉ်၊ ရဟတ်ယာဉ်များ အသင့်ပြင်ဆင်ထားရှိမှု၊ လေယာဉ်၊ ရဟတ်ယာဉ်များ၏စွမ်းဆောင်နိုင်မှုနှင့် လိုအပ်ချက်များ၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့်ဒေသများတွင် ပြောင်းရွှေ့ရေးလုပ်ငန်းများဆောင်ရွက်ရန် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့များ၊ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ဝင်များပါဝင်သည့် မော်တော်ယာဉ်အစုအဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းထားရှိပြီး စေလွှတ်ဆောင်ရွက်နေမှု၊ လမ်းပန်းဆက်သွယ်ရေးမပြတ်တောက်စေရန်အတွက် အရေးပေါ်သုံး၊ စစ်သုံးဘေလီတံတားများ ကြိုတင်ပြင်ဆင်စုဖွဲ့ထားရှိမှု၊ အရေးပေါ်ရဟတ်ယာဉ်ကွင်းများတည်ဆောက်နိုင်ရေး Helipad များ ပြင်ဆင်ပို့ဆောင်ထားရှိမှု၊ ရေသန့်ယာဉ်များ၊ မီးစက်များဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းတိုက်ခတ်နေချိန်အတွင်း လေယာဉ်၊ ရဟတ်ယာဉ်များ ပျံသန်းခြင်းမပြုလုပ်နိုင်သော်လည်း မုန်တိုင်းဝင်ရောက်ပြီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်နိုင်ရေး စစ်တွေလေယာဉ်ကွင်းအား ညအချိန်တွင်ပါ ဆင်းသက်နိုင်ရန်ပြေးလမ်းမီးများအပါအဝင် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေး ယာဉ်အစုအဖွဲ့ ၁၀ ဖွဲ့ အပြင် အဖွဲ့ ၂ ဖွဲ့ကိုလည်း ထပ်မံဖွဲ့စည်းထားရှိရန်လိုကြောင်း၊ လိုအပ်သည့်နေရာသို့ လိုအပ်သည့်အချိန်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများ အချိန်မီပို့ဆောင်နိုင်ရေးကြိုတင်တွက်ချက်ဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

**အချိန်နှင့်တစ်ပြေးညီ သတင်းများရရှိရေး(Real Time Information) နှင့် ထုတ်ပြန်နိုင်ရေးဆောင်ရွက်လျက်ရှိမှု**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းတို့က ဒေသအလိုက်ဖြစ်ပွားနေသည့် မုန်တိုင်းနှင့်သက်ဆိုင်သည့်အခြေအနေများကို အမြဲမပြတ်သတင်းရရှိရေးနှင့် ထုတ်လွှင့်နိုင်ရေး ကျေဘုံးဂြိုဟ်တုဆက်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်နေမှု၊ မုန်တိုင်းအသိပေးချက်နှင့် သတိပေးချက်

များ၊ အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲလျက်ရှိသည့် မုန်တိုင်းသတင်းများနှင့်ပတ်သက်၍ ပြည်သူများအချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရေး ရုပ်မြင်သံကြားအစီအစဉ်များ၊ ရေဒီယိုအသံလွှင့်အစီအစဉ်များနှင့် Websiteများ၌ အမြဲမပြတ် ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဝင်ရောက်နိုင်သည့် ကမ်းရိုးတန်းဒေသများပါမက မုန်တိုင်းသက်ရောက်နိုင်သည့် ကုန်းတွင်းပိုင်းဒေသများသည်လည်း ရေကြီးခြင်း၊ မြေပြိုခြင်း စသည့် အန္တရာယ်များအတွက် သတိရှိစေရေး လှုံ့ဆော်ပြန်ကြားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မုန်တိုင်းသတိပေးချက်လှုံ့ဆော်မှုများကို မည်သူ တစ်ဦးတစ်ယောက်မျှမကျန်ရှိစေဘဲ သိရှိစေရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတင်းများ အချိန်နှင့်တစ်ပြေးညီရရှိရေးအတွက်လည်း ဆောင်ရွက်နေရန်လိုကြောင်း။

**သဘာဝဘေးဒဏ်သင့်ဒေသများအတွက် ကူညီကယ်ဆယ်ရေး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု**

ယင်းနောက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မုန်တိုင်းဒဏ်ကြောင့်ဖြစ်ပွားမည့် သဘာဝဘေးဒဏ်သင့်ဒေသများတွင် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ (AHA Center) နှင့် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

**နိုင်ငံသူ၊ နိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မှ ကျန်ရှိမှုမရှိစေဘဲ ကာကွယ်ကူညီစောင့်ရှောက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တပ်မတော်အရာရှိကြီးများကို တစ်ဦးချင်းလိုအပ်ချက်များ၊ အကြံပြုချက်များကိုမေးမြန်းပြီး ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာပစ္စည်းများကို လျင်မြန်ထိရောက်စွာပို့ဆောင်နိုင်ရေး လေယာဉ်ယာဉ်ပေါ်အသင့်၊ ရေယာဉ်ယာဉ်ပေါ်အသင့်၊ မော်တော်ယာဉ်ယာဉ်ပေါ်အသင့်ဖြစ်စေရေး ကြိုတင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် တိုင်းစစ်ဌာနချုပ်များအားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊

မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသားအားလုံး မည်သူတစ်ဦးတစ်ယောက်မှ ကျန်ရှိမှုမရှိစေရေး ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိခိုက်မှုအနည်းဆုံးဖြင့် မုန်တိုင်းအန္တရာယ်ကို အောင်မြင်စွာကျော်လွှားနိုင်ရေး မိမိကိုယ်တိုင်မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းပြောကြားသည်။

■ ■ ■

# အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “မိုခါ” ဝင်ရောက်မှုကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်အသုံးပြုနိုင်ရေး အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ပြောကြားသည့်အမှာစကား

( ၁၅ - ၅ - ၂၀၂၃ )





အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မိုခါ” (MOCHA) ဝင်ရောက်မှုကြောင့် မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို မေလ ၁၅ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ညှိနှိုင်းခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

**တစ်တပ်တစ်အား ပါဝင်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ပြောကြားရာတွင် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA) ကြောင့် ရခိုင်ပြည်နယ်အတွင်းထိခိုက်ပျက်စီးခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများနှင့် မုန်တိုင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ခဲ့ရသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများမှ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် နိုင်ငံတော်မှဦးဆောင်၍ဆောင်ရွက်သည့် ပြန်လည်ကယ်ဆယ်ရေးနှင့် ထူထောင်ရေးလုပ်ငန်းများတွင် ယခုကဲ့သို့တစ်တပ်တစ်အား ပါဝင်လှူဒါန်းကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မမျှော်မှန်းနိုင်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ သို့သော် ကြိုတင်ပြင်ဆင်မှုများကောင်း

မွန်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်းများရှိပါက အတိုင်းအတာတစ်ခုအထိ အနည်းငယ်လျော့ကျသွားနိုင်သည်ကိုလည်း တွေ့ရကြောင်း၊ မုန်တိုင်းနှင့်ပတ်သက်၍ လွန်ခဲ့သည့် ၉ ရက်ခန့်ကတည်းက မုန်တိုင်းကျရောက်နိုင်ကြောင်း မိုးလေဝသသတင်းများအရ သိရှိခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တောင်တရုတ်ပင်လယ်အတွင်းဖြစ်ပေါ်လျက်ရှိသည့် မုန်တိုင်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်နေသည့် မုန်တိုင်းတို့ဖြစ်ကြောင်း၊ အဆိုပါ မုန်တိုင်းနှစ်ခုဆုံမည်ဆိုပါက မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သည်ကို တာဝန်ရှိသူများက မိမိထံလာရောက်တင်ပြခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ်အစည်းအဝေးများကိုဆောင်ရွက်စေပြီး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်စေခဲ့ကြောင်း၊ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားနေသည့် မုန်တိုင်းမှာ အားနည်းပြီးပျက်ပြယ်သွားသဖြင့် မိမိတို့နိုင်ငံအနေဖြင့် မုန်တိုင်းဒဏ်ထိခိုက်မှုကို လျော့နည်းစေခဲ့ကြောင်း။

မုန်တိုင်းဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကို တာဝန်ပေး၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ မုန်တိုင်းသည် မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်သည်ကို တာဝန်ရှိသူများက တင်ပြခဲ့သဖြင့် သိလျှင်သိခြင်း သတိပေးချက်များကို ချက်ချင်းထုတ်ပြန်စေခဲ့ပြီး ပြောင်းရွှေ့မှုများနှင့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ မုန်တိုင်းဒဏ်ကျရောက်ချိန်တွင် လူအများထိခိုက်သေဆုံးမှုကို များစွာရှောင်ရှားနိုင်ခဲ့ပြီး ယခုအချိန်အထိ သိရှိရသောသတင်းအချက်အလက်များအရ ၅ ဦးသာ သေဆုံးခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ထိခိုက်မှုအနည်းဆုံးဖြင့် ပြင်းထန်သည့် မုန်တိုင်းဒဏ်ကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မုန်တိုင်းကြောင့် ထိခိုက်မှုများဖြစ်ပေါ်ပြီးချိန်တွင် စေတနာရှင် အလှူရှင်များက ပါဝင်လှူဒါန်းလိုကြောင်း သိရှိရခြင်းကြောင့် ယခုကဲ့သို့ လှူဒါန်းပွဲကိုကျင်းပ၍ အလှူငွေများကို လက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ **"တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်"** ဆိုသည့်အတိုင်း မိမိအနေဖြင့်ခံယူထားပြီး ယခုကဲ့သို့ တိုင်းပြည်အတွက် လိုအပ်ချိန်တွင် အားတက်သရောပါဝင်လှူဒါန်းခြင်းများကြောင့် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ AHA Center မှတာဝန်ရှိသူများအနေဖြင့်လည်း အကူအညီများပေးအပ်နိုင်ရေး မြန်မာနိုင်ငံသို့ရောက်ရှိနေပြီဖြစ်ကြောင်း၊ အလားတူ အခြားနိုင်ငံများအနေဖြင့်လည်း အကူအညီများပေးအပ်ရန် ကမ်းလှမ်းလာကြောင်း။

**မည်သည့်တိုက်တွန်းမှုမျှမပါ**

ယခုကဲ့သို့ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းကို မည်သည့်တိုက်တွန်းမှုမှ မပါဘဲ စေတနာအပြည့်ဖြင့် လာရောက်လှူဒါန်းကြခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ်မှစ၍ အခက်အခဲအကျပ်အတည်းများကြားမှ ကျော်ဖြတ်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါအခက်အခဲအကျပ်အတည်းများကို ကျော်ဖြတ်နေရချိန်တွင် ယခုကဲ့သို့လှူဒါန်းနိုင်ခြင်းမှာလည်း စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာပြီး နိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်လာခြင်းကြောင့်ဖြစ်ကြောင်း၊ အလှူရှင်များ၏ စိတ်စေတနာနှင့် စီးပွားရေးကောင်းမွန်လာသည့် အခြေအနေများကြောင့် လှူဒါန်းမှုများကိုဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အခက်အခဲအကျပ်အတည်းများကိုဖြတ်ကျော်ခဲ့ပြီး နိုင်ငံအတွက် လိုအပ်သည့်အချိန်တွင် **"လှည်းနေ လှေအောင်း မြင်းဇောင်းမကျန်"** လှူဒါန်းမှုများကို မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ယခုလှူဒါန်းမှုများကို ရခိုင်ပြည်နယ်အတွက်သာမက အခြားမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ရသည့်ဒေသများကိုပါ ခွဲဝေလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ တိုင်းပြည်အနေဖြင့် အခက်အခဲကြုံတွေ့နေရချိန်တွင် စိတ်စေတနာထက်သန်စွာဖြင့် မည်သူ၏တိုက်တွန်းမှုမှမပါဘဲ ကိုယ်တိုင်ကိုယ်ကျလှူဒါန်းကြသူ အလှူရှင်များနှင့် အဝေးမှလှူဒါန်းသည့် အလှူရှင်များ၏ စိတ်စေတနာကို လေးစားတန်ဖိုးထားပါကြောင်း၊ ဝမ်းလည်းဝမ်းမြောက်ပါကြောင်း၊ "တိုင်းပြည်၏ အားသည်ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း မိမိတို့တိုင်းပြည်အတွက် ဆောင်ရွက်ချိန်တွင် အရေးကြီးမှသွေးစည်းသည်မဟုတ်ဘဲ အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ တိုင်းပြည်မှ လိုအပ်လာချိန်တွင် ညီညီညွတ်ညွတ်ဖြင့်ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့တိုင်းပြည် သွားချင်သည့် လမ်းကြောင်းပေါ်တွင် သာယာဖြောင့်ဖြူးစွာလျှောက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

■ ■ ■

# သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား

( ၁၅ - ၅ - ၂၀၂၃ )






အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) သည် မေ ၁၄ ရက်နေ့တွင် ရခိုင်ကမ်းရိုးတန်းဒေသများသို့ စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကာ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကိုလည်း သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာထားပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မေလ ၁၅ ရက်မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် စစ်တွေမြို့သို့ သွားရောက်ပြီး အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များပေးအပ်နိုင်ရေးလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့လေဆိပ်သို့ရောက်ရှိကြပြီး စစ်တွေမြို့အတွင်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုသည်။

**ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် လတ်တလော ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု**

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပကာ သဘာဝဘေးအန္တရာယ်မကျရောက်မီကတည်းက ကြိုတင်ပြင်ဆင်ခြင်းများဆောင်ရွက်ခဲ့မှု၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုရုံး Command Post အား မေ ၇ ရက်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ဖွင့်လှစ်ထားရှိပြီး ခရိုင် ၇ ခရိုင်၊ မြို့နယ် ၁၇ မြို့နယ်တို့တွင်လည်း ဖွင့်လှစ်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကိုဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်မကျရောက်မီ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ မြို့နယ်အလိုက် ဘေးလွတ်ရာသို့ရွှေ့ပြောင်းထားရှိမှု၊ သဘာဝဘေးအန္တရာယ်သင့်ခဲ့ရသည့် ပြည်သူများအတွက် လတ်တလော အုပ်ချုပ်ထောက်ပံ့မှုများဆောင်ရွက်နိုင်ရန် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးထားမှု၊ ပြည်နယ်အစိုးရအဖွဲ့ အရေးပေါ်ရန်ပုံငွေဖြင့် ဆန်၊ ဆီ၊ ဆား၊ ငပိနှင့် စက်သုံးဆီ အရန်ဝယ်ယူထားရှိမှု၊ ပြည်နယ်အစိုးရ၏အစီအစဉ်ဖြင့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ စုဆောင်း

ထားရှိမှု၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုး သိုလှောင်ထားရှိမှု၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် ဆက်သွယ်မှုမပြတ်တောက်ရေးဆောင်ရွက်ထားရှိမှု၊ မေ ၁၄ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) စစ်တွေမြို့သို့ဝင်ရောက်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှု၊ သဘာဝဘေးသင့်ခဲ့ရသည့်နေအိမ်များ ပြန်လည်ပြုပြင်နိုင်ရေးလိုအပ်မှု၊ ထောက်ပံ့ရေးပစ္စည်းများ လိုအပ်မှုနှင့် လတ်တလောပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဝန်ကြီးဌာနများ၊ တပ်မတော်နှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိမှု**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့မှု၊ သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ တင်ပြကြရာတွင် တယ်လီဖုန်းဆက်သွယ်မှုလိုင်းများ ပြတ်တောက်မှုမရှိရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ စစ်တွေလေယာဉ်ကွင်းသို့ လေယာဉ်များနေ့ညမရွေး ဆင်းသက်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ လေကြောင်းတိုက်ရိုက်ဆက်သွယ်ရေးစနစ်များတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားလိုင်းများ အမြန်ဆုံးပြန်လည်ကောင်းမွန်စေရေးလိုက်လံစစ်ဆေးလျက်ရှိမှု၊ ဓာတ်တိုင်များ ပြန်လည်ထောင်မတ်နိုင်ရေး မှာယူထားရှိမှုနှင့် ဝန်ထမ်းအင်အားအလုံးအရင်းဖြင့် အမြန်ဆုံး ပြန်လည်မီးပေးနိုင်အောင် ဆောင်ရွက်လျက်ရှိမှု၊ စစ်တွေမြို့ဆေးရုံကို မီးစက်ကြီးများဖြင့် မီးပေးလျက်ရှိမှု၊ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ ဘုန်းတော်ကြီးကျောင်းများ သန့်ရှင်းရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေများနှင့် ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြတိုက် အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ ရခိုင်ပြည်နယ်အတွင်း ဆေးရုံ၊ ဆေးခန်းများ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိခဲ့ပြီး အထူးဆေးကုသရေးအဖွဲ့ ၂ ဖွဲ့ဖြင့် စစ်တွေပြည်သူ့ဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆေးပစ္စည်းများ၊ ရေသန့်ဆေးပြားများ ထပ်မံမှာယူလျက်ရှိမှုနှင့် ခွဲစိတ်ခန်းများကိုလည်း အသင့်အသုံးပြုနိုင်ရေး စီမံထားရှိမှု၊ ကျန်းမာရေးနှင့်ပတ်သက်သည့် ပညာပေးစာစောင်များ၊ အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိမှု။

ရခိုင်ပြည်နယ်သို့ပေးပို့မည့် ဆန်အိတ်များ၊ သွပ်နှင့် သံများ၊ စားသောက်ဖွယ်ရာများ၊ ဆောက်လုပ်ရေးပစ္စည်းများကို တပ်မတော်စစ်ရေယာဉ်များပေါ်သို့ အမြန်ဆုံးတင်ဆောင်၍ ပေးပို့နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းသင့်ဒေသများသို့ စားသောက်ဖွယ်ရာများနှင့်ကယ်ဆယ်ရေးပစ္စည်းများကို မော်တော်ယာဉ်များ၊ စစ်ရေယာဉ်များ၊ လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိမှု၊ စားသောက်ကုန်များနှင့် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ အဆက်မပြတ်ပေးပို့နေမှု၊ စားသောက်ဖွယ်ရာများနှင့် ပြန်လည်တည်ဆောက်ရေးပစ္စည်းများကို တပ်မတော်စစ်ရေယာဉ်များဖြင့် စစ်တွေမြို့သို့ပို့ဆောင်ပေးလျက်ရှိမှုနှင့် ထိုမှတစ်ဆင့် ရသေ့တောင်မြို့နယ်နှင့် အခြားမုန်တိုင်းသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ရိတ်သိမ်းထားသည့် နွေစပါးများကို ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှု၊ ရခိုင်ပြည်နယ်အတွင်း အသင့်ခွဲစိတ်ထားသည့်သစ်များရှိပြီး မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် သစ်မာခွဲသားများအသင့်ရှိသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် သစ်များရရှိရေးဆောင်ရွက်လျက်ရှိမှုနှင့် အခြားလိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြသည်။

**ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ်ဟူသည်မှာ ရှောင်လွှဲ၍မရဘဲဖြစ်လာသည့်အချိန်တွင် ရင်ဆိုင်ရန်နှင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားမည်ဆိုပါက ထိခိုက်မှုအနည်းဆုံးဖြင့် ကျော်လွှား

နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါမိမိအနေဖြင့် ပျက်စီးဆုံးရှုံးခဲ့သည်များကို လိုအပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ မုန်တိုင်းမဝင်ရောက်မီ ၅ ရက်ခန့်ကတည်းက မုန်တိုင်းကြိုတင်သတိပေးချက်များ ထုတ်ပြန်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနမှ အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန်လိုကြောင်း၊ အများပြည်သူ အများဆုံးအသုံးပြုသည့်လမ်းများကို ဦးစားပေးရှင်းလင်းပေးရန်လိုကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ လူအင်အားနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ စက်ယန္တရားတို့ ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ ဆေးရုံများသန့်ရှင်းရေးနှင့် ဘိုးဘွားရိပ်သာများကို ခရိုင်နှင့် မြို့နယ်များအလိုက် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အပိုင်းလိုက်ခွဲ၍ဆောင်ရွက်သွားရန်လိုကြောင်း။

> **အများနှင့်သက်ဆိုင်သည့် ပညာသင်ကြားရေးဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဦးစားပေးပြုပြင်ဆောင်ရွက်ပေးသွားရန်လို၊ လုပ်စရာရှိသည်များကို မြန်မြန်ဆန်ဆန်ဖြင့် လုပ်ဆောင်ရန်လို၊ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်၊ မိမိတို့ရှိပြီးသားအားဖြင့် ဒေသအား၊ ပြည်တွင်းအားဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်။**

ယခုမုန်တိုင်းတိုက်ခတ်ချိန်တွင် အုန်းပင်များပြိုလဲမှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိသည့်အခါတိုင်းတွင် အုန်းပင်များနှင့် လမုပင်များသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ဒေသအတွင်းဖြစ်နိုင်သမျှ အရေအတွက်များများ စိုက်ပျိုးထားရှိရန် တိုက်တွန်းမှာကြားခဲ့ကြောင်း၊ ယခုသဘာဝဘေးအန္တရာယ်တွင် တွေ့ကြုံခဲ့ရသည်များကိုသင်ခန်းစာယူ၍သဘာဝဘေးဒဏ်ခံနိုင်သည့်လေကာပင်များနှင့် အုန်းပင်များကို တိုးချဲ့စိုက်ပျိုး ဆောင်ရွက်သွားရန်လိုကြောင်း၊ မုန်တိုင်းဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး အလှူငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ခဲ့ရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်ရဟန်း၊ ရှင်လူ ပြည်သူအလှူရှင်များ၏ စုစုပေါင်းအလှူငွေ ကျပ်သိန်းပေါင်း ၁၃၁,၈၁၀ သိန်းကို လက်ခံရရှိခဲ့ကြောင်း၊ ယင်းအနက်မှ ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်းပေါင်း ၇၀၀၀၀ ကို ပေးအပ်သွားမည်ဖြစ်ကြောင်း။

**ဒေသအား၊ ပြည်တွင်းအားကို စုစည်းအသုံးပြု၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်**

ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်စစ်ရေယာဉ်များဖြင့် တင်ဆောင်လျက်ရှိပြီး ရခိုင်ပြည်နယ်သို့ အမြန်ဆုံးရောက်ရှိအောင် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့်လမ်းပန်းဆက်သွယ်ရေးကိုအမြန်ဆုံး ပြန်လည်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ အများနှင့်သက်ဆိုင်သည့် ပညာသင်ကြားရေးဖြစ်သည့် အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဦးစားပေးပြုပြင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လုပ်စရာရှိသည်များကို မြန်မြန်ဆန်ဆန်ဖြင့် လုပ်ဆောင်ရန်လိုကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက အမြန်ဆုံးမူလအခြေအနေသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်း၌သာရှိသဖြင့် အားလုံးပူးပေါင်းဆောင်

ရွက်မည်ဆိုပါက အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှလည်း အကူအညီပေးအပ်မည်ဟု ကမ်းလှမ်းလာသဖြင့် လက်ခံထားပြီးဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့ရှိပြီးသားအားဖြင့် ဒေသအား၊ ပြည်တွင်းအားဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေသို့လှူဒါန်းနိုင်ရေး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်ကိုလည်း သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း၊

ရေတွင်းရေကန်များ သန့်ရှင်းမှုရှိစေရေး ရေသန့်ဆေးများကို လိုက်လံခပ်ပေးရန်လိုကြောင်း၊ ရေတွင်းပတ်ဝန်းကျင်များကို ဦးစွာသန့်ရှင်းရေးဆောင်ရွက်ရန်လိုကြောင်း၊ ရေတွင်းများအနီးရှိ ရေဆိုးရေညစ်များ၊ အညစ်အကြေးများကို အမြန်ဆုံးရှင်းလင်းရန်လိုကြောင်း၊ အချိန်မီရှင်းလင်းခြင်းမရှိပါက ဝမ်းပျက်ဝမ်းလျှောရောဂါများအပြင် အခြားရောဂါဘယများလည်း ဖြစ်ပေါ်လာနိုင်ကြောင်း။

အစားအသောက်နှင့်ပတ်သက်၍ စည်သွတ်ဘူးများ၊ အသင့်စားအစားအစာများကြိုတင်ပြင်ဆင်ထားသော်လည်း စိုက်ပျိုး၍ရသည့်နေရာများတွင် အမြန်ဆုံးပြန်လည်စိုက်ပျိုးရန်နှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ကြက်ဥများကိုလည်း အမြန်ဆုံးပေးပို့သွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပြီး လူများထိခိုက်မှုအနည်းဆုံးဖြစ်ခဲ့ခြင်းမှာ အဆိုးထဲကအကောင်းဟုပင်မှတ်ယူရမည်ဖြစ်ပြီး ကြံ့ကြံ့ခံကျော်ဖြတ်နိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအတွက် အရေးပေါ်အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

( ၁၅ - ၅ - ၂၀၂၃ )



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မေလ ၁၅ ရက်နံနက် ၇ နာရီတွင်ထုတ်ပြန်သည့် ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) သတိပေးချက်များအရ ချင်းပြည်နယ်၊ မတူပီမြို့အနီးမှ ကုန်းတွင်းပိုင်းသို့ ရွေ့လျားဝင်ရောက်ခဲ့သည့် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) သည် မြောက်-အရှေ့မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း (Cyclonic Storm) "မိုခါ" (MOCHA) အဖြစ်သို့ အားလျော့သွားခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကသာမြို့အနီးမှ မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ခဲ့ပြီးဖြစ်သည့် မြို့၊ ရွာများနှင့် မုန်တိုင်း ဆက်လက်ရွေ့လျားရာလမ်းကြောင်းတစ်လျှောက်၌ လိုအပ်သည့်အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိုယ်စီလုပ်ငန်းတာဝန်များပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအရေးပေါ် အစည်းအဝေးကို မေလ ၁၅ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ စုဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်နိုင်ဦး၊ ဒေါက်တာကံဇော်နှင့် ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့်နေရာများ၌ သွပ်နှင့် လျှပ်စစ်ဓာတ်အားများလိုအပ်လျက်ရှိမှု၊ မုန်တိုင်းသင့်ဒေသများတွင် အရေးပေါ်ကူညီကယ်ဆယ်ရေးဆောင်ရွက်

ရန်အတွက် ဖွဲ့စည်းထားသည့် ယာဉ်အစုအဖွဲ့များမှ ကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ထပ်မံစေလွှတ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က မုန်တိုင်းတိုက်ခတ်မှုအခြေအနေများ၊ မိုးရွာသွန်းမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နိုင်မှုအခြေအနေများကို သုံးသပ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအရ မုန်တိုင်းဖြတ်သန်းဝင်ရောက်နိုင်မည့်လမ်းကြောင်းပေါ်ရှိ မြို့ရွာများကို ဆက်သွယ်မှုမပြတ်တောက်စေရေးဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ယခု မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးသည့် မြို့ ရွာများ၌လည်း ကြိုတင်ပြင်ဆင်ပြောင်းရွှေ့ခြင်းများနှင့် အခြားလိုအပ်သည်များကို တပ်မတော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ၏ဝိုင်းဝန်းစုပေါင်း၍ ကြိုတင်ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်းများဆောင်ရွက်နိုင်ခဲ့သောကြောင့် လူများသေကျေထိခိုက်မှု အနည်းဆုံးအခြေအနေဖြင့် ကျော်လွှားနိုင်ခဲ့မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စုပုံထားရှိသည့် သွပ်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို လေယာဉ်များ၊ မော်တော်ယာဉ်များ၊ တပ်မတော်စစ်ရေယာဉ်များဖြင့် အမြန်ဆုံးပို့ဆောင်ပေးရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက်လည်း စစ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကို အမြန်ဆုံးစေလွှတ်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ပို့ဆောင်ပေးရန်လိုကြောင်း၊ မုန်တိုင်းသင့်ဒေသများသို့ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများရောက်ရှိရာတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး စုပုံထားရှိသည့်အချိန်၌ ယာယီတဲများဖြင့်ထားရှိနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ကူညီရေးပစ္စည်းများ ပေးပို့လှူဒါန်းလိုသည့် အလှူရှင်များ လှူဒါန်းနိုင်ရေးဆောင်ရွက်၍ အမြန်ဆုံးပို့ဆောင်ပေးရန်လိုကြောင်းဖြင့် ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က မုန်တိုင်းသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန်အတွက် ဒေသအလိုက်စုပုံထားရှိသည့် အရန်ဆန်များကို အမြန်ဆုံးပို့ဆောင်နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများပေးပို့နိုင်ရေးအတွက် တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များကို အသင့်ပြင်ဆင်ထားရှိပြီး အချိန်နှင့်တစ်ပြေးညီပို့ဆောင်ပေးနိုင်ရေး အသင့်ပြုလုပ်ထားရှိမှု၊ အသင့်စားခေါက်ဆွဲခြောက်များနှင့် ရေသန့်များအပါအဝင် စားသောက်ဖွယ်ရာများ၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် သွပ်နှင့်သွပ်မိုများ အပါအဝင် ဆောက်လုပ်ရေးသုံးပစ္စည်းများကို အသင့်ပြင်ဆင်၍ အမြန်ဆုံးပေးပို့နိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်မှုပြတ်တောက်ခဲ့သည့် မုန်တိုင်းသင့်ဒေသများ၌ ဆက်သွယ်ရေးလိုင်းများ ပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ မုန်တိုင်းသင့်ဒေသများ၌ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များကို စေလွှတ်လျက်ရှိမှုနှင့် ထပ်မံစေလွှတ်နိုင်ရေး အသင့်ပြင်ဆင်ထားရှိမှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိစေတီပုထိုးအချို့ ထိခိုက်ပျက်စီးမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများတွင် ရေဝင်ရောက်မှုကြောင့် ဝမ်းရောဂါများဖြစ်ပွားလာနိုင်သဖြင့် သောက်သုံးရေများသန့်ရှင်းမှုရှိစေရေး ရေသန့်စင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုအပ်မှု၊ မုန်တိုင်းနှင့်ပတ်သက်သည့် သတင်းများ၊ သတိပေးထုတ်ပြန်ချက်များနှင့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်မှုများဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**မှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် မုန်တိုင်းအန္တရာယ်သတိပေးချက်များကို အချိန်နှင့်

တစ်ပြေးညီထုတ်ပြန်ပေးနိုင်ခဲ့မှုများကြောင့် မုန်တိုင်းတိုက်ခတ်ချိန်တွင် လူ့အသက်အန္တရာယ်ထိခိုက်မှုများကို အနည်းဆုံးအခြေအနေဖြင့် ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုတင်စုဖွဲ့ထားသည့် ကယ်ဆယ်ရေးအဖွဲ့များကိုအမြန်ဆုံးစေလွှတ်ခြင်းနှင့် စားသောက်ဖွယ်ရာများ၊ ရေသန့်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းကိုလည်း အမြန်ဆုံးပို့ဆောင်ပေးရန်လိုကြောင်း၊ ဆက်သွယ်မှုပြတ်တောက်ခဲ့သည့်ဒေသများတွင် ဆက်သွယ်မှုကွန်ရက်များ ပြန်လည်ကောင်းမွန်စေရေး အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန်လိုကြောင်း၊ မုန်တိုင်းဆက်လက်ဖြစ်ပေါ်နေသည့်သတင်းအချက်အလက်များကိုလည်း အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများကိုလည်း ပြုပြင်ထိန်းသိမ်းရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ သွားရောက်ကြည့်ရှုစဉ် ပြောကြားသည့်အမှာစကား

( ၁၆ - ၅ - ၂၀၂၃ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၅ ရက်ညနေပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုနှင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ရေဝင်၊ ရေဝပ်မှုများဖြစ်ပေါ်လျက်ရှိသည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**စူဠာမဏိဂူဘုရားကြီး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့ပြီး ရေဝပ်မှုများဖြစ်ပေါ်လျက်ရှိသည့် နရပတိစည်သူမင်းတည်ထားခဲ့သော စူဠာမဏိဂူဘုရားကြီးသို့ရောက်ရှိကြပြီး ရေစုပ်ထုတ်ရေးလုပ်ငန်းနှင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုဝန်ထမ်းအဖွဲ့များအား ကြည့်ရှုအားပေးရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်တို့က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားစေတီများ ရေဝင်၊ ရေဝပ်မှုများဖြစ်ပေါ်ခဲ့မှုနှင့် ရေစုပ်ထုတ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားစေတီများ၏ပရိဝုဏ်များအတွင်း မြေညှိခြင်းနှင့် မြေဖို့ခြင်းများကို ဆောင်ရွက်သွားရန်နှင့် နောင်တွင် ယခုကဲ့သို့ ရေဝင်ရောက်မှုများမဖြစ်စေရေး ရေထွက်ပေါက်များကိုလည်း စနစ်တကျတွက်ချက်ထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း၊ ဘုရားကြီး၏အတွင်းအပြင်အား ထိန်းသိမ်းရာတွင် သမိုင်းဝင်တန်ဖိုးကြီးအမွေအနှစ် ဖြစ်သည့်အတွက် စနစ်တကျ

ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီများ ရေရှည်တည်တံ့စေရေးအတွက် မှန်ဖြင့်ကာရံနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့ပြီး စူဠာမဏိဘုရားကြီးအား ဖူးမြော်ကြည်ညိုသည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရား၊ ထီးလိုမင်းလို ဘုရားကြီးနှင့် ရွှေစည်းခုံစေတီတော်မြတ်ကြီးတို့အားသွားရောက်၍ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကြောင့် ရေဝင်ရောက်ခဲ့မှုနှင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့်အခြေအနေများကိုသွားရောက်ကြည့်ရှုသည်။

### အာနန္ဒာဘုရား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အာနန္ဒာဘုရားသို့ ရောက်ရှိဖူးမြော်ကြည်ညိုကာ ဘုရားကြီးအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ရေဝင်၊ ရေဝပ်ခဲ့သည့် အခြေအနေများအားကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာ့ဗိသုကာပညာရပ်သည် ရှေးယခင်ကတည်းကပင် အရည်အသွေးမြင့်မားခဲ့ကြောင်း၊ ထို့ကြောင့် တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းလက်ရာများကို ထိန်းသိမ်းရာတွင် စနစ်တကျနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန်လိုပြီး သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ချိန်တွင် ရေဝင်၊ ရေဝပ်မှုများမရှိစေရေးနှင့် ထိခိုက်ပျက်စီးမှုများမရှိစေရေး လိုအပ်သည့်ပြုပြင်ဆောင်ရွက်မှုများကို တာဝန်ရှိသူများက ကြိုတင်စိစစ်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အာနန္ဒာဘုရား၏ မြောက်ဘက် မဟာရံတံတိုင်းနှင့်ကပ်လျက်တွင်ရှိသည့် အာနန္ဒာအုတ်ကျောင်းထိန်းသိမ်းထားရှိမှုနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ကျောင်းမုခ်ဦး ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အာနန္ဒာအုတ်ကျောင်းသည် အောက်ထပ်နံရံအပြည့်တွင် ကုန်းဘောင်ခေတ်နံရံဆေးရေးပန်းချီများ အပြည့်ပါရှိသော တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ အမြောက်အမြားပါရှိသည့်အတွက်ကြည့်ရှုလေ့လာသူများနှင့်သဘာဝဘေးဒဏ်တို့ကြောင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး စနစ်တကျတွက်ချက်မွမ်းမံဆောင်ရွက်ရန်လိုကြောင်း၊ လက်ရှိပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ပြီးပါက အများပြည်သူများ နံရံဆေးရေးပန်းချီများကိုလေ့လာရာတွင် အဆင်ပြေစေရေး တိုက်ရိုက်မဟုတ်သော မီးအလင်းပေးမှုကိုဆောင်ရွက်ပေးရန်လိုကြောင်း၊ အာနန္ဒာအုတ်ကျောင်းသည်လည်း တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ အမြောက်အမြားပါရှိသည့်အတွက် အုတ်ကျောင်းကြီးတစ်ခုလုံးကိုခြုံငုံနိုင်သည့် အမိုးပါအဆောက်အအုံတစ်ခု တည်ဆောက်ကာရံနိုင်ရေး ပညာရှင်များနှင့်ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး အုတ်ကျောင်းအား လှည့်လည်ကြည့်ရှုသည်။

### ထီးလိုမင်းလို ဘုရားကြီး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထီးလိုမင်းလို ဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအတွင်း၊ အပြင်နှင့် အထက်ပစ္စယံတို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိဘုရား၊ စေတီ၊ ပုထိုးများသည် ရှေးဟောင်းသမိုင်းဝင်လက်ရာများဖြစ်ပြီး တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်မှုများကိုအလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ယခင်ခေတ်က ဘုရား၊ စေတီ၊ ပုထိုးများ တည်ဆောက်ရာတွင်အသုံးပြုသည့် ကော်ရည်ကို ဥသျှစ်သီး၊ တင်လဲရည်၊ ထုံး၊ အုတ်နီမှုန့်၊ သဲတို့ကို ရောစပ်အသုံးပြုသည်ဟု သိရှိရပြီး တာဝန်ရှိသူများအနေဖြင့် ၎င်းကော်ရည်ဖော်စပ်မှုကို ယခင်ခေတ်နည်းလမ်းများအတိုင်း အချိုးအစားအမျိုးမျိုးဖြင့် သုတေသနပြုရောစပ်ခြင်း၊ ဓာတ်ခွဲခြင်းများဖြင့် ဖော်ဆောင်စမ်းသပ်ဆောင်ရွက်ရန်လိုကြောင်း၊ စမ်းသပ်မှုအောင်မြင်ပါက ရှေးဟောင်းဘုရားစေတီပုထိုးများကိုပြုပြင်ရာ၌ ထိရောက်စွာအသုံးပြုနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

### ရွှေစည်းခုံစေတီတော်မြတ်ကြီး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်မင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး သဘာဝဘေးဒဏ်ကြောင့် ရေဝင်၊ ရေဝပ်ခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်မွမ်းမံထိန်းသိမ်းမှုများကို ဆောင်ရွက်သွားရန် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်မြတ်ကြီးရှိ ကျန်စစ်သားမင်းကြီး အတ္ထုပ္ပတ္တိကျောက်စာကို ကြည့်ရှုပြီး ကျောက်စာများသည် အဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ်များဖြစ် သည့်အတွက် ယခုထက်ပိုမိုအဆင့်မြင့်စွာ ထိန်းသိမ်းထားရှိရန်လိုအပ်ကြောင်း၊ ကျောက်စာများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့သို့ ပြန်ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ အလွယ်တကူလေ့လာသိရှိနိုင်ရေး Tablet များဖြင့် ပြသထားရှိရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ညောင်ဦးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ထိခိုက်မှုနှင့် ပတ်သက်သည့်အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

## ( ၁၆ - ၅ - ၂၀၂၃ )



ညောင်ဦးခရိုင်အတွင်း သဘာဝဘေးအန္တရာယ်ထိခိုက်မှုနှင့်ပတ်သက်သည့် အစည်းအဝေးကို မေလ ၁၆ ရက် နံနက်ပိုင်းတွင် ညောင်ဦးခရိုင်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံယဉ်ကျေးမှုပြတိုက်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဦးမျိုးအောင်က ညောင်ဦးခရိုင်အတွင်း နှစ်အလိုက် မိုးရွာသွန်းမှုအခြေအနေ၊ ဆည်/တာတမံများအတွင်းရေဝင်ရောက်မှုအခြေ အနေ၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့မှု၊ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရှေးဟောင်းဘုရားအချို့နှင့် အဆောက်အအုံအချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှု၊ ဘုရားများအတွင်းသို့ ဝင်ရောက်ခဲ့သည့်ရေများကို ပြန်လည်စုပ်ထုတ်ခြင်း၊ သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့မှု၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးတောင်မကြီးပေါ်ရှိ တာဝါတိုင်ကျိုးကျပျက်စီးခဲ့မှုအခြေအနေများ၊ ပုဂံဒေသကို Town Plan ရေးဆွဲပြီး ရေစီးရေလာများ ကောင်းမွန်စေရေးဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သဘာဝဘေးဒဏ်ကြောင့် ရှေးဟောင်းဘုရားများ ပျက်စီးခဲ့မှုအခြေအနေ၊ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် ဘုရားများမှ ရေများစုပ်ထုတ်ပြီးမှုအခြေအနေ၊ ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ မြကန်အတွင်း ရေဝင်ရောက်မှု၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရောက်မှုများ ထပ်မံမဖြစ်ပေါ်စေရန် ရေစီးဆင်းမှုများကို ကောင်းမွန်စေရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ ရှေးဟောင်းဘုရားကြီးများအတွင်း ရေများထပ်မံဝင်ရောက်မှုမရှိစေရေး ကျွမ်းကျင်ပညာရှင်များနှင့် ညှိနှိုင်းပြီး ရေထွက်ပေါက်များ ဖောက်လုပ်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် မိုခါမုန်တိုင်းကြောင့်ဖြစ်ပေါ်လာသည့် ထိခိုက်ပျက်စီးမှုအခြေအနေများကိုကြည့်ရှု၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိုခါမုန်တိုင်း၏ လမ်းကြောင်းမှာ မိမိတို့နိုင်ငံ၏ အနောက်ဘက်မှ အရှေ့မြောက်ဘက်သို့ ဝင်ရောက်မည်ဟု သိရှိခဲ့ရကြောင်း၊ ထိုအထဲတွင် ပုဂံဒေသလည်းပါဝင်သည်ကို တွေ့ရှိရပြီး မုန်တိုင်းကြောင့် ပုဂံဒေသတွင် မိုးရွာသွန်းမှုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်နေသည့် မုန်တိုင်းနှင့်မိုခါမုန်တိုင်းတို့ ပေါင်းစည်းမိသွားပါက အလွန်ပြင်းထန်သည့် မုန်တိုင်းတစ်ခုဖြစ်လာမည်ဟု ပညာရှင်များ၏ သုံးသပ်ချက်အရ သိရှိခဲ့ရသော်လည်း တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းမှာ ပျက်ပြယ်သွားခဲ့သဖြင့် မိမိတို့နိုင်ငံအနေဖြင့် ထိခိုက်ဆုံးရှုံးမှုဖြစ်ပွားနိုင်သည်ထက် များစွာသက်သာသွားခဲ့ကြောင်း။

သဘာဝဘေးအန္တရာယ်တွင် မိုးလေဝသကြောင့် ဖြစ်ပွားသည့် အန္တရာယ်နှင့် ငလျင်ဘေးဒဏ်အန္တရာယ်များရှိကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားချိန်တွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း၊ ပျက်စီးမှုဖြစ်ပေါ်ချိန်တွင်လည်း စနစ်တကျပြုပြင် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် နိုင်ငံအတွက် အစားထိုးမရသည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်ပြီး တန်ဖိုးဖြတ်၍မရနိုင်သည့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သဖြင့် ထိခိုက်ပျက်စီးမှုများမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သစ်ပင်များစိုက်ပျိုးရန်အတွက် မိမိအနေဖြင့် ယခင်ကတည်းက တိုက်တွန်းခဲ့ကြောင်း၊ မြေ Level များကို ထိန်းညှိနိုင်ခြင်းမရှိသဖြင့် ရေဝပ်မှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်မြေ Level များကို ထိန်းညှိပြီး ရေထွက်ပေါက်များစနစ်တကျ ဖောက်လုပ်ရန်လိုကြောင်း၊ ရှေးဟောင်းဘုရားကြီးများဖြစ်သဖြင့် ထိခိုက်လွယ်ကြောင်း၊ ထို့ကြောင့် တန်ခိုးကြီး ရှေးဟောင်းဘုရားကြီးများ ထိခိုက်မှုမရှိအောင် စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မဟာရံတံတိုင်းများနှင့် ရင်ပြင်တော်များကိုလည်း ရေဝပ်ခြင်းဖြင့် မထိခိုက်ရန်နှင့် ပြုပြင်ခြင်းများကို Check List များ ပြုစု၍ စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း။

အလားတူ မိုးရွာသွန်းမှုများပြားချိန်၌ ဝင်ရောက်ခဲ့သည့် ရေများကို ပြန်လည်စုပ်ထုတ်ချိန်တွင် ရေထုတ်ချိန်၌ အခြားနေရာများထိခိုက်မှုမရှိစေရေး ရေထုတ်သည့်စနစ်ကို စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း၊ ပုဂံဒေသအတွင်း မြေနှင့်ပတ်သက်၍ Survey ပြုလုပ်ရန်လိုကြောင်း၊ ပုဂံယဉ်ကျေးမှုနယ်မြေသည် ထိခိုက်ပျက်စီးမှုများ လုံးဝမဖြစ်ပေါ်ရန်လိုကြောင်း၊ ပုဂံဒေသတွင် သစ်ပင်စိုက်ပျိုးမှုနှင့်ပတ်သက်၍ နယ်မြေအတွက် အန္တရာယ်ရှိသည့်အပင်အိုများကို ခုတ်ထွင်ရှင်းလင်းရန်လိုအပ်သကဲ့သို့ အပင်ပျိုများကိုလည်း ထပ်မံစိုက်ပျိုးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ မရှိအောင်လည်းဆောင်ရွက်ရန်လိုသဖြင့် ဌာနဆိုင်ရာအလိုက် တာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့် ညှိနှိုင်းတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သာယာလှပရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ပန်းမန်များကို စိုက်ပျိုးရန်လိုကြောင်း၊ မျက်စိပသာဒဖြစ်ပြီး အရိပ်ရသည့် ပင်ကြီးမျိုးများကိုစိုက်ပျိုးရန်လိုပြီး အမြဲတမ်းစိမ်းစိုနေသည့် အပင်

များကို စိုက်ပျိုး၍ ပတ်ဝန်းကျင်အလှအပကို ဖန်တီးပေးရန်လိုကြောင်း။

လမ်းများပေါ်တွင် ကားများမောင်းနှင်ချိန်၌ သဲများကြောင့်ဖုန်ထမှုမဖြစ်ပေါ်စေရေးသက်ဆိုင်ရာစည်ပင်သာယာဌာနမှတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အဓိကကျသည့်လမ်းများကို နိုင်လွန်ကတ္တရာလမ်းများခင်းကျင်းရန်နှင့် လမ်းများချောမွေ့စေရေးဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အခြားလမ်းသွယ်များကိုလည်းချောမွေ့စေရေး အမြဲပြင်ဆင်ထိန်းသိမ်းနေရန်လိုကြောင်း။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ခရီးသွားများစနစ်တကျရှိစေရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများကြောင့် ရှေးဟောင်းပစ္စည်းများ လျော့နည်းပပျောက်မှုမရှိစေရေးပစ္စည်းလုံခြုံမှုများရှိအောင်ဆောင်ရွက်ရန်နှင့် တန်ဖိုးဖြတ်မရသည့် ရှေးဟောင်းအနုပညာလက်ရာများ ပျက်စီးမှုများမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ဈေးဆိုင်များ စနစ်တကျရှိစေရေးအတွက်လည်းတာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ရောင်းချလျက်ရှိသည့်ပစ္စည်းများကိုလည်း ပုဂံဒေသမှထုတ်လုပ်သည့်ပစ္စည်းများဖြစ်စေရေး (One Region One Product) ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတကာဧည့်သည်များအနေဖြင့် မိမိတို့နိုင်ငံရှိ ဈေးဆိုင်များကိုကြည့်၍ မြန်မာတို့၏ပုံရိပ်ကို ထင်ဟပ်စေနိုင်သဖြင့် စည်းကမ်းတကျရှိနေရန်လိုကြောင်း။

အလားတူ အစားအစာများနှင့်ပတ်သက်၍ ဒေသအစားအစာများဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများကိုဆွဲဆောင်နိုင်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ပုဂံဒေသတွင် ပုန်းရည်ကြီးများထွက်ရှိသဖြင့် ပုန်းရည်ကြီးကိုအခြေခံသည့် အဆင့်မြင့်ဒေသအစားအစာများကို ကြံဆဆောင်ရွက်နိုင်ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေမှ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက ပုဂံဒေသသည်ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၁၈ - ၅ - ၂၀၂၃ )




မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို မေလ ၁၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်ကြီးများ၊ စာတမ်းရှင်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းအသီးသီးမှပါမောက္ခများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်တို့က မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပညာရေးညီလာခံအခမ်းအနားမှတ်တမ်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ပြည်သာရန် ပညာရေးညီလာခံ" အလင်္ကာ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်၏ လူမှုရေးဦးတည်ချက်တွင်ပါဝင်သည့် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး" ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရေး ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းပင်ဖြစ်ပါကြောင်း။

**စုပေါင်းဆွေးနွေးအဖြေရှာ**

ယခုညီလာခံကြီးကို ပညာရေးနှင့်ဆက်စပ်ဝန်ကြီးဌာန ၁၁ ခု ပူးပေါင်းပြီး စကားဝိုင်းဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် ကျင်းပမည်ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ၏ ပညာရေးတိုးတက်မြင့်မားရေးကိုအဟန့်အတားဖြစ်နေသည့် အခက်အခဲများ၊ ပြဿနာများ၊ စိန်ခေါ်မှုများကို စုပေါင်းဆွေးနွေးအဖြေရှာပြီး အနာဂတ်ပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းသတ်မှတ်နိုင်ကြမည်လည်းဖြစ်ပါကြောင်း။

**ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရ**

ပညာရေးကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုကြပါကြောင်း၊ "ပညာရေးဆိုသည်မှာ အမျိုးမျိုးသော သင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့် တန်ဖိုးများ" ဟု ဖွင့်ဆိုသည်ကိုလည်းတွေ့ရပါကြောင်း၊ လူတစ်ယောက်သည်ပညာကိုမွေးကင်းစအရွယ်ကတည်းကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရခြင်းဖြစ်ပါကြောင်း၊ ပညာကိုသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့် ပညာနှင့်ဘဝကို ပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း။

ဘက်စုံပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာ တတ်မြောက်မှုကိုသာမက Personal Skills ဟုခေါ်သည့် ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများကို ဘက်စုံမြှင့်တင်ပေးပါကြောင်း၊ စဉ်းစားသုံးသပ်တွေးခေါ်မှု (Critical thinking)၊ ပြဿနာဖြေရှင်းမှု (Problem solving)၊ တီထွင်ဖန်တီးမှု (Creativity)၊ ဆန်းစစ်အကဲဖြတ်မှု (Evaluation)၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု (Analytical skills)၊ ပူးပေါင်းဆောင်ရွက်မှု (Collaboration)၊ အလိုက်သင့်ဆောင်ရွက်တတ်မှု (Adaptability)၊ လူမှုဆက်ဆံရေး (Social skills)၊ စိတ်ခံစားချက်နားလည်မှု (Emotional intelligence)၊ တရားမျှတမှု (Justice)၊ လောကနီတိဆိုင်ရာအပြုအမူ (Ethical behavior) နှင့် ဦးဆောင်တတ်မှု (Leadership) အစရှိသည့်ဘက်စုံကျယ်ပြန့်သည့် အရည်အသွေးများ၊ စွမ်းရည်များ၊ ကိုယ်ရည်ကိုယ်သွေးများ၊ အသိပညာ၊ အတတ်ပညာများကို ဘက်စုံပညာရေးက ပြည့်စုံစေမည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံပညာရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်မှ ပါဝင်နေပါကြောင်း၊ ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံသားများ၏ရပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်ကြသည်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အင်အားစုများ ဖြစ်လာကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ရန် ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

### တန်းစဉ်ကူးပြောင်းမှု လျော့နည်းမှုမှာ များပြားနေ

ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကျောင်းနေသူ ၁၉ ဒသမ ၄၄ သန်းတွင် ပဉ္စမတန်းတက်ရောက်သူ ၁၁ ဒသမ ၃၇ သန်း (၅၇ ဒသမ ၂၉ ရာခိုင်နှုန်း)ရှိပြီး အလယ်တန်းအဆင့် ၈ တန်းသို့ တက်ရောက်သူ ၇ ဒသမ ၇၈ သန်း (၄၀ ဒသမ ၂၆ ရာခိုင်နှုန်း) သာရှိပါကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ် အထက်လူဦးရေ ၄၆ ဒသမ ၄၆ သန်းတွင် သက်မွေးပညာပြီးသူ ၂ ဒသမ ၉ သိန်း၊ ဘွဲ့ရသူ ၃ သန်း ရှိသည်ကိုတွေ့ရပါကြောင်း၊ တန်းစဉ်ကူးပြောင်းမှုလျော့နည်းမှုမှာ များပြားနေသည်ကို မိမိ ၂၀၀၄ ခုနှစ် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတာဝန်ထမ်းဆောင်စဉ်ကတည်းက စတင်သတိပြုခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်တာဝန်ယူချိန်တွင်လည်း ယခုကဲ့သို့ စိစစ်တွေ့ရှိရသည့်အတွက် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် ပညာရေးဝန်ကြီးဌာနကို တာဝန်ပေးစိစစ်စေသည့်အခါ အထက်ကအခြေအနေများကို တွေ့ရခြင်းဖြစ်ပါကြောင်း၊ ၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အထက် လူဦးရေ၊ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူ ၂၂ ဒသမ ၉ သန်း အနက်တစ်ဝက်ခန့်သာ အလယ်တန်းအဆင့် ပညာတတ်မြောက်မှုသာ ရှိပါကြောင်း၊ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင်နေထိုင်ပြီး ယင်းအနက် အသက် ၁၅ နှစ်အထက် ၄၅ ရာခိုင်နှုန်းသည် စိုက်ပျိုးမွေးမြူရေး အသက်မွေးဝမ်းကျောင်း၊ ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင်ပါနေကြောင်း၊ ၎င်းတို့သည် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံကောင်းများရှိရန် မဖြစ်မနေလိုပါကြောင်း။

အလယ်တန်းနှင့် အထက်တန်းပြီးမြောက်သူများ တက်ရောက်ကြသည့် နည်းပညာနှင့် သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာတန်း ပြီးမြောက်သူသည်လည်း တစ်နိုင်ငံလုံးတွင် သုံးသိန်းခန့်သာရှိသည့်အတွက် အလယ်တန်းဆင့်ပြီးမြောက်သူများကို စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးပညာသင်တန်းများ ပိုမိုတက်ရောက်နိုင်ရန် လမ်းဖွင့်ပေးကြရမည်ဖြစ်ပါကြောင်း၊ (၃) သိန်းဆိုသည့် ပမာဏသည်လည်း ၁၅ နှစ်အထက် လူဦးရေ၏ ၁ ရာခိုင်နှုန်းကျော်သာရှိသည်ကို တွေ့ရပါကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအစီရင်ခံစာတွင် ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြကြောင်းနှင့် အသက် ၁၂ နှစ်မှစပြီး ကျောင်းတက်နှုန်း စတင်ကျဆင်းလာကာ အသက် ၁၄ နှစ်နောက်ပိုင်း အလယ်တန်းပြီးမြောက်ချိန်တွင် သိသိသာသာ ကျဆင်းလာသည်ကိုဖော်ပြထားသည်ကိုတွေ့ရပါကြောင်း။

ကျောင်းဆက်မတက်သူ ၁၀ ဦးကို မေးမြန်းလေ့လာရာတွင် ၃ ဦးသည် မိသားစုကို ကူညီနေရ၍ဟု ဖြေဆိုပြီး ၂ ဦးမှာ ကျောင်းဆက်တက်ရန် ငွေကြေးမတတ်နိုင်သောကြောင့်ဟု ဖြေဆိုသည်ကိုသိရပါကြောင်း၊ အသက် ၃ နှစ်မှ ၅၀ နှစ်အတွင်း လူဦးရေ၏ ကျောင်းဆက်မတက်ရခြင်း အဓိကအကြောင်းအရင်းမှာ မကျန်းမာခြင်း ထိခိုက်ဒဏ်ရာရခြင်း မသန်စွမ်းခြင်းကြောင့် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ ကျောင်းထားရန် ငွေမတတ်နိုင်သည်မှာ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ အိမ်အလုပ်ကူရသည်မှာ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကူရသည်မှာ ၇ ဒသမ ၂ ရာခိုင်နှုန်း၊ စာမေးပွဲကျခြင်း၊ စာမလိုက်နိုင်ခြင်းနှင့် စိတ်ဝင်စားစရာမကောင်းသည်မှာ ၁၂ ဒသမ ၂ ရာခိုင်နှုန်း၊ ကျောင်းကဝေးလွန်းသည်က ၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်နေသည်ကို တွေ့ရပါကြောင်း၊ အဆိုပါအချက်များအရ ဆင်းရဲမွဲတေမှုကြောင့်ဖြစ်သည်မှာ အများစုဖြစ်နေပါကြောင်း၊ ကျောင်း

> လူတစ်ယောက်သည်ပညာကို
> မွေးကင်းစအရွယ်ကတည်းကစပြီး
> ဘဝတစ်သက်တာ သင်ယူလေ့လာ
> နေကြရခြင်းဖြစ်၊ ပညာကိုသင်ယူ
> လေ့လာထားသည့် လူတစ်ဦးချင်းစီသည်
> မိမိတတ်မြောက်ထားသည့်ပညာနှင့်
> ဘဝကို ပြည့်စုံအောင်မြင်အောင်
> တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့
> မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်
> လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး
> လူ့အသိုက်အဝန်းကို အထောက်အကူ
> ပြုစေနိုင်မည်ဖြစ်။

တက်သူဦးရေ တိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးကိုအဟန့်အတားဖြစ်စေသည့်အကြောင်းရင်း များကို ယခုကျင်းပသည့် ပညာရေးညီလာခံကြီးတွင် အဖြေရှာပြီး ဖြေရှင်းပေးကြရမည် ဖြစ်ပါကြောင်း။

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်ပါကြောင်း၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း၊ ပညာမတတ်သည့်နိုင်ငံသားများပြီး ပညာရေး နိမ့်ကျသည့်နိုင်ငံသည် အမှန်တကယ် မတိုးတက်နိုင်ဟု လက်ခံထားကြပါကြောင်း၊ နိုင်ငံတစ်နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်း အမြစ်သည် အဓိကဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကိုအဓိကတည်ဆောက် ကြရပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေး တိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက် အချိုးကျနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာတတ်များပေါကြွယ်ဝရေးကိုဦးတည်ကြိုးပမ်း ကြရမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့်ကျောင်းနေအရွယ်ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူ နိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးကြရန်လိုအပ်ပါ ကြောင်း၊ Education for All ဆိုသည့်အတိုင်း အားလုံး အတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော် သွားကြရမည်ဖြစ်ပါကြောင်း။

လေ့လာချက်များအရ သာမန်လုပ်ကိုင်စားသောက် နိုင်အောင် အနည်းဆုံး အလယ်တန်းအဆင့်ပညာရေး ပြီးမြောက်ရန်သင့်သည်ကိုတွေ့ရှိရပါကြောင်း၊ မိဘများ ဖြစ်သည့် မိမိတို့တစ်တွေနှင့် လုပ်ကိုင်စွမ်းရှိသူ နိုင်ငံသား အားလုံးက နောင်အနာဂတ်အတွက် ခိုင်မာသည့် လမ်းခင်း ပေးရန်လိုအပ်ကြောင်း၊ စုစည်းညီညွတ်သည့်အားဖြင့် ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုရသည့် သာဓကများစွာ ရှိပါကြောင်း။

**အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ ကြိုးစားဆောင်ရွက်**

ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ကျောင်းနေ အရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေးနှင့် အနာဂတ်ပညာရေး ပိုမိုကောင်းမွန် လာစေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီကြိုးစားဆောင်ရွက်သွားကြပါက မအောင် မြင်စရာ အကြောင်းမရှိသည်ကို ပြောကြားလိုပါကြောင်း။

သုတေသနပြုချက်များအရ ကလေးများကိုကျောင်း ထားရန် တွန့်ဆုတ်နေကြသည့် မိဘများကို ပညာတန်ဖိုး နားလည်သဘောပေါက်အောင်စည်းရုံးပြီး လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းက ကူညီပံ့ပိုးပေးရန် အသင့်ရှိနေသည်ဟု ယုံကြည်လာအောင် လုပ်ပေးနိုင်ပါက ကလေးများကို ပိုမို ကျောင်းထားလာစေသည်ကို သိရှိရပါကြောင်း။

**အထောက်အကူပြုနိုင်မည်**

နိုင်ငံတော်အနေဖြင့် အခမဲ့ပညာရေးအစီအစဉ်အရ ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ပေးနေသကဲ့သို့ အတန်းကူးပြောင်းသွားကြသည့် ကျောင်းသားများထံမှ ကျောင်းဝတ်စုံများနှင့် စာအုပ်များကို လိုအပ်သည့် ကျောင်းသားများဆီ လွှဲပြောင်းပေးအပ်ခြင်းနှင့် အမှန် တကယ် ကျောင်းနေရန် အခက်အခဲရှိသည့် ချို့တဲ့နွမ်းပါး သူများကို ပညာသင်ထောက်ပံ့ကြေး ပံ့ပိုးပေးခြင်းတို့သည် အခက်အခဲရှိသည့် မိဘများ၏ ဝန်ထုပ်ဝန်ပိုးကို အထိုက် အလျောက်လျော့ကျစေနိုင်ပြီး ကလေးများကို ကျောင်း ထားရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ကျောင်းသားမိဘများအနေဖြင့်လည်း မိမိသားသမီး များကိုအမှန်တကယ်စာတတ်မြောက်စေရန် အရည်အသွေး ရှိသည့်ပညာများကိုသင်ကြားပေးနိုင်မည်ဟု ယုံကြည်သည့် ကျောင်းများတွင်သာကျောင်းထားလိုကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ဆရာ၊ ဆရာမ လုံလောက်ရေး၊ ရရှိထား သည့် ဘွဲ့နှင့် သင်ကြားနေသည့် ဘာသာရပ်ကိုက်ညီရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ဆရာ ဆရာမများ သက်သာချောင်ချိရေး၊ သင်ရိုးညွှန်းတမ်းများ မွမ်းမံရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့ကို ဆောင်ရွက် ပေးကြရန် အလွန်အရေးကြီးပါကြောင်း၊ ထို့ပြင် စာသင် ဆောင်၊ စာသင်ခန်း၊ ကျောင်းစာကြည့်တိုက်၊ သင်ထောက်ကူ ပစ္စည်းများ၊ သောက်ရေ၊ သုံးရေ၊ သန့်စင်ခန်း၊ အားကစား ကွင်းနှင့် ကာယပစ္စည်းများ ဖြည့်ဆည်းရေးကိုလည်း ပံ့ပိုးဆောင်ရွက်ပေးသွားကြရမည် ဖြစ်ပါကြောင်း၊

ကျောင်းတက်ရောက်ရာတွင် သွားလာမှုအဆင်ပြေရေး အတွက် ကျောင်းအဆင့်တိုးမူဝါဒများကိုလည်းလိုအပ် ပါက ပြန်လည်သုံးသပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေး ဦးတည်ချက်တစ်ခုဖြစ်သည့် **"သွင်းကုန်အစားထိုးရန် နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက် ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"** ကိုရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ကစပြီး ခရိုင် ၅၀ တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၅၁ ကျောင်းကို ဖွင့်လှစ် သွားမည်ဖြစ်ပါကြောင်း KG+9 အလယ်တန်း ပညာရေး ပြီးဆုံးအောင်မြင်သူများအနေဖြင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူ ရေး အထက်တန်းကျောင်းများ တက်ရောက်နိုင်ကြပြီး အသက်မွေးဝမ်းကျောင်း အခြေခံရရှိရေးအတွက် Grade 10၊ Grade 11၊ Grade 12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များကို သင်ယူ လေ့ကျင့်နိုင်ကြမည် ဖြစ်ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာ သင်နှစ်တွင် ကျန်ခရိုင် ၇၅ ကျောင်း ဆက်လက်ဖွင့်လှစ် ရန် လုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါကျောင်း အားလုံး ဖွင့်ပြီးသော်လည်း တန်းခွဲ ၁ ခု ၅၀ ဖြင့် နယ်ပယ် ၃ ခုမှ အခြေခံပညာအထက်တန်းအဆင့် ၁ နှစ် ၁၈၅၀၀ ဦးသာ သင်ကြားပြီးမြောက်မည်ဖြစ်ပါကြောင်း၊ ၁၀ နှစ် လျှင် ၁၈၅၀၀၀ ရှိမည်ဖြစ်ပါကြောင်း၊ မည်သည့်မှု မသိသည် ထက်စာပါက အခြေခံတတ်သိနားလည်သည့်သူများက လုပ်ငန်းခွင်တွင် အထောက်အကူပြု လုပ်ဆောင်ပေးနိုင် မည်ဖြစ်ပါကြောင်း၊ ၎င်းတို့ကို သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ် များတွင် အဆင့်မြင့်ပညာသင်ကြားနိုင်စေရေး ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းခွင်တွင် လက်တွေ့အသုံးကျမည့် ပညာရပ်၊ ကျွမ်းကျင်မှုကို အဆိုပါ ကျောင်းများတွင် ထိရောက်စွာ သင်ကြားလေ့ကျင့်ပေးပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးမည်ဆိုပါက သွင်းကုန်အစားထိုး ကုန်ပစ္စည်း များ၊ Value-added တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ရောင်းချခြင်းနှင့် မိမိတို့မိသားစု စားဝတ်နေရေး ဖူလုံရုံမက နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးကို အထောက် အကူပြုနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံခြားသုံးငွေကို လျှော့ချ နိုင်မည်လည်း ဖြစ်ပါကြောင်း၊ ယခုအစီအစဉ် အောင်မြင် ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန တို့အပြင် အခြားသောဆက်စပ်ဝန်ကြီးဌာနများကလည်း ပံ့ပိုးဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

**ချိတ်ဆက်ဆောင်ရွက်**

ယခုကျောင်းများတွင် နိုင်ငံတော်၏လိုအပ်ချက်နှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုများကို သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ပါ ကြောင်း၊ လူငယ်လူရွယ်များ၏ အသက်မွေးဝမ်းကျောင်း မှုကို အထောက်အကူပြုစေမည့် သက်မွေးပညာရပ်များကို သင်ကြားပေးရုံသာမက လက်တွေ့လုပ်ငန်းခွင်တွင် လေ့ကျင့် နိုင်ရန်အတွက် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership) ကို ချိတ်ဆက်ဆောင်ရွက် သွားကြရမည် ဖြစ်ပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာတတ် မြောက်သည့် ပညာတတ်များပေါ်များရေးကို ဦးစားပေး မျှော်မှန်းချက်အဖြစ် ထားရှိပါကြောင်း၊ တက္ကသိုလ်

> **နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာကိုအဓိကတည်ဆောက်ကြရ မည်ဖြစ်၊ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေး တိုးတက်မှုများသည် ပညာတတ် ပေါ်ကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေ၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်။**

ဆိုသည်မှာ အသိပညာ၊ အတတ်ပညာများကို အသုံးချပြီး တွေးတောကြံစည်လုပ်ကိုင်နိုင်ရန် အဆင့်မြင့်ပညာရပ်များကို လေ့ကျင့်သင်ကြားပေးရာ ဌာနကြီးများလည်း ဖြစ်ပါကြောင်း၊ ယခင်ကတက္ကသိုလ် တက်ရောက်မည်ဆိုပါက နိုင်ငံ့ဝန်ထမ်းလုပ်မည်ဆိုသည့်မျှော်လင့်ချက်၊ မျှော်မှန်းချက်ထားကြပါကြောင်း၊ ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်၊ ပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းသာမကပဲ နယ်ပယ်ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ပြီဖြစ်ပါကြောင်း၊ အလယ်အလတ်အဆင့်စီမံခန့်ခွဲသူ(မန်နေဂျာ) အဆင့်မှ အုပ်ချုပ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နည်းပညာ/ အတတ်ပညာ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်နယ်ပယ်များတွင် ပညာတတ်များ၏ အခန်းကဏ္ဍ ကြီးမားစွာရှိနေပါကြောင်း၊ ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိမှု၊ စဉ်းစားတွေးခေါ်နိုင်စွမ်းရှိမှု၊ တီထွင်ကြံဆမှု၊ သုတေသနပြုမှုများသည် ယနေ့ခေတ်တွင် အရေးပါနေပါကြောင်း၊ အသုံးချနိုင်ရမည် ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာသင်ကြားရာတွင် နေ့ကျောင်းတက်သင်ကြားခြင်း၊ Online နှင့်သင်ကြားခြင်း၊ စာပေးစာယူသင်ကြားခြင်းများရှိပြီး မည်သည့်နည်းလမ်းနှင့် သင်ယူသည်ဖြစ်စေ အမှန်တကယ်တတ်မြောက်နိုင်စွမ်းရှိရန် လိုမည်ဖြစ်ကြောင်း၊ ကျန်းမာရွှင်လန်းစွာဖြင့် ပညာသင်ကြားနိုင်ရန်လိုမည်ဖြစ်ကြောင်း၊ အရည်အသွေးရှိသည့် အဆင့်မြင့်ပညာရေးကို ဖော်ဆောင်နိုင်ရန်အတွက် အရည်အသွေးရှိသည့် ဆရာ ဆရာမများခန့်ထားခြင်း၊ အရည်အသွေးမြှင့်တင်ရေးသင်တန်းများပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်မီစေခြင်း၊ သင်ကြားနည်းစနစ်များ တိုးတက်စေခြင်း၊ နည်းပညာအသစ်များ အသုံးပြုသင်ကြားခြင်း၊ စာကြည့်တိုက်နှင့် အင်တာနက်ကို အသုံးပြုသည့် သင်ကြားသင်ယူမှုကို အားပေးခြင်း၊ အွန်လိုင်းသင်ယူမှုပလက်ဖောင်းနှင့် ဒစ်ဂျစ်တယ်စာကြည့်တိုက်များ ထူထောင်ပေးခြင်း၊ သင်ထောက်ကူပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သုတေသနပစ္စည်းများဖြည့်တင်းခြင်း၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုအားပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျောင်းသားကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ နိုင်ငံခြားပညာတော်သင်များစေလွှတ်ခြင်း၊ အားကစားနှင့် ပညာရေးပေါင်းစပ်ခြင်းစသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မည်ဆိုပါက ရည်မှန်းချက်ပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည် ဖြစ်ပါကြောင်း။

**ဖြည့်ဆည်းပေးရမည်**

တက္ကသိုလ်များသည် ခုံညားထည်ဝါမှု၊ ဂုဏ်သိက္ခာအဆင့်တစ်ခုရှိရန် လိုအပ်သည်နှင့်အညီ တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးကို တာဝန်ရှိသူအသီးသီးက အလေးထား ထိန်းသိမ်းစောင့်ရှောက်ပေးရမည်ဖြစ်သကဲ့သို့ တက္ကသိုလ်အင်္ဂါရပ်များတတ်နိုင်သမျှ ပြည့်စုံအောင် ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ခေတ်မီပြီး ထိရောက်သည့်သင်ယူမှု ဝန်းကျင်ကောင်းများဖန်တီးပေးရန်အတွက် လိုအပ်သည့် သင်ကြားရေး အဆောက်အအုံများ၊ စာကြည့်တိုက်များ၊ သုတေသနစင်တာများ ပြည့်စုံစေရမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များအနေဖြင့် နိုင်ငံတော်စီးပွားရေး လိုအပ်ချက်နှင့်ကိုက်ညီမည့် ခေတ်မီသင်ရိုးညွှန်းတမ်းများကို သင်ကြားရာတွင် လက်ရှိဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘာသာရပ်သင်တန်းများကို ပြန်လည်သုံးသပ်မွမ်းမံခြင်း၊ ဈေးကွက်လိုအပ်ချက်တောင်းဆိုမှုများပြားသည့်ဘာသာရပ် သင်တန်းအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို သုံးသပ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အဆင့်မြင့်ပညာရေးကဏ္ဍအနေဖြင့် ဘာသာရပ်ကျွမ်းကျင်မှုရှိအောင်သင်ကြားပေးသည့်အပြင်လူမှုအသိုက်အဝန်းတိုးတက်မြင့်မားမှုကို အထောက်အကူပြုစေရေးအတွက်ကိုပါ အလေးထားလေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းလိုပါကြောင်း၊

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများစွာထဲတွင် ပညာရေးကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုသည် အလွန်အရေးကြီးပါကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအကျိုးရလဒ်များကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးမြှင့် ခွဲဝေပေးလျက် ရှိပါကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာန အပါအဝင် ပညာရေးနှင့်ဆက်စပ်နေသည့် ဝန်ကြီးဌာနများအတွက်

ပညာရေးအသုံးစရိတ် စုစုပေါင်း ၃၁၄၆ ဒသမ ၁၄၉ ဘီလီယံခွင့်ပြုထားပါကြောင်း၊ အဆိုပါခွင့်ပြုပေးထားသည့် ပညာရေးအသုံးစရိတ်သည် ပြည်ထောင်စုအသုံးစရိတ်၏ ၉ ဒသမ ၄၈ ရာခိုင်နှုန်းနှင့် ဂျီဒီပီ၏ ၂ ဒသမ ၁၈ ရာခိုင်နှုန်း ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း။

**လစဉ်ချီးမြှင့်ပေးအပ်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်ယူခဲ့သည့် ၂ နှစ်တာကာလအတွင်း ပညာရေးအတွက်ထင်ရှားသည့်ချီးမြှင့်မှု၊ ပံ့ပိုးမှုအချို့ကို ဖော်ပြရမည်ဆိုပါက ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလကစတင်ပြီး သင်ကြားရေးဆရာ ဆရာမများကို ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများပေးအပ်ခဲ့ရာတွင် ပါရဂူဘွဲ့အတွက် ငွေကျပ် သုံးသောင်းကျပ်နှုန်း၊ မဟာဘွဲ့အတွက် ငွေကျပ်နှစ်သောင်း ငါးထောင်ကျပ်နှုန်းဖြင့် ဘွဲ့လွန်ဒီပလိုမာအတွက် ငွေကျပ်တစ်သောင်းကျပ်နှုန်းဖြင့် လစဉ်ချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကစတင်ပြီး အုပ်ချုပ်မှုစရိတ်အဖြစ် တက္ကသိုလ်ပါမောက္ခချုပ်၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီးများအား ကနဦးလစာ၏ ၁၀ ရာခိုင်နှုန်းကို လစဉ်ထပ်ဆောင်းချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး တိုင်းရင်းသားနေ့စားလပေးသင်ကြားရေး အထောက်အကူပြုဆရာ (Teaching Assistant) များကို မူလက တစ်လလျှင် ငွေကျပ်ကိုးသောင်းခြောက်ထောင်ကျပ်မှ ငွေကျပ်တစ်သိန်းသုံးသောင်းကျပ် ကိုလည်းကောင်း၊ တိုင်းရင်းသားဘာသာစကားသင်ဆရာ (Language Teacher) များကို ပုတ်ပြတ်တစ်လလျှင် ငွေကျပ်သုံးသောင်းကျပ်နှုန်းမှ ခြောက်သောင်းကျပ်ကိုလည်းကောင်းတိုးမြှင့်ပြီး လစဉ်ချီးမြှင့်ပေးအပ်လျက်ရှိပါကြောင်း။

၂၀၂၂ ခုနှစ်၊ ဩဂုတ်လကစတင်ပြီး အိမ်ငှားစရိတ်အဖြစ် လူပျို၊ အပျိုများအတွက် မူရင်းလစာ၏ ၄ ရာခိုင်နှုန်းနှင့် အိမ်ထောင်သည်များအတွက် မူရင်းလစာ၏ ၈ ရာခိုင်နှုန်းကို လစဉ်ထောက်ပံ့လျက်ရှိပါကြောင်း၊ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ဝတ်စုံစရိတ်အဖြစ် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် တစ်ဦးလျှင်သုံးသောင်းကျပ် ထောက်ပံ့လျက်ရှိပါကြောင်း။

ထို့ပြင် ထိရောက်သည့် သင်ကြားသင်ယူမှုမြှင့်တင်နိုင်ဖို့အတွက် ဆရာကျောင်းသားအချိုး မျှတရန် လိုအပ်သည်နှင့်အညီ ပညာရေးဝန်ကြီးဌာနတွင် ဆရာဆရာမအသစ်များကိုခန့်ထားပေးခဲ့ရာ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာဆရာမပေါင်း ၁၃၉၀၃ ဦး၊ တက္ကသိုလ်နည်းပြ၊ သရုပ်ပြ ၅၈၉၉ ဦးနှင့် ပညာရေးဒီဂရီကောလိပ်နည်းပြ၊ သရုပ်ပြ ၃၃၃ ဦးတို့ကို ခန့်အပ်ပေးခဲ့ပါကြောင်း၊ အခြားဝန်ကြီးဌာနများက ကျောင်းအသီးသီးတွင်လည်း ဆရာ၊ ဆရာမ ၇၅၃၇ ဦးကိုခန့်အပ်ခဲ့ပါကြောင်း။ ယခင်က ပညာရေးတက္ကသိုလ် နှစ်ခုမှာသာဖွင့်လှစ်ခဲ့သည့် ဘီအီးဒီ (စာပေးစာယူ) ဘွဲ့သင်တန်းကို ပညာရေးဒီဂရီကောလိပ် ၂၅ ကျောင်းမှာ တစ်နှစ်လျှင် နှစ်သုတ်နှုန်းဖြင့် တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

အရည်အသွေးရှိသည့် ပညာရေးကို သင်ကြားနိုင်ခွင့်ရရှိရန်နှင့် သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရန်အတွက် အခြေခံပညာကဏ္ဍတွင် စာသင်ဆောင်အသစ် ၅၈၃၅ ဆောင်၊ စာကြည့်တိုက် ၁၂၅ ဆောင်၊ အဆင့်မြင့် ပညာကဏ္ဍ တက္ကသိုလ်များမှာ စာသင်ဆောင်အသစ် ၂၁ ဆောင်၊ ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင် ၂၂ ဆောင်၊ ဆရာ ဆရာမအဆောင် ၃ ဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ ၃ ခု၊ သုတေသနစင်တာ ၅ ခု၊ စာကြည့်တိုက် ၃ ခု၊ အားကစားရုံ ၁ ရုံနဲ့ ပညာရေးဒီဂရီကောလိပ်များမှာ စာသင်ဆောင်အသစ် ၂၃ ဆောင်၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင် ၄၀ ခု၊ ဝန်ထမ်းအိမ်ရာ ၂၇ ခု၊ စာကြည့်တိုက် ၁ ခု၊ အားကစားရုံ ၂ ရုံတို့ဆောက်လုပ်ပေးခဲ့သည့်အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကျောင်းတိုင်းတွင် သင်ထောက်ကူပစ္စည်း၊ စက်ပစ္စည်း၊ ပရိဘောဂ၊ ဓာတ်ခွဲခန်းသုံးပစ္စည်း၊ ရည်ညွှန်းစာအုပ်များကို ဖြည့်ဆည်းပေးခဲ့ပါကြောင်း၊ အခြားဝန်ကြီးဌာနများမှ ကျောင်းအသီးသီးတွင် အဆောက်အအုံ ၁၄၈ လုံးဆောက်လုပ်ပေးနိုင်ခဲ့ပါကြောင်း။

**အစွမ်းကုန်ကြိုးပမ်းအားထုတ်**

နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးပြီး ပညာရေးကဏ္ဍ မြင့်မားစေရန် အဘက်ဘက်မှပံ့ပိုးပေးလျက်ရှိသကဲ့သို့ ပညာရေးဝန်ထမ်းများကလည်း မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့ကျင်းပသည့် ပညာရေးညီလာခံမှ ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့်နည်းလမ်းများရှာဖွေရေး၊ ကျောင်းတက်သူဦးရေ တိုးတက်လာစေမည့် နည်းလမ်းများရှာဖွေရေး၊ KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးဆောင်ရွက်ရေး၊ အသက်မွေးဝမ်းကျောင်းအခြေခံရရှိရေးအတွက် KG+10, 11, 12 တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနည်းပညာရပ်များသင်ကြားရေး၊ လုပ်ငန်းခွင်လက်တွေ့အသုံးကျမယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံပညာရပ်များ ထိရောက်စွာသင်ကြားပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေး၊ အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်းကိုပါ အထောက်အကူပြုစေမည့်ပတ်ဝန်းကျင်နှင့် သင်ကြားရေး၊ ဝိဇ္ဇာ-သိပ္ပံပညာရှင်များ၊ နည်းပညာရှင်များ မွေးထုတ်ရေးနှင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များရှိရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးဖော်ထုတ်ပြီး တိုင်းကျိုးပြည်ပြုရေးလုပ်ငန်းစဉ်ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ကြဉ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ခေတ်ကာလ၏ ဆန်းသစ်သည့်နည်းပညာများနှင့်အတူ တိုးတက်ပြောင်းလဲလာသည့် ကမ္ဘာကြီးကို လက်လှမ်းမီနိုင်ရန် မျိုးဆက်သစ်လူငယ်များကို ကောင်းမွန်စွာ လေ့ကျင့်သင်ကြားပေးရာတွင် လူငယ်များ၏ စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ စဉ်းစားဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဥပဒေကိုသိရှိလေးစားလိုက်နာတတ်ရန်နှင့် သိက္ခာရှိစွာပြုမူနေထိုင်တတ်အောင်လည်း လမ်းပြသွန်သင်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ နောင်လာနောက်သား မျိုးဆက်သစ်များ၏ အနာဂတ်ကိုပုံဖော်ရာတွင် စာသင်ကျောင်းများ၊ သင်ရိုးညွှန်းတမ်း အရည်အသွေးများ၊ ဆရာဆရာမများ၏ ဘာသာရပ်တတ်ကျွမ်းမှုများ၊ သင်ကြားရေးကျွမ်းကျင်မှုများ၊ နာသုံးနာနှင့် ပြည့်ဝသည့် ဆရာ့ဂုဏ်နှင့် အသက်မွေးဝမ်းကျောင်းပြုသည့် အလုပ်အပေါ် ထားရှိသည့် သဘောထားများနှင့်တန်ဖိုးထားမှုများက အရေးပါနေမည်ပင်ဖြစ်ပါကြောင်း။

**ပြောကြား**

ထို့ကြောင့် ယခုကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၃) တွင် ဝန်ကြီးဌာနပေါင်းစုံမှ ပညာရှင်များက အနာဂတ်မြန်မာ့ပညာရေး ပိုမိုကောင်းမွန်စေရေးအတွက် ရှုထောင့်စုံမှ ရင်းနှီးပွင့်လင်းစွာ သုံးသပ်ဆွေးနွေးနိုင်ကြပါစေကြောင်း၊ ပညာရေးညီလာခံကြီးတွင် တက်ကြွစွာဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ် ရလဒ်ကောင်းများစွာ ဖော်ထုတ်နိုင်ပါစေကြောင်း၊ ပညာရေးမိသားစုများနှင့် နိုင်ငံသားများအားလုံး၏ စုပေါင်းစွမ်းပကားနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားသည်ထက်မြင့်မားရလေအောင် ဆောင်ကြဉ်းနိုင်ကြပါစေကြောင်း၊ ပညာတတ်သည့်မျိုးဆက်များနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

■ ■ ■

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း (၁/၂၀၂၃) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း (၁/၂၀၂၃) မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၉ - ၅ - ၂၀၂၃ )





ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေး ကဏ္ဍမြှင့်တင်ရေး"** ဟူသည့်အချက်ကို လူမှုရေးဦးတည်ချက်တွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်ကြောင်း၊ လူငယ်လူရွယ်များ၏ စာရိတ္တမဏ္ဍိုင်မြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထွန်းကားရေး၊ အသင်းအဖွဲ့စိတ်ဓာတ်များဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိစေရေး အစရှိသည့် ကဏ္ဍအသီးသီးတိုးတက်အောင်မြင်မှုရရှိအောင် အစိုးရအနေဖြင့် ဆောင်ရွက်ပေးနေခြင်းသည် တိုင်းပြည်၏ လူသားအရင်းအမြစ်များ ရှင်သန်ခိုင်မာအောင်ပင်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့၏အနာဂတ် နိုင်ငံတော်ကြီးသည် လူသားအရင်းအမြစ်ကောင်းများ၏ ကြိုးစားအားထုတ်မှုနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိမှာပင်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေလ ၁၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၃)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အကြီးတန်းအဆင့်) နှင့် (အငယ်တန်းအဆင့်)(၁/၂၀၂၃)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**ရေကြောင်းပညာနှင့် လေကြောင်းပညာ ကျွမ်းကျင်သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နွေရာသီကျောင်းပိတ်ရက်တာကာလများတွင် မိမိတို့၏ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ အနာဂတ်ကာလတွင် မိမိ၏နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရေကြောင်းနှင့်လေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းအသီးသီးကို တက်ရောက်ခဲ့ကြသည့် မောင်မယ်များကို တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားရသည့်အတွက် ဝမ်းသာပီတိဖြစ်ကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူမျိုးဆက်သစ်လူငယ်မောင်မယ်များကို ရေကြောင်းပညာနှင့် လေကြောင်းပညာကျွမ်းကျင်သည့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ပြီး ယခုလိုသင်တန်းများကို တပ်မတော်အနေဖြင့် ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ပြည့်အင်အားဟူသည်ပြည်တွင်း၌သာရှိသောကြောင့် မောင်တို့မယ်တို့သည်လည်း အနာဂတ်နိုင်ငံတော်အတွက် အင်အားသစ်များကို ဖြည့်ဆည်းပေးကြမည့် တိုင်းပြည်၏ ဖန်တီးရှင်များပင်ဖြစ်ကြောင်း၊ ကျန်းမာသန်စွမ်းဖျတ်လတ်မှုများနှင့် ပြည့်စုံနေသည့်လူငယ်ဘဝတွင် မိမိတို့ဝါသနာပါကြသည့် ပညာရပ်အသီးသီးကိုလေ့လာပြီး နွေရာသီကျောင်းပိတ်ရက်ကာလများကို အကျိုးရှိရှိအသုံးချခဲ့သည့်အတွက် မိဘဆွေမျိုးများအနေဖြင့်လည်း ဝမ်းသာဂုဏ်ယူနေကြမည်ဆိုသည်ကို ယုံကြည်မိပါကြောင်း၊ သင်တန်းကာလအတွင်း သင်ခန်းစာဘာသာရပ်များမှ ဗဟုသုတအတွေ့အကြုံများကို ရရှိစေခဲ့သကဲ့သို့ လူငယ်အချင်းချင်း မိတ်ဆွေအပေါင်းအသင်း ဖြစ်ခွင့်များကိုပါ ရရှိစေခဲ့ပြီး ချစ်ခင်ရင်းနှီးမှုများ တိုးပွားစေခဲ့မည်ဖြစ်ကြောင်း၊ **“ယနေ့လူငယ် နောင်ဝယ်လူကြီး”ဟူသည့်အတိုင်း ယခုလို ငယ်စဉ်ဘဝတွင်ရရှိခဲ့သည့် အချင်းချင်းချစ်ခင်ရင်းနှီးမှုများကို အခြေတည်ပြီး တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းတာဝန်များကို လက်တွဲညီညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။**

**ရက်သတ္တပတ် (၄) ပတ်တာဖွင့်လှစ်**

ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်း အသီးသီးကို ရက်သတ္တပတ် ၄ ပတ်တာဖွင့်လှစ်ခဲ့ပြီး သိသင့်သိထိုက်သည့် ရေကြောင်းနှင့်လေကြောင်းပညာရပ်များအပြင် အခြေခံစစ်ပညာဖြစ်သည့် စစ်ရေးပြဘာသာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊ အမိန့်နာခံတတ်မှုနှင့် စည်းကမ်းစနစ်တကျရှိမှုများကို ဖော်ပြနေသည့် စစ်ရေးပြဘာသာရပ်သည် မဖြစ်မနေသင်ယူသင့်သည့် အခြေခံစစ်ပညာဘာသာရပ်တစ်ခုပင် ဖြစ်ကြောင်း။

ရေကြောင်းပညာရပ်တွင် အခြေခံရေတပ်သား ဘာသာရပ်များ၊ ရေကြောင်းလမ်းညွှန်အခြေခံသဘောတရားများ၊ အသုံးချရေကြောင်းလမ်းညွှန်နှင့် နက္ခတ္တဗေဒဆိုင်ရာများ၊ အခြေခံရေကူးနှင့် လှေလှော်၊ ရွက်တိုက်ဘာသာရပ်များကိုလည်း မောင်တို့မယ်တို့အနေဖြင့် လေ့လာသင်ကြားခဲ့ကြပြီးဖြစ်ကြောင်း။

လေကြောင်းပညာရပ်တွင် လေကြောင်းပညာသမိုင်း၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားများ၊ လေယာဉ်တည်ဆောက်မှုအခြေခံသဘောတရားများ၊ လေယာဉ်ပုံစံငယ်တည်ဆောက်မှုအခြေခံများ၊ RC လေယာဉ်/ရဟတ်ယာဉ်မောင်းနှင်ခြင်း စသည့်ဘာသာရပ်များကို လေ့လာသင်ကြားခဲ့ကြပြီးဖြစ်ကြောင်း။

**စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို ပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုအပ်၊ ငယ်စဉ်ဘဝကတည်းက စာကောင်းပေမွန်များဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့်အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ကိန်းအောင်းနိုင်စေရန် အခြေခံစိတ်ဓာတ်ကောင်းများလည်း ရရှိစေမှာဖြစ်။**

ပညာရပ်အသီးသီးတွင် မြေပြင်မှာကြုံတွေ့ရသည့် အခြားသောပညာရပ်နှင့်မတူညီဘဲ ကျယ်ပြန့်နက်ရှိုင်းမှုများ ရှိနေကြခြင်းကို မောင်တို့မယ်တို့ တွေ့ရှိခဲ့ကြရပြီး ဖြစ်ကြောင်း၊ ခက်ခဲနက်နဲမှုများရှိလေလေ ရရှိသည့် အောင်မြင်မှု အသီးအပွင့်များသည်လည်း တန်ဖိုးရှိလေလေဖြစ်ခြင်းကြောင့် မောင်တို့မယ်တို့အနေဖြင့် သင်တန်းကနေ ရရှိခဲ့သည့် အတွေ့အကြုံကောင်းများကို ဆက်လက်အသုံးချနိုင်ရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ယခုလို သင်တန်းတက်ရောက်ခွင့်ရသည့် အတွက်ကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆောင်ရွက်မှုများကိုပါ မောင်တို့မယ်တို့မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြပြီးဖြစ်ကြောင်း၊ နိုင်ငံ၏ ရေပြင်/ဝေဟင်တန်ဖိုးကို သိနားလည်၍ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်သည့် နိုင်ငံများသည် ရေကြောင်းနှင့်လေကြောင်းပညာရပ်များကိုစဉ်ဆက်မပြတ် ခေတ်နှင့်အညီ လေ့လာဖော်ထုတ်သုတေသနပြုပြီး ကာကွယ်ရေးစွမ်းအားအတွက်သာမက အမျိုးသားအကျိုးစီးပွားအတွက်ပါ မြှင့်တင်နိုင်အောင် ယှဉ်ပြိုင်ကြိုးစားလျက်ရှိကြောင်း၊ ကာကွယ်ရေးစွမ်းအားတောင့်တင်းခိုင်မာခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိနေခြင်းကြောင့် မောင်တို့မယ်တို့ သင်ယူခဲ့ရသည့် ပညာရပ်အသီးသီး၏ တန်ဖိုးကိုသိရှိနားလည်တန်ဖိုးထားကြရန်လိုအပ်ကြောင်း။

**ကျင့်ကြံကြိုးစား**

**ပညာပြည့်ဝနှလုံးလှသည့် လူငယ်များ၏ အားကသာ နိုင်ငံတော်ကို စစ်မှန်သည့်အကျိုးဖြစ်ထွန်းစေခြင်းကြောင့် မောင်တို့မယ်တို့သည် ပညာပြည့်ဝနှလုံးလှသည့် လူငယ်များဖြစ်အောင် ကျင့်ကြံကြိုးစားကြရမည်ဖြစ်**ကြောင်း၊ ပညာပြည့်ဝနှလုံးရည်လှသူတိုင်းသည် အရာရာကို အကောင်းအဆိုးခွဲခြားနိုင်စွမ်းရှိခြင်းကြောင့် ပညာ၏ အရေးပါမှုကို သိနားလည်ပြီး မိမိတို့၏ ဘဝလမ်းကြောင်း မတိမ်းစောင်းအောင် ဂရုပြုနိုင်စွမ်းရှိကြကြောင်း၊ မိမိတို့ တစ်ဦးချင်း၏ ဘဝလမ်းကြောင်း၊ မိမိတို့မိသားစု၏ အနာဂတ်လမ်းကြောင်းကို တည့်မတ်ဖြောင့်မတ်အောင် ထိန်းကျောင်းနိုင်မှသာလျှင် မိမိနိုင်ငံတော်ကိုလည်း မယိမ်းမယိုင်အောင် ကာကွယ်စောင့်ထိန်းနိုင်သူများ ဖြစ်လာကြမှာဖြစ်ကြောင်း၊ စာအုပ်စာပေများသည် လူသားတို့၏ မိတ်ဆွေများပင်ဖြစ်ကြောင်း၊ စာအုပ်စာပေများထဲက လူသားတို့အတွက် မှန်ကန်သည့် အသိဉာဏ်ရင့်သန်မှုကို ပေးနိုင်စွမ်းရှိ၍ မောင်တို့မယ်တို့အနေဖြင့် စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုတတ်ရန် လိုအပ်ကြောင်း၊ ငယ်စဉ်ဘဝကတည်းက စာကောင်းပေမွန်များဖတ်ရှုခြင်းအားဖြင့် မှန်ကန်သည့်အသိအမြင်၊ အတွေးအခေါ်နှင့် ဉာဏ်ပညာများ ကိန်းအောင်းနိုင်စေရန် အခြေခံစိတ်ဓာတ်ကောင်းများလည်းရရှိစေမှာဖြစ်ကြောင်း၊ မောင်တို့မယ်တို့ အနေဖြင့် ယခုတက်ရောက်ခဲ့သည့် သင်တန်းများက ရရှိခဲ့သည့် အချိန်ကိုလေးစားပြီး အကျိုးရှိရှိအသုံးချခဲ့သည့် အတွေ့အကြုံ၊ စည်းကမ်းတကျ လုပ်ဆောင်တတ်သည့် အတွေ့အကြုံ၊ အချင်းချင်းဆွေးနွေးတိုင်ပင်၊ လက်တွဲလုပ်ကိုင်တတ်သည့် အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး နောင်အနာဂတ်ခရီး လျှောက်လှမ်းသွားမည်ဆိုလျှင် လူ့တန်ဖိုးသည် အများကြီးရှိလာမည်ဖြစ်ကြောင်း။

**ရေခံမြေခံကောင်းများရှိပြီး**

နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတပစ္စည်းများ မည်မျှပင်ပေါကြွယ်ဝစေကာမူ ထိထိရောက်ရောက်ပုံဖော်အသုံးချနိုင်စွမ်းမရှိလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်လည်း နှေးကွေးတတ်ကြကြောင်း၊ မိမိတို့နိုင်ငံသည် ရာသီဥတုသာယာမျှတမှု၊ ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင်တည်ရှိနေမှု၊ ရာသီဥတုသုံးမျိုးစလုံးနှင့် ကိုက်ညီစွာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နိုင်သည့် ရေခံမြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ယခုလိုအခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချနိုင်ရန် လူသားအရင်းအမြစ်များရှိမှသာ တိုင်းပြည်၏ စီးပွားသည်လည်း ယခုထက်မက အဆပေါင်းများစွာ တိုးပွားလာမှာပင်ဖြစ်ကြောင်း။

ပထမအရွယ်မှာရှိနေကြသည့် မောင်တို့မယ်တို့အနေဖြင့် ပညာကိုကောင်းစွာ သင်ကြားကြရမည့် အချိန်အခါတွင် မိမိစိတ်ကို ပျက်စီးလေလွင့်စေမည့်တခြားအရာများနှင့် မပတ်သက်မိအောင် သတိပြုနေထိုင်ကြရန်လိုအပ်ကြောင်း၊ ထို့အပြင် မိမိ၏ကျန်းမာရေးကို လျစ်လျူရှုနေထိုင်တာမျိုးများမဖြစ်စေရန်လည်း အရေးကြီးကြောင်း၊ “အာရောဂျ ပရမံ လာဘံ”ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ခြင်းကြောင့် အကျိုးမရှိသည့် ကွမ်း၊ ဆေး၊ အရက် စသည့် မူးယစ်ဆေးဝါး အခြေခံ အမူအကျင့်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း၊ လူငယ်

> **အမိနိုင်ငံတော်ကြီးထဲတွင် မွေးဖွားသူများ ဖြစ်သည်နှင့်အညီ အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကို ကောင်းစွာသိရှိနားလည်ထားကြရန်လိုအပ်၊ နိုင်ငံ၏ မြန်မာ့သမိုင်းနှင့်တပ်မတော်၏ သမိုင်းသည် ဒွန်တွဲလျက်ရှိနေခြင်းကို သိရှိနားလည်ပြီး နိုင်ငံ၏ အကျိုးစီးပွားကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အဆိုးမြင်အယူအဆ များကို မောင်တို့မယ်တို့အနေဖြင့် တွန်းလှန်ဖယ်ရှားနိုင်ကြရန် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရမည်ဖြစ်။**

များ၏ စာရိတ္တမဏ္ဍိုင်ပျက်စီး ယိုယွင်းမှု ဓာတ်မြစ်ကို ဖော်ထုတ်လိုက်ရင် မူးယစ်ဆေးဝါးသည် အဓိကတရားခံ ဖြစ်ခြင်းကို တွေ့ရှိရမှာပင်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှသာ မိမိအလိုရှိရာကို စိတ်သွားတိုင်းကိုယ်ပါ စီမံဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးလိုက်စားပြီး ခန္ဓာကိုယ်ကြံ့ခိုင်သန်မာအောင် ကိုယ်လက်လှုပ်ရှားအားကစားများကိုပြုလုပ်ကြရန်လိုအပ်မည်ပင်ဖြစ်ကြောင်း၊ ကြံ့ခိုင်သန်စွမ်းပြီး ထက်မြက်သည့် ကာယအား၊ ဉာဏအားများနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာကပါဝင်နိုင်ရေး ကြိုးစားကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် **အမိနိုင်ငံတော်ကြီးထဲတွင် မွေးဖွားသူများဖြစ်သည်နှင့်အညီ အမိနိုင်ငံတော်ကြီး၏ သမိုင်းကြောင်းအစဉ်အလာများကိုကောင်းစွာသိရှိနားလည် ထားကြရန် လိုအပ်**ကြောင်း၊ နိုင်ငံ၏ မြန်မာ့သမိုင်းနှင့် တပ်မတော်၏သမိုင်းသည် ဒွန်တွဲလျက်ရှိနေခြင်းကို သိရှိနားလည်ပြီး နိုင်ငံ၏အကျိုးစီးပွားကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ အဆိုးမြင်အယူအဆများကို မောင်တို့မယ်တို့အနေဖြင့် တွန်းလှန်ဖယ်ရှားနိုင်ကြရန် စဉ်ဆက်မပြတ်လေ့လာ ဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ သို့မှသာလည်း မီဒီယာအပါအဝင် အဘက်ဘက်က ထိုးနှက်တိုက်ခိုက်မှုများကို တုံ့ပြန်နိုင်မည်ဖြစ်ပြီး တိုင်းပြည်ကအားထားရသည့် မျိုးဆက်သစ်မောင်မယ်များဖြစ်လာကြမည်ပင်ဖြစ်ကြောင်း။

**ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်**

သင်တန်းတက်ရောက်ရာမှတစ်ဆင့် ရရှိခဲ့သည့် လူငယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုများကို ဆက်လက်မွေးမြူပြီး ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်သွားကြရန်၊ နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်နေချိန်တွင် သင်ယူခဲ့သည့် ပညာရပ်ဆိုင်ရာ အခြေခံသဘောတရားများမှ အကျယ်ချဲ့စဉ်းစားပြီး ထပ်မံစူးစမ်းလေ့လာမှုများ ပြုလုပ်သွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကို ဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ **“ပညာရွှေအိုး လူမခိုး”**ဟူသည့် အတိုင်း ပညာခေတ်တွင် ပညာရှာရင်း မိမိတို့၏ ကျန်းမာရေးအတွက်လည်း ဂရုပြုဆင်ခြင်နေထိုင်သွားကြရန်၊ မိမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရိုသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့်နောင်တစ်ချိန်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်ကြပါစေကြောင်း ပြောကြားသည်။

■ ■ ■

# သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေး စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ပြောကြားသည့် အမှာစကား

( ၂၀ - ၅ - ၂၀၂၃ )





အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm)“မိုခါ” (MOCHA) ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို မေလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ဧည့်ခန်းဆောင်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များတက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ပြောကြားရာတွင်ပြီးခဲ့သည့် ၁၄ ရက်တွင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း “မိုခါ” (MOCHA) ကြောင့် ဖြစ်ပေါ်ခဲ့သည့် ပျက်စီးခဲ့မှုများအပေါ် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ယခုကဲ့သို့ စာနာမှုအပြည့်ဖြင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်လှူဒါန်းသည့်အတွက် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဟူသည် တားဆီး၍ရနိုင်သည့် အရာမဟုတ်ဘဲ ဖြစ်ပေါ်လာနိုင်သည်များကို မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်မည်၊ ဖြစ်ပေါ်ပြီးပါက ပျက်စီးဆုံးရှုံးခဲ့ရသည်များကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်

ထူထောင်ရေးလုပ်ငန်းများ မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို ကြိုတင်စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့သည့် အတွေ့အကြုံများရှိခဲ့ပြီး သဘာဝဘေးဒဏ်ကို ခါးသီးစွာခံစားခဲ့ရကြောင်း၊ ထို့နောက်ပိုင်း အစိုးရနှစ်ဆက်တွင် သဘာဝဘေးဒဏ်အချို့ကို တွေ့ကြုံခဲ့ရသော်လည်း ကြီးမားသည့်သဘာဝဘေးများမရှိခဲ့ကြောင်း၊ နာဂစ်မုန်တိုင်းဖြစ်ပွားချိန်တွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ပြည့်စုံစွာကြိုတင်ကာကွယ်ပြင်ဆင်နိုင်ခြင်းမရှိသော်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ တပ်မတော်ပိုင်းတွင်လည်း ကြိုတင်ပြင်ဆင်မှုများစွာကို ဆောင်ရွက်ခဲ့ကြောင်း၊ သဘာဝဘေးဒဏ်များမကျရောက်မီကတည်းကပင် ကမ်းရိုးတန်းဒေသများရှိ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များ၌ အဆောက်အအုံများကို Slab ဖြင့်သာအမိုးမိုးစေခဲ့ပြီး သဘာဝဘေးကို ကြိုတင်မျှော်တွေးပြင်ဆင်ဆောင်ရွက်ခဲ့သောကြောင့် ထိခိုက်ပျက်စီးမှုများ မရှိသလောက်နည်းပါးခဲ့သည်ကို လက်တွေ့တွေ့မြင်ခဲ့ရကြောင်း၊ ထို့ပြင် နာဂစ်အတွေ့အကြုံများအရ ဆိုင်ကလုန်း Shelter များနှင့် Multipurpose သုံးနိုင်သည့်အဆောက်အအုံများကိုလည်း ကမ်းရိုးတန်းဒေသများနှင့် ရခိုင်ပြည်နယ်တို့တွင် ဆောက်ပေးခဲ့သော်လည်း လိုအပ်မှုများရှိနေသေးသည်ကို တွေ့ရှိရကြောင်း။

**တစ်ခုသာလျှင်ဝင်ရောက်ခဲ့**

မုန်တိုင်းနှင့်ပတ်သက်၍ မုန်တိုင်းကျရောက်နိုင်ကြောင်းကို မိုးလေဝသ သတင်းများနှင့် တာဝန်ရှိသူများ၏တင်ပြချက်များအရ သိရှိခဲ့ရကြောင်း၊ တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်ခဲ့သည့်မုန်တိုင်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း ဖြစ်ပေါ်ခဲ့သည့်မုန်တိုင်းတို့ဖြစ်ကြောင်းသိရှိရပြီး မိမိတို့အနေဖြင့်သတိကြီးစွာထား၍ စောင့်ကြည့်ခဲ့ကြောင်း၊ ကံကောင်းစွာဖြင့် တောင်တရုတ်ပင်လယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းသည်ပျက်ပြယ်သွားခဲ့ကြောင်း၊ အဆိုပါမုန်တိုင်းနှစ်ခုဆုံမည်ဆိုပါက မူလတွင်ရန်ကုန်နှင့် စစ်တောင်းမြစ်ဝဘက်သို့ တနင်္သာရီကမ်းရိုးတန်းကြားမှဝင်ရောက်မည်ဟု ကြိုတင်ခန့်မှန်းထားမှုများရှိခဲ့ကြောင်း၊ စစ်တောင်းမြစ်ဝဘက်တွင် ယခင်ကသဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ဖူးခြင်းမရှိသဖြင့် မိမိအနေဖြင့် အထူးစိုးရိမ်ခဲ့ရပြီး သတိပေးအမိန့်များ ထုတ်ပြန်ခြင်းကိုဆောင်ရွက်ခဲ့ကြောင်း၊ ကံကောင်းစွာဖြင့် မုန်တိုင်းနှစ်ခုအနက်တစ်ခုသည် ပျက်ပြယ်ခဲ့ပြီး တစ်ခုသာလျှင် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မုန်တိုင်းဝင်ရောက်မည်ဟု သေချာသည့်ခန့်မှန်းမှုများရရှိသည့်အချိန်တွင် မိမိတို့အနေဖြင့် အနီရောင်အဆင့် မုန်တိုင်းသတိပေးချက်ကိုဆောလျင်စွာ ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း၊ ကြိုတင်ပြင်ဆင်ရန်လိုအပ်ချက်များကို ဆောလျင်စွာပြင်ဆင်စေခဲ့သောကြောင့် ရွှေ့ပြောင်းမှုများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူခဲ့ကြောင်း၊ မုန်တိုင်းအမှန်တကယ် မဝင်ရောက်မီရွှေ့ပြောင်းရန် တစ်ရက်ကြိုတင်ပြင်ဆင်ချိန်ရရှိခဲ့ပြီး လူထိခိုက်သေဆုံးမှုများလည်း နည်းပါးခဲ့ကြောင်း၊ တစ်နာရီလျှင် ၁၃၅ မိုင်နှုန်းဖြင့် တိုက်ခတ်သည့် လေပြင်းအရှိန်သည် အလွန်ပြင်းထန်ပြီး နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်ကထက် ပိုမိုပြင်းထန်ကြောင်း၊ မိမိတို့သွားရောက်ကြည့်ရှုသည့် အချိန်တွင်လည်း ထိခိုက်ပျက်စီးမှုများ အလွန်များပြားသည်ကို တွေ့ရှိခဲ့ရကြောင်း။

**စေတနာသဒ္ဓါတရားကြီးမားမှု**

မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးချိန်တွင်လိုအပ်သည့်အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအရေးပေါ် အစည်းအဝေးကို မေ ၁၅ ရက် နံနက်ပိုင်း၌ ပြုလုပ်လျက်ရှိစဉ် အလှူရှင်များက သဘာဝဘေးဒဏ်သင့်ဒေသများအတွက်အလှူငွေများ လာရောက်လှူဒါန်းလိုကြောင်း သိရှိရသဖြင့် အရေးပေါ်အလှူငွေလက်ခံခြင်း အခမ်းအနားတစ်ခုပြုလုပ်ခဲ့ကြောင်း၊ အခမ်းအနားကို အချိန်တိုအတွင်း စီစဉ်ခဲ့ရပြီး စုစုပေါင်းအလှူငွေကျပ်သိန်းပေါင်း ၁၃၁၈၁၀ ကို လက်ခံရရှိခဲ့ကြောင်း၊ မိမိတို့မြန်မာလူမျိုးတို့၏ စေတနာသဒ္ဓါတရားကြီးမားမှုနှင့်စာနာစိတ်၊ မေတ္တာစိတ် အရင်းခံကိုလည်း တွေ့မြင်ခဲ့ရပြီး လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း။

**ပျက်စီးဆုံးရှုံးမှုများပြားခဲ့**

သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ သွားရောက်ကြည့်ရှုခဲ့ရာတွင်လည်း ပျက်စီးဆုံးရှုံးမှုများပြား

ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်ယူ၍ ပြန်လည်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လူအင်အားအများအပြားဖြင့် ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်သည်ကိုတွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းအများအပြားကို သဘာဝဘေးဒဏ်သင့်ဒေသများသို့စေလွှတ်၍ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်စေလျက်ရှိကြောင်း။

သဘာဝဘေးဒဏ်ကျရောက်ခဲ့ရာတွင် မိမိတို့အတွက် အတွေ့အကြုံများစွာလည်းရရှိခဲ့ကြောင်း၊ အဆိုးအကောင်း၊ အကျိုးအပြစ်များကိုလည်း တွေ့မြင်ခဲ့ရပါကြောင်း၊ လူတို့၏ အားနည်းချက်ကြောင့်လည်း သဘာဝဘေးသင့်သည်များကိုလည်းတွေ့ရှိရပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ စေတီပုထိုးများ၏ ပရိဝုဏ်အတွင်း ရေဝင်၊ ရေဝပ်ခြင်းများသည်ရေစီးရေလာကောင်းမွန်အောင်ကြိုတင်ဆောင်ရွက်နိုင်မှုအားနည်းခြင်းတို့ကြောင့်ဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့ဖြစ်ပေါ်ခဲ့ရသည်များကို သင်ခန်းစာယူ၍ နောင်မဖြစ်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**သေဆုံးသူ ၁၄၅ ဦးရှိ**

သဘာဝဘေးနှင့်ပတ်သက်၍ အတွေ့အကြုံများရှိကြသည်ဖြစ်သော်လည်း အချို့သောသူများမှာ ဘေးလွတ်ရာသို့ မရွှေ့ပြောင်းလိုကြသူများလည်းရှိကြကြောင်း၊ အများစု ပြောင်းရွှေ့ပေးနိုင်ခဲ့သော်လည်း အချို့သည် ရွှေ့ပြောင်းပေးမှုအပေါ် ငြင်းဆန်မှုများရှိခဲ့ကြောင်း၊ ထိုသို့ မရွှေ့ပြောင်းမှုများကြောင့် သေဆုံးခဲ့ရသည်များ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားရှိသူများအနေဖြင့် ထိခိုက်မှုမရှိခဲ့သည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံသို့ မုန်တိုင်းဝင်ရောက်နိုင်ခြေ ရာနှုန်းပြည့်နီးပါးသေချာနေသည့်အချိန်တွင် လူသေဆုံးမှုအများအပြားရှိနိုင်ကြောင်းနှင့် ထိခိုက်ပျက်စီးမှုများ များစွာဖြစ်ပေါ်နိုင်ကြောင်းကို နိုင်ငံတကာမှ သုံးသပ်ခဲ့ကြကြောင်း၊ အမှန်တကယ်ဝင်ရောက်ခဲ့ချိန်တွင် ပျက်စီးမှုသည်လည်း များပြားခဲ့ပါကြောင်း၊ မေ ၁၉ ရက် ညနေပိုင်းအထိကောက်ယူရရှိသောစာရင်းများအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စုစုပေါင်းပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုမှာလူနေအိမ် ၁၈၃၀၂၄ လုံး၊ သာသနိကအဆောက်အအုံ ၁၇၁၁ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၁၃၉၇ ကျောင်း၊ ဆေးရုံ/ဆေးခန်း ၂၂၇ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ၅ လုံး၊ ဈေးတစ်ခု၊ လေဆိပ်အနေဖြင့် စစ်တွေလေဆိပ်နှင့် ကျောက်ဖြူလေဆိပ်၊ ဌာနဆိုင်ရာ အဆောက် အအုံ အလုံး ၃၄၀ ပျက်စီးခဲ့ရသည်ကိုတွေ့ရှိရပြီး သေဆုံးသူ ၁၄၅ ဦးရှိကြောင်း၊ ယင်းတို့ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

**ကျပ်သိန်းပေါင်း ၇၀၀၀၀**

ယနေ့ အလှူရှင်များလာရောက်လှူဒါန်းသည့် အလှူငွေများ၊ ပစ္စည်းများဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မေ ၁၅ ရက် မိမိတို့ ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့သွားရောက်စဉ် အလှူငွေကျပ်သိန်းပေါင်း ၇၀၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ တစ်ပါတည်းလွှဲပြောင်းပေးခဲ့ကြောင်း၊ သဘာဝဘေးဒဏ်သင့်ပြည်သူများ ထပ်မံထိခိုက်သေဆုံးမှုမရှိစေရေး၊ စားရေရိက္ခာမပြတ်လပ်စေရေးကို ဦးစွာဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း၊ ထို့နောက် လမ်းပန်းဆက်သွယ်မှုများ ပြန်လည်ရရှိအောင် ဦးစားပေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ ပြည်လမ်းကြောင်းနှင့် မကွေးလမ်းကြောင်းတို့မှ မော်တော်ယာဉ်များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများပို့ဆောင်နိုင်ရေး အသင့်ပြင်ဆင်ထားသည့် ယာဉ်အုပ်စုဆယ်စုနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များကို ညတွင်းချင်းပို့ဆောင်စေခဲ့ပြီး နောက်တစ်နေ့တွင် စစ်တွေမြို့သို့ရောက်ရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**တိုင်းပြည်သာယာဝပြောပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကိုယ်စိတ်နှလုံး အေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေးအတွက်ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိမိတို့၏ဆောင်ရွက်ချက်များ အောင်မြင်မည်ဟုယုံကြည်။**

**အချိန်မီပို့ဆောင်ပေးခဲ့**

အလားတူလေကြောင်းမှလည်း ကူညီကယ်ဆယ်ရေး ပစ္စည်းများကို အချိန်မီပို့ဆောင်ပေးခဲ့ကြောင်း၊ ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းရပ်များအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တို အတွင်း ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ တပ်မတော်မှဦးဆောင်၍ ဆောင်ရွက်ခြင်းနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် လူထိခိုက်သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများကိုများစွာ သက်သာစေခဲ့သည်ကို သက်သေပြနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖြစ်ပွားခဲ့သည့် မုန်တိုင်းသည် မိမိတို့အတွက်ကြီးမားသည့် သင်ခန်းစာတစ်ခုပင် ဖြစ်ကြောင်း။

**စေတနာသည်သာ အရင်းခံ**

ယခုကဲ့သို့ စေတနာထက်သန်စွာဖြင့် လာရောက် လှူဒါန်းမှုများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ စေတနာသည်သာ အရင်းခံဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်မှစ၍ ဖြတ်သန်းခဲ့ရသည့် နှစ်နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ရှန်းကန်မှုများဆောင်ရွက်ခဲ့ရာတွင် ၂၀၂၂ ခုနှစ်တွင် နိုင်ငံ့စီးပွားရေးမှာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာပြီး ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးတက်လာကြောင်း၊ သို့သော်မိမိတို့အနေဖြင့်နိုင်ငံ့စီးပွားရေးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကာလအတွင်း နိုင်ငံ့စီးပွားရေးပြန်လည်ကောင်းမွန်လာပြီး ဝင်ငွေများရရှိလာခြင်းကြောင့် ယခုကဲ့သို့ လှူဒါန်းနိုင်ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့လှူဒါန်းငွေများ များစွာလှူဒါန်းနိုင်ခြင်းမှာ နိုင်ငံ၏စီးပွားရေးအားကောင်းမွန်မှုကို ပြသခြင်းပင်ဖြစ်ကြောင်း၊ ယခုအခါလှူဒါန်းမှုများအနေဖြင့် အခြားနေရာများမှမပါ စုစုပေါင်း ငွေကျပ် ဘီလီယံ ၂၀ ခန့်ရှိပြီဖြစ်ကြောင်း၊ ယခုကဲ့သို့နိုင်ငံအတွက်အရေးပေါ်လိုအပ်သည့်အချိန်တွင် စေတနာတရားထက်သန်စွာဖြင့် လှူဒါန်းမှုများပြုလုပ်ပေးသည့်အတွက် အလှူရှင်များကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏အကျိုးစီးပွားအတွက် မည်သည့်လုပ်ငန်းများကိုမဆို အောင်မြင်အောင်ကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိသည်ကိုပြောလိုပါကြောင်း၊ တိုင်းပြည်ကောင်းရန်အတွက် အမှန်တကယ်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် တိုင်းပြည်သာယာဝပြောပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံးကိုယ်စိတ်နှလုံး အေးချမ်းစွာဖြင့်လုပ်ကိုင်စားသောက်နိုင်ရေးအတွက်ရည်မှန်း ဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိမိတို့၏ဆောင်ရွက်ချက်များ အောင်မြင်မည်ဟုယုံကြည်ပါကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ယခင်ကထက်ပိုမိုသာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုများသည် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများမှပြည်သူများအတွက် အားကိုဖြစ်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ခဲ့သည့် ဒေသများကို ထိထိရောက်ရောက်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုတည်းသာမက ချင်းပြည်နယ်အချို့သောဒေသများအတွက်လည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စီမံခန့်ခွဲမှုများပိုမိုအဆင်ပြေမြန်ဆန်စေရေးအတွက် တပ်မတော်အရာရှိကြီးများကိုစေလွှတ်၍ ဆောင်ရွက်စေလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် အတွေ့အကြုံရှိပြီးဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်ဖြင့် ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ မိုးမကျမီကာလအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ခိုင်ခိုင်မာမာဖြစ်အောင်ဆောင်ရွက်ရန်လိုသဖြင့် မိမိတို့အနေဖြင့်အားသွန်ခွန်စိုက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ လှူဒါန်းငွေများကိုလည်း အကျိုးရှိရှိဖြင့်ထိထိရောက်ရောက် အသုံးချသွားမည်ဖြစ်ပြီး ယနေ့လှူဒါန်းမှုများအတွက် အထူးပင်ကျေးဇူးတင်ရှိသည်ကို ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် မေ ၁၅ ရက်တွင် ကနဦးအလှူငွေများ လှူဒါန်းခဲ့ကြသည့်

အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များက သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် အလှူငွေများကိုပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလက်ခံရယူသည်။

**ကျေးဇူးတင်စကားပြော**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားရာတွင် ယခုအခါ နိုင်ငံတကာကလည်းအကူအညီများ ပေးအပ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံကလည်း ကူညီကယ်ဆယ်ရေးပစ္စည်းများကို သင်္ဘောများဖြင့်လာရောက်ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ တရုတ်နိုင်ငံကလည်း အရေးပေါ်အနေဖြင့် နယ်စပ်မှစားသောက်ကုန်များကို ပေးပို့လျက်ရှိပြီး ထိုင်းနိုင်ငံအနေဖြင့်လည်း လာမည့်တနင်္လာနေ့တွင် ပေးပို့မည်ဖြစ်ကြောင်း၊ အလားတူ အာဆီယံ (AHA) စင်တာမှလည်း ကူညီထောက်ပံ့ရေးပစ္စည်းများပေးပို့သွားမည်ဟုသိရှိရကြောင်း၊ အခြားနိုင်ငံတကာကလည်း ကူညီမှုများဆောင်ရွက်ပေးသွားမည်ဟု အသိပေးအကြောင်းကြားမှုများရရှိပြီးဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပမှလှူဒါန်းသည့် အလှူငွေများနှင့်ပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူများတစ်ဦးတစ်ယောက်မှ မကျန်ရှိစေရေး ကူညီဆောင်ရွက်ပေးသွားမည်ကို အသိပေးပြောကြားလိုကြောင်း၊ ယနေ့လှူဒါန်းမှုပြုကြသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအားလုံးကိုလည်း နိုင်ငံတော်၏ကိုယ်စား လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

■ ■ ■

# သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

## ( ၂၀ - ၅ - ၂၀၂၃ )



အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) "မိုခါ" (MOCHA) ဝင်ရောက်လာမှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေလ ၂၀ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးခင်မောင်ရီ၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြ**

ဦးစွာညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးက သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင်လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးယာဉ်တန်းအဖွဲ့များက နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊သွားလာရန်ခက်ခဲသည့်ဒေသများသို့ ကုန်းလမ်း၊ ရေလမ်းတို့ဖြင့် ခက်ခက်ခဲခဲချီတက်ခဲ့ရမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က ဘင်္ဂလားပင်လယ်အော်အတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် မုတ်သုံ (Monsoon) သည် မေလအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံအလယ်ပိုင်းတို့သို့ ဆက်လက်ဝင်ရောက်လာနိုင်မည့်အခြေအနေများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့်စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်

ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ပို့ဆောင်သွားမည့် အခြေအနေများ၊ သဘာဝဘေးဒဏ်သင့်ဒေသများ၌ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့များက နယ်မြေခံကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ နေ့စဉ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းရရှိသည့်အဝတ်အထည်များ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် အခြားသဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများသို့ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုလယ်ယာအဖွဲ့များ၊ တိရစ္ဆာန်ဆေးကုအဖွဲ့များကိုလည်း စေလွှတ်ပေးလျက်ရှိမှု၊ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာ၌ လိုအပ်လျက်ရှိသည့် သစ်ခွဲသားများကိုစစ်တွေမြို့သို့ ဦးစွာပို့ဆောင်ပေးလျက်ရှိမှု၊ စာသင်ကျောင်း၊ ဆေးရုံများ၊ တက္ကသိုလ်တို့၌ ပျက်စီးဆုံးရှုံးမှုများကို အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများလိုအပ်မှု၊ တည်ဆောက်ရေးပစ္စည်းများ မရောက်ရှိမီ ကြိုတင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ တင်ပြကြသည်။

**ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရမည်**

တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများအနက် ရခိုင်ပြည်နယ်စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့သည် ပျက်စီးမှုအများဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ လူထိခိုက်မှုများလည်းရှိကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့လိုက်ပြန့်ကျဲနေခြင်းမျိုးမဖြစ်စေရန်နှင့် အမှန်တကယ်လိုအပ်သည့်နေရာများမကျန်ရှိစေရန် နေ့စဉ်ဆွေးနွေးပွဲပြုလုပ်၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်မှုများကိုလည်း စနစ်တကျဖြင့် မှတ်ပုံတင်ကာဆောင်ရွက်ရန်လိုကြောင်း၊ အဓိကလိုအပ်သည်မှာ သဘာဝဘေးဒဏ်ခံခဲ့ရသည့်ဒေသများ၌ စားရေရိက္ခာများ ပြတ်လပ်မှုမရှိစေရေးနှင့် ဆက်သွယ်မှုပြတ်တောက်မှုမရှိအောင် ကနဦးဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ယခင်အတိုင်း ဖြစ်စေရေးအတွက်လည်း လမ်းကြောင်းများ၌ ပိတ်ဆို့လျက်ရှိသည့် သစ်ပင်၊ သစ်ကိုင်းများကို စနစ်တကျ ဖယ်ရှားရှင်းလင်းရန်နှင့် ရှင်းလင်းရာမှရရှိလာသည့် သစ်ပင်ကြီးများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း။

အရိပ်ရလေကာပင်များသည် မိမိတို့၏ ပတ်ဝန်းကျင်နှင့်လိုအပ်သည်ဖြစ်သော်လည်း လူနေအိမ်များအနီးနှင့် ဓာတ်တိုင်၊ ဓာတ်ကြိုးများနှင့် လွတ်ကင်းမှုမရှိသည့် သက်တမ်းရင့် သစ်ပင်ကြီးများကိုမူ ဘေးအန္တရာယ်မရှိစေရေး ကြိုတင်ရှင်းလင်းထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ အုန်းပင်များနှင့်လမုပင်များသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ကမ်းရိုးတန်းဒေသများအတွင်း ဖြစ်နိုင်သမျှ အရေအတွက်များများစိုက်ပျိုးထားရှိရန် ယခင်ကတည်းကတိုက်တွန်းမှာကြားခဲ့ပြီးဖြစ်ပြီး ယခုလည်း ထပ်မံမှာကြားလိုကြောင်း၊ သဘာဝဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများ၌ သစ်ပင်ကြီးမျိုးများ ပြန်လည်စိုက်ပျိုးနိုင်ရေး နှစ်နှစ်နှင့်အထက်၊ နှစ်ပေအထက်အပင်များကို အရေအတွက်အများအပြား ပို့ဆောင်ပေးရန်လိုကြောင်း၊ အုန်းပင်နှင့်လမုပင်များကိုလည်း မြို့ပတ်လည်နှင့်လေကြောင်းသင့်သည့် နေရာများတွင်အဓိကထား စိုက်ပျိုးသွားရန်လိုကြောင်း။

သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှထောက်ပံ့ပေးအပ်လျက်ရှိပြီး မကြာမီတွင် ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် လေဆိပ်များတွင် Conveyor များထားရှိဆောင်ရွက်သွားရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည့် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် အထူးဆေး

ကုသရေးအဖွဲ့များအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကိုအပြည့်အဝဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ လိုအပ်သည့်ဆေးဝါးပစ္စည်းများကိုလည်း ဖြည့်တင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို မိုးမကျမီအတွင်း လူအင်အား၊ စက်ယန္တရား အင်အားသုံး၍ လုပ်ငန်းတွင်ကျယ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးသုံး သစ်ခွဲသားများကို ပို့ဆောင်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်း၌လိုအပ်သည့် သစ်ခွဲသားများထုတ်လုပ်နိုင်ရန်လည်းလိုကြောင်း၊ သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကိုလည်း ထပ်မံဆောက်လုပ်ပေးရန်လိုကြောင်း၊ သဘာဝဘေး အန္တရာယ်မကျရောက်မီ Shelter များ ဆောက်လုပ်ပြီး ရွှေ့ပြောင်းပေးခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ သေဆုံးမှုရာခိုင်နှုန်း နည်းပါးခဲ့ရခြင်းဖြစ်ကြောင်း၊ ထပ်မံဆောက်လုပ်ရာတွင်ခိုလှုံရေး၊ ပညာသင်ကြားရေးစသော Multi-purpose အသုံးပြုနိုင်သည့် Shelter များအထိရေရှည်စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကလည်းလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများ၌ ကုန်ဈေးနှုန်းကြီးမြင့်မှုများမဖြစ်ပေါ်စေရေးအတွက်လည်း အသားဘူး၊ ငါးဘူးများကိုပို့ဆောင်ပေးခြင်းနှင့်အသား၊ ငါးများဈေးနှုန်းသက်သာစွာဝယ်ယူစားသုံးနိုင်အောင် စီမံဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၊ဘာသာရေးကျောင်းများ၏စားရေးသောက်ရေး အဆင်ပြေစေရေးအတွက်လည်း တာဝန်ရှိသူများက ကြည့်ရှုဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပဲခူးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၂၂ - ၅ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၂ ရက်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပဲခူးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်း၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ မြို့မိ မြို့ဖများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီး အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက် လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အကြီးစား၊ အလတ်စားနှင့် အငယ် စားစက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေ များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်း ရှင်များက ဆွေးနွေးတင်ပြကြရာတွင် ပဲခူးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးအောင်၊ ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးသက်၊ ပန်းပုလုပ်ငန်း ရှင်များကိုယ်စား ဦးအောင်ကျော်ဆန်း၊ Light House ကော်ဖီ (တောင်ငူ) လုပ်ငန်းရှင် ဦးဇေယျာမင်း၊ သံရည်ကျိုလုပ်ငန်း ရှင်များကိုယ်စား ဦးဌေးဝင်း၊ ပဲခူးမြို့ မြို့မိမြို့ဖ ဦးဆန်နီနှင့် တက်ရောက်လာကြသူများက ဆန်စက်လုပ်ငန်းများ ဖွံ့ဖြိုး

တိုးတက်ရေးအတွက် လိုအပ်သည့်အရင်းအနှီးများနှင့် နည်းပညာများကို နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း ဈေးကွက်လိုအပ်ချက်ရှိသည့် စားအုန်းဆီလုပ်ငန်း တိုးချဲ့ဆောင်ရွက်လိုမှု၊ ဒေသတွင်းအောင်မြင်လျက်ရှိသည့် ပန်းပုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်း၊ ပြည်ပလက်မှုအနုပညာပြပွဲများသို့ပါဝင်ပြသနိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမတည်ငွေလိုအပ်ချက်အား ကူညီဆောင်ရွက်ပေးလိုမှု၊ ဒေသတွင်းလည်ပတ်လျက်ရှိသည့် အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများအတွက် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေးမြို့နယ်အဆင့် ကုန်စည်ဒိုင်များဖြစ်ပေါ်လာမည်ဆိုပါက အကျိုးအမြတ်များဖြစ်ပေါ်လာနိုင်မှု၊ လူ့စွမ်းအားအရင်းအမြစ်ကောင်းများပေါ်ထွက်လာရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်းရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့်ထုတ်ချေးပေးထားပြီး ၎င်းချေးငွေများ ပြန်လည်ရရှိမှသာလျှင် ရင်းနှီးမတည်ငွေများ ပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းများအတွက် ချေးငွေများရရှိလိုမှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများ ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ချေးငွေများရယူပြီးပါက လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် လိုအပ်သည့် စက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ အရင်းအနှီးများနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးမည်ဖြစ်သဖြင့် သက်ဆိုင်ရာဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း သစ်တောဖုံးလွှမ်းမှုပမာဏ ယခုထက်ပိုမိုမြင့်တက်လာစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဒေသခံများအားလုံးက အလေးထားဆောင်ရွက်ကြရန်လိုအပ်မှု၊ ဒေသမှထွက်ရှိသည့်ထုတ်ကုန်များဈေးကွက်ရရှိရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ပြပွဲပြိုင်ပွဲများတွင် ဝင်ရောက်ပြသခြင်း နှင့် MSME လုပ်ငန်းကော်မတီနှင့် အမြဲမပြတ်ဆက်သွယ်ဆောင်ရွက်မှုရယူရန်လိုအပ်မှုတို့နှင့်ပတ်သက်၍ ဆွေးနွေး ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ပဲခူးတိုင်းဒေသကြီးအတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၏စီးပွားရေးလုပ်ငန်းများကိုမြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိစီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်အနေဖြင့် မည်ကဲ့သို့ဆောင်ရွက်ပေး၍ ရနိုင်မည်ကို စဉ်းစားဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများ

အားလုံး၌ မွန်ပြည်နယ်ပြီးပါက စီးပွားရေးအားကောင်းသည့်တိုင်းဒေသကြီးတစ်ခုဖြစ်သည်ကို အချက်အလက်များအရသိရှိရကြောင်း၊ နိုင်ငံတော်၏စီးပွားရေးအတွက် အားကိုးအားထားရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏စီးပွားရေးသည် ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့မှုများကြောင့် စီးပွားရေးပိုမိုကျဆင်းခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုနှင့် နိုင်ငံရေးပဋိပက္ခများကြောင့်စီးပွားရေးသည်အနုတ်လက္ခဏာဖြစ်ခဲ့ကြောင်း။

**စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်**

ယခင်က ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမှုနည်းပါးခဲ့ကြောင်း၊ နိုင်ငံအနေဖြင့် ရောင်းချ၍ရသည့်ထုတ်ကုန်ပစ္စည်းများကိုလုံလောက်စွာထုတ်လုပ်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ မြေသယံဇာတပစ္စည်းများ၊ ရေသယံဇာတပစ္စည်းများကို ထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် ပိုမိုအောင်မြင်နိုင်သည့် အခြေခံခိုင်မာပြီးဖြစ်သော ကုန်ထုတ်လုပ်ငန်းဖြစ်သဖြင့် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး အလုပ်လုပ်နိုင်ရန် အဓိကအားဖြင့်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိပြီး လယ်စိုက်ဧကမှာ ၁၃ သန်းကျော်ရှိကြောင်း၊ အဆိုပါမြေများ၌ မိုးစပါးစိုက်ပျိုးပြီး သီးထပ်များကိုစိုက်ပျိုးမည်ဆိုပါက သီးထပ်စွမ်းအားများတိုးတက်လာမည်ဖြစ်ကြောင်း။

**မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ ရွေးကောက်ခံအစိုးရထံသို့ နိုင်ငံ့တာဝန်များ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မဖြစ်ဖြစ်အောင်ဆောင်ရွက်သွားမည်ဟု အာမခံ၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဦးစွာဆောင်ရွက်နေခြင်းဖြစ်၊ တိုင်းပြည်အတွက် ကောင်းမွန်သည့် စိတ်ဖြင့် ဆောင်ရွက်မည်ဆိုပါက မည်သူ့ကိုမဆို လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်ကို အသိပေးလို။**

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူ၍ရှိပြီး အားလုံးပြည့်စုံကောင်းမွန်နေရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရန် လိုအပ်သကဲ့သို့ မြေဆီမြေသြဇာကောင်းမွန်အောင်ဆောင်ရွက်ရန်လည်းလိုကြောင်း၊ အလားတူ စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သည့် အောင်ရေများ လုံလောက်စွာရရှိရန်လည်းလိုကြောင်း၊ စိုက်ပျိုးနည်းစနစ်များလည်း မှန်ကန်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်မှသာလျှင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများတွင်လည်း မျိုးကောင်းမွန်ရန်လိုအပ်သကဲ့သို့ မွေးမြူရေးစနစ်များနှင့် တိရစ္ဆာန်အစားအစာများကို လုံလောက်စွာကျွေးမွေးနိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သီးထပ်စွမ်းအားများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ပြီး နိုင်ငံအတွက်ဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး အထွက်နှုန်းများတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပဲခူးတိုင်းဒေသကြီး၏ ဝင်ငွေများပိုမိုရရှိလာမည်ဖြစ်ကြောင်း။

**MSME လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ဓာတ်အား၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်ကောင်းများလိုအပ်**

MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်ကြမ်းများလိုအပ်ကြောင်း၊ အလားတူ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် လျှပ်စစ်ဓာတ်အားများလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်ကတည်းက လျှပ်စစ်ဓာတ်အားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးဖြင့် နှောင့်နှေးခြင်းနှင့် ရပ်တန့်ခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ယခုအချိန်အထိ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆည်များတည်ဆောက်ထားသော်လည်း PDF အမည်ခံအကြမ်းဖက်သမားများအပါအဝင် လက်နက်ကိုင်အဖွဲ့

အစည်းအချို့၏ ဖျက်ဆီးမှုများကို ကြုံတွေ့နေရကြောင်း၊ ထို့ကြောင့်လည်း လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာများလည်းလိုအပ်သဖြင့် ပြည်ပမှ ဝယ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံခြားငွေရှိမှသာ ပြည်ပမှဝယ်ယူနိုင်မည်ဖြစ်သဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

MSME လုပ်ငန်းများအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို မိမိတို့အနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိကြောင်း၊ အလားတူ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လုပ်သားအရင်းအမြစ်များ လုံလောက်စွာရရှိစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို စတင်ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အတန်းပညာတတ်မြောက်မှုများ နည်းပါးနေသေးကြောင်း၊ အတန်းပညာတတ်မြောက်မှသာ အတတ်ပညာများကို သင်ကြားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း နွားမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ နို့ထွက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွက် လိုအပ်သည့် အသား၊ ငါး၊ ဥများကို ထုတ်လုပ်၍ရောင်းချနိုင်မည်ဆိုပါက ဒေသဝင်ငွေများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ထုတ်လုပ်၍ရောင်းချနိုင်သကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့ပါတင်ပို့နိုင်သဖြင့် ပဲခူးတိုင်းဒေသကြီးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးမှု ဧက ၅၈၀၀၀ ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ရော်ဘာများကိုအခြေခံ၍ ဒေသအတွက် လိုအပ်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တာယာများ၊ အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ဒေသတွင်းဆန်ဖူလုံမှုရှိသည်ကိုတွေ့ရှိရကြောင်း၊ စပါးကြိတ်ခွဲရာမှထွက်ရှိလာသည့် ဖွဲ၊ ဆန်ကွဲများကိုလည်း တိရစ္ဆာန်အစာအပါအဝင် အကျိုးရှိစွာအသုံးချနိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများကိုလည်း အမှန်တကယ်ဖြစ်ထွန်း အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်နိုင်ငံခြားငွေများအသုံးပြု၍ ဝယ်ယူနေရကြောင်း၊ သီးထပ်များ စိုက်ပျိုးရာတွင် ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှစားသုံးဆီတင်သွင်းရမှုများ လျော့ကျသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

**အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန် အဓိကလိုအပ်**

နိုင်ငံ့စီးပွားရေးကောင်းမွန်အောင်ဆောင်ရွက်ရမည်ဖြစ်သဖြင့် သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် ဝိုင်းဝန်း၍တိုးတက်အောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အဓိကအားဖြင့် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အလုပ်အကိုင်များဖန်တီးပေးနိုင်ရေးနှင့် အလုပ်လုပ်နိုင်ရန် အခွင့်အရေးများဖော်ဆောင်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ အခက်အခဲဖြစ်ပေါ်ချိန်တွင် မိမိတို့နိုင်ငံ၏အားဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြန်လည်ကျင်းပ၍ ရွေးကောက်ခံအစိုးရထံသို့ နိုင်ငံ့တာဝန်များပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မဖြစ်ဖြစ်အောင်ဆောင်ရွက်သွားမည်ဟု အာမခံ**ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဦးစွာဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ **တိုင်းပြည်အတွက် ကောင်းမွန်သည့်စိတ်ဖြင့်ဆောင်ရွက်မည်ဆိုပါက မည်သူ့ကိုမဆို လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်ကို အသိပေးလိုကြောင်း**၊ မိမိတို့အနေဖြင့် နိုင်ငံတော်ကို ကောင်းမွန်အောင်ဆောင်ရွက်လိုသည့်စိတ်ဖြင့်သာ လုပ်ဆောင်နေခြင်းဖြစ်သဖြင့် အောင်မြင်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးတိုက်တွန်းပြောကြားသည်။

■ ■ ■

# သစ်တောပညာ နှစ် (၁၀၀) ရာပြည့်အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

( ၂၆ - ၅ - ၂၀၂၃ )





သစ်တောပညာ နှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ် အခမ်းအနားကို မေလ ၂၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒေါ်ခွဲဘု၊ ပိုးရယ် အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာအောင်ကျော်မင်း၊ ဦးရွှေကြိမ်းနှင့်ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ရေဆင်းနယ်မြေရှိ တက္ကသိုလ်များမှပါမောက္ခချုပ်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်မန်းငြိမ်းမောင်၊ ဒုတိယဝန်ကြီးချုပ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေတို့က သစ်တောပညာနှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သစ်တောပညာ နှစ်(၁၀၀) ရာပြည့်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

**အထူးအရေးကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သစ်တောပညာ နှစ် (၁၀၀) ရာပြည့် အထိမ်းအမှတ်အမှာစကားပြောကြားရာတွင် လူသားများနှင့်သဘာဝဂေဟစနစ်တစ်ခုလုံးကိုအကျိုးပြုနေသည့် သစ်တောသစ်ပင်များပြုစုထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရေးတာဝန်သည် အထူးအရေးကြီးလှပါကြောင်း၊ ထိုသို့ အရေးကြီးသော သစ်တောဆိုင်ရာပညာရပ်များ သင်ကြားပို့ချပေးနေသည့် မြန်မာနိုင်ငံတက္ကသိုလ်အဆင့် သစ်တော

ပညာသည် နှစ်တစ်ရာတိုင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကိုကျင်းပနိုင်ခြင်းသည် ဝမ်းမြောက်ဂုဏ်ယူရမည့်အခမ်းအနား၊ မင်္ဂလာရှိသည့်နေ့တစ်နေ့ပင်ဖြစ်ပါကြောင်း၊ သစ်တောသစ်ပင်များ ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် သစ်တောပညာရှင်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှပါကြောင်း။

**များစွာအထောက်အကူပြုခဲ့**

၁၉၂၃ ခုနှစ်မှစတင်ပြီး ရန်ကုန်တက္ကသိုလ်တွင် သစ်တောပညာဌာနကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သဖြင့် သစ်တောပညာဌာနသည် ၁၉၂၀ ပြည့်နှစ်တွင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်နှင့် မရှေးမနှောင်းဖွင့်လှစ်နိုင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့သစ်တောပညာရပ်ကို သင်ကြားပို့ချပေးပြီးနှစ်ပေါင်းများစွာ ရေရှည်အသုံးချလာနိုင်ခဲ့သည့်အတွက်လည်း မြန်မာနိုင်ငံ၏သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေးနှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းများတွင် များစွာအထောက်အကူပြုခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည်ဒေသတွင်း၌ သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မြောက်ဘက်စွန်း ခါကာဘိုရာဇီတောင်တန်းမှသည် တောင်ဘက်စွန်း ပင်လယ်သမုဒ္ဒရာအထိ တောင်မြောက်ရှည်လျားသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ မတူကွဲပြားခြားနားသည့် သဘာဝသစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ မြစ်ချောင်းအင်းအိုင်များ၊ ရေမြေတောတောင်များနှင့် ဂေဟစနစ်များစုံလင်လှပစွာတည်ရှိနေသကဲ့သို့ ပင်လယ်ကမ်းခြေဒီရေတော၊ ပဲခူးရိုးမ ရွက်ပြတ်ရောနှောတော၊ အပူပိုင်းဒေသခြောက်သွေ့တော၊ မြောက်ပိုင်းတောင်ပေါ်ဒေသအအေးပိုင်းတောများစသည့် သစ်တောမျိုးစုံ ပေါက်ရောက်နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**အခြေခံအုတ်မြစ်ကောင်းများဖြစ်**

မြန်မာ့သစ်တောများသည် မြန်မာနိုင်ငံကြီးရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုဖြစ်ပေါ်စေရန် ဖန်တီးပေးနိုင်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

သစ်တောပညာဌာနစတင်ခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ၁၈၅၆ ခုနှစ်တွင် ဒေါက်တာဘရန်းဒစ်ကစတင်မျိုးစေ့ချတည်ထောင်ပေးခဲ့သည့် မြန်မာ့သစ်တောများသိပ္ပံနည်းကျစီမံအုပ်ချုပ်မှုစနစ်မှစ၍ သန္ဓေတည်ခဲ့သည်ဟုဆိုရမည် ဖြစ်ပါကြောင်း၊ အဆိုပါစနစ်ကိုရေရှည်အသုံးချနိုင်ရေးအတွက် ၁၈၆၆ ခုနှစ်ကတည်းက ပြင်သစ်နိုင်ငံနှင့်ဂျာမနီနိုင်ငံများသို့ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခဲ့ပြီး သစ်တောပညာသင်ကြားရေးကိုစတင်ဆောင်ရွက်ခဲ့သည်ဟု သိရပါကြောင်း၊

ထိုသို့ပညာတော်သင်များစေလွှတ်ခဲ့သကဲ့သို့ အင်္ဂလန်မှ ပညာရှင်များကလည်း မြန်မာနိုင်ငံသို့လာရောက်ပြီး တာဝန်ထမ်းဆောင်ခဲ့သည်ကို မှတ်တမ်းများအရတွေ့ရှိရပါကြောင်း။

၁၉၂၂ ခုနှစ်တွင် အိန္ဒိယအစိုးရက မြန်မာ့သစ်တောများ စီမံအုပ်ချုပ်ရေးကို မြန်မာအစိုးရထံ လွှဲပြောင်းပေးအပ်ခဲ့ပြီးသည့်နောက် မြန်မာနိုင်ငံသစ်တောအဖွဲ့အစည်း (Burma Forest Services) ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့တွင်တာဝန်ထမ်းဆောင်မည့်သူများကို တက္ကသိုလ်အဆင့် သစ်တောပညာရပ်များ သင်ကြားပေးနိုင်ရန်ရည်ရွယ်ပြီး ရန်ကုန်တက္ကသိုလ်၊ သစ်တောပညာဌာနကို ၁၉၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သစ်တောပညာဌာနကိုရန်ကုန်တက္ကသိုလ်၊ သိပ္ပံမဟာဌာန (Faculty of Sciences)အောက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် သစ်တောပညာမဟာဌာန (Faculty of Forestry) အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း။

**University အဆင့်သတ်မှတ်**

သစ်တောပညာရပ်များကို ပိုမိုပြီးကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်ရန်အတွက် ၁၉၉၂ ခုနှစ်တွင် သစ်တောတက္ကသိုလ် (Institute of Forestry)အဖြစ် မြှင့်တင်ပေးနိုင်ခဲ့သည့်အပြင် တတ်ကျွမ်းမှုပညာရေးဆိုင်ရာတက္ကသိုလ် (Professional Institute) အဖြစ်လည်း သတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၀၃ ခုနှစ်တွင် သစ်တောတက္ကသိုလ် University အဆင့်သတ်မှတ်ပြီး University of Forestry ဖြစ်လာခဲ့ပါကြောင်း၊ သစ်တောပညာရှင်များကို သင်ကြားမွေးထုတ်ပေးရာတွင် သစ်တောပညာဘာသာရပ်များကို သာမကနီးနွယ်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဘာသာရပ်များကိုလည်း ပိုမိုလေ့လာနိုင်စေရန်ရည်ရွယ်ပြီး ၂၀၁၇ ခုနှစ်တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် (University of Forestry and Environmental Science)အဖြစ် ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ သစ်တောတက္ကသိုလ်၏ ရည်မှန်းချက်ဖြစ်သည့် **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာပညာရေး၊ သုတေသနနှင့်ဝန်ဆောင်မှုများပေးစွမ်းနိုင်သည့် အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး"** ဆိုသည့်အချက်ကို အကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူအားလုံးက ဦးတည်ချက်ထားကြိုးပမ်းဆောင်ရွက်သွားကြရမည်ကိုလည်း အလေးအနက်ထားပြောကြားလိုပါကြောင်း။

**သင်ကြားရေးစနစ်ရှိရန်လိုအပ်**

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင် ပညာတတ်လူသားအရင်းအမြစ်များများစွာလိုအပ်ပါကြောင်း၊ အဆိုပါလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သည်မှာ အမှန်တကယ်တတ်မြောက်မှုရှိအောင် သင်ကြားပေးနိုင်သည့် သင်ကြားရေးစနစ်ရှိရန်လိုအပ်သကဲ့သို့ သင်ယူသူများကလည်း သင်ကြားပေးသည့်ဘာသာရပ်များကိုတတ်မြောက်ကျွမ်းကျင်စေရန်၊ လက်တွေ့အသုံးချနိုင်စေရန်၊ ခေတ်မီနည်းပညာ၊ အတတ်ပညာများနှင့်ပေါင်းစပ်ပြီး အဆင့်မြှင့်တင်တိုးမြှင့်လုပ်ဆောင်နိုင်စေရေး ဆောင်ရွက်နိုင်ရန်လည်း လိုအပ်ပါကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ စာပေပညာသင်ကြားရုံသက်သက်သာမဟုတ်ဘဲ အတတ်ပညာများကို သင်ကြားပေးခြင်း၊ လေ့လာသင်ယူစေခြင်းအပြင် တက္ကသိုလ်ကပတ်ဝန်းကျင်ကောင်း၊ အတွေ့အကြုံကောင်းများရရှိပြီး ဘဝတစ်လျှောက်ဖြတ်သန်းမှုတွင် လက်တွေ့အသုံးချနိုင်မည့် စာပေပညာနှင့်လူမှုဆက်ဆံရေးပညာတို့ကိုလည်း ပေးစွမ်းနိုင်ခြင်းဖြစ်သဖြင့် အဆိုပါအခွင့်အလမ်းကိုလည်းရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

မှတ်တမ်းများအရ သစ်တောကဏ္ဍလူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားပေးခဲ့ရာတွင် ၂၀၂၃ ခုနှစ်အထိ သစ်တောသိပ္ပံဘွဲ့ရကျောင်းသား/ကျောင်းသူ ၃၀၅၂ ဦးရှိပြီး အမျိုးသမီးသစ်တောသိပ္ပံဘွဲ့ရ ၃၅၃ ဦးတို့ကိုလည်း မွေးထုတ်ပေးနိုင်ခဲ့သည်ဟုသိရပါကြောင်း၊ သစ်တောပညာဌာနအနေဖြင့် အမျိုးသားသင်တန်းသားများကိုသာခေါ်ယူရာမှ သစ်တောကဏ္ဍ၊ အထူးသဖြင့်ပညာရေး၊ သုတေသနနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများတာဝန်ထမ်းဆောင်နိုင်စေရန်ရည်ရွယ်၍ ၁၉၉၅ ခုနှစ်မှစတင်ပြီး အမျိုးသမီးသင်တန်းသူ ၁၂ ဦး ခေါ်ယူခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ်မှစပြီး အမျိုးသမီးကျောင်းသူပါဝင်မှုအချိုးအစားကို နှစ်စဉ် ၂၀ ရာခိုင်နှုန်းဖြင့်ဆောင်ရွက်နေသည်ဟု သိရှိရသည့်အတွက် သစ်တောသစ်ပင်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတွင် အမျိုးသမီးများ၏ပါဝင်မှုအခန်းကဏ္ဍသည် သိသိသာသာမြင့်မားတိုးတက်လာမှုအပေါ် ဝမ်းမြောက်ဂုဏ်ယူရသည်ကို ပြောကြားလိုပါကြောင်း။

**မွေးထုတ်ပေးနိုင်ခဲ့**

ပညာရေးအဆင့်မြှင့်တင်မှုအနေဖြင့် ၁၉၉၆ ခုနှစ်တွင် ဘွဲ့လွန်သစ်တောပညာ မဟာသိပ္ပံသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး မဟာသိပ္ပံ (သစ်တော)ဘွဲ့-M.Sc. (Forestry) နှင့် မဟာသိပ္ပံ (သစ်တောထွက်ပစ္စည်း)-M.Sc. (Forest Products) ဘွဲ့များကို ပေးအပ်ချီးမြှင့်ခဲ့ရာတွင် မဟာသိပ္ပံဘွဲ့ရရှိသူ ၆၂ ဦး နှင့် ဒီပလိုမာဘွဲ့ရရှိသူ ၁၇ ဦး စုစုပေါင်း ၇၉ ဦးတို့ကို ဘွဲ့လွန်သစ်တောပညာရှင်များအဖြစ် အောင်မြင်စွာမွေးထုတ်ပေးနိုင်ခဲ့သည်ကို သိရပါကြောင်း။

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် သစ်တောသိပ္ပံဘွဲ့ရများသည် အမေရိကန်၊ ဂျာမနီ၊ ဩစတြေးလျ၊ နယ်သာလန်၊ ဂျပန်၊ ကိုရီးယားအပါအဝင် ပြည်ပနိုင်ငံများမှာ မဟာသိပ္ပံဘွဲ့သင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများကို အရည်အချင်းပြည့်မီစွာဖြင့် တက်ရောက်သင်ယူနိုင်ခဲ့ကြကြောင်းနှင့် နိုင်ငံတကာကျောင်းသားကျောင်းသူများနှင့် ရင်ပေါင်တန်းပြီး ထူးချွန်စွာအောင်မြင်ခဲ့ကြသည်ကို သိရှိရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိသည်ကို မှတ်တမ်းတင်ပြောကြားလိုပါကြောင်း၊ ထိုသို့ ထူးချွန်ထက်မြက်မှုများသည် ကာယကံရှင်များ၏ကြိုးစားအားထုတ်မှုများအတွက် ၎င်းတို့ကို ချီးကျူးဂုဏ်ပြုရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်းမိမိတို့ နိုင်ငံ၏ပညာရေးသည် ကမ္ဘာ့အဆင့်မီဖြစ်သည်ကို သက်သေပြသနေခြင်းပင်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ထူးချွန်ထက်မြက်သည့် ကျောင်းသားများကို မွေးထုတ်ပေးနေသည့်၊ သင်ကြားပေးနိုင်သည့် ပါမောက္ခချုပ်ကြီးများ၊ ပါမောက္ခများ၊ ဆရာဆရာမများ၏ ကျွမ်းကျင်

ပိုင်နိုင်မှု၊ လေ့ကျင့်သင်ကြားမှု စွမ်းဆောင်ရည်များသည် မည်မျှမြင့်မားသည်၊ နိုင်ငံတကာနှင့် အဆင့်မီသည်ဆိုသည်ကိုလည်း သက်သေပြနေခြင်းပင်ဖြစ်ပါကြောင်း၊ ထို့အတွက်လည်း အစဉ်အဆက်တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများကိုလေးစားစွာဖြင့် ချီးကျူးဂုဏ်ပြုသည်ကိုမှတ်တမ်းတင်ပြောကြားလိုပါကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ ပညာရှင်များမွေးထုတ်ပေးရာဌာနလည်းဖြစ်ပါကြောင်း၊ သစ်တောပညာသင်ကြားရေးတွင် ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဒီပလိုမာဘွဲ့ရများစွာ မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် ပြည်ပနိုင်ငံအသီးသီး၌ ပါရဂူဘွဲ့ရများစွာသင်ယူနိုင်ခဲ့သူများ၊ စနစ်ကျသည့် လုပ်ငန်းခွင်အတွေ့အကြုံများစွာရှိပြီးဖြစ်သည့်အတွက် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်အနေဖြင့် ပါရဂူပညာရှင်များ မွေးထုတ်ပေးနိုင်မည့်အခြေခံကောင်းများရှိနေပြီဟု မိမိအနေဖြင့်ယုံကြည်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည်အထိ အပူပိုင်းနှင့်မုတ်သုန်ဒေသကို အဓိကထားသည့် ပညာရှင်များကိုမွေးထုတ်မြှင့်တင်ဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါကြောင်း။

**ဦးစားပေးဆောင်ရွက်နေ**

ယနေ့ကမ္ဘာပေါ်တွင်ရှိသည့်နိုင်ငံအများစုသည် လူသားများအမှီပြုနေထိုင်ကြသည့် တစ်ခုတည်းသောကမ္ဘာမြေကို ပိုမိုရေရှည်တည်တံ့စေရန်အတွက် ပတ်ဝန်းကျင်နှင့်ညီညွတ်သည့် လူနေမှုဘဝများကိုဖြစ်နိုင်သမျှ ပြောင်းလဲဖော်ဆောင်နိုင်ရန် ဦးစားပေးဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သစ်တောကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု စီးပွားရေးဖွံ့ဖြိုးမှုအခြေခံသည့် အစိမ်းရောင်စီးပွားရေးလုပ်ငန်း(Green Economy)၊ ကမ်းရိုးတန်းနှင့်သမုဒ္ဒရာကိုအခြေခံသည့် အပြာရောင်စီးပွားရေးလုပ်ငန်း (Blue Economy)နှင့် သဘာဝကို အခြေခံဖြေရှင်းသည့် ဖွံ့ဖြိုးမှုလုပ်ငန်း (Nature-based Solutions) သဘောတရားများကို နားလည်ပြီးလက်တွေ့နယ်ပယ်၌အသုံးချနိုင်သည့် ကျွမ်းကျင်ပညာရှင်များမွေးထုတ်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်း စဉ်များကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ ပင်မလုပ်ငန်းစဉ်နယ်ပယ်တစ်ရပ်အဖြစ် တိုးမြှင့်သင်ကြားပေးနိုင်ရေး၊ သစ်တောပညာရပ် ဘွဲ့ကြို၊ ဘွဲ့လွန်ဆိုင်ရာသင်တန်းများသာမက ပတ်ဝန်းကျင်ဆိုင်ရာသိပ္ပံဘွဲ့ရပညာရှင်များကိုပါ မွေးထုတ်နိုင်ရေး၊ ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်သွားနိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

**တိုက်တွန်းပြောကြား**

အလေးအနက်ထားပြောကြားလိုသည်မှာကျောင်းသားကျောင်းသူများ၏ **"ပုံကိုင်ရှင်များ"** ဖြစ်ကြသည့် ဆရာဆရာမများ၏ အခန်းကဏ္ဍဖြစ်ပါကြောင်း၊ အာစရိယအနွယ်ဝင် ဆရာဆရာမများ၏ အရည်အချင်းနှင့်စွမ်းဆောင်ရည်များကို စဉ်ဆက်မပြတ်မြှင့်တင်ပေးခြင်း၊ သင်ကြားရေးနှင့်သုတေသနလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်စေခြင်း၊ ပြည်တွင်း၊ ပြည်ပအတွေ့အကြုံများရရှိစေရေးစီမံပေးခြင်း၊ သီအိုရီနှင့်လက်တွေ့ပေါင်းစပ်နိုင်သည့် ကျွမ်းကျင်မှုများရရှိစေရေးအတွက် ပံ့ပိုးကူညီပေးခြင်းတို့ကို အလေးအနက်ထားဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ဆုမွန်ကောင်းတောင်း**

သက်တမ်း နှစ်(၁၀၀)ပြည့်ခဲ့ပြီဖြစ်သည့် မြန်မာနိုင်ငံ၏ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ကြီးမှနိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးတို့တွင် သစ်တောများ၏အရေးပါမှုကိုသိရှိပြီး မိမိပညာရပ်ကိုတန်ဖိုးထားဂုဏ်ယူတတ်သည့် ပညာတတ်မျိုးဆက်သစ်များဆက်လက်မွေးထုတ်ပေးနိုင်ပါစေ၊ အရေးပါသည့် သစ်တောများ၊ တန်ဖိုးမဖြတ်နိုင်သည့် သဘာဝဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲများရေရှည်တည်တံ့စေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရှင်များတိုးတက်ဖြစ်ထွန်းပေါ်ပေါက်ပါစေ၊တက္ကသိုလ်၏ ရည်မှန်းချက်ဖြစ်သည့် **"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍဆိုင်ရာပညာရေး၊သုတေသနနှင့်ဝန်ဆောင်မှုများပေးစွမ်းနိုင်သည့် အဆင့်မီတက္ကသိုလ်တစ်ခုအဖြစ် ရပ်တည်နိုင်ရေး"** ဆိုသည့်အချက်ကိုပြည့်ပြည့်ဝဝအကောင်အထည်ဖော်နိုင်ပါစေ၊ စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံ့ဂုဏ်ဆောင်သည့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ကြီးအဖြစ် ရာပြည့်မှသည်ဆက်လက်ပြီး အခွန့်ရှည်တည်တံ့ခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်းပြောကြားသည်။

■ ■ ■

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၂၃) တွင် ပြောကြားသည့် အမှာစကား

( ၂၇ - ၅ - ၂၀၂၃ )



အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃) ကို မေလ ၂၇ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယက၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကအဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများထဲမှ အဓိကကျပြီး အချိန်တိုအတွင်း၌ ထိထိရောက်ရောက်အကျိုးဖြစ်ထွန်းနိုင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ဆောင်ရွက်ခြင်း

အားဖြင့် စီးပွားရေးမောင်းနှင်အားများ ကောင်းမွန်လာမည်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ရခြင်းမှာ မိမိတို့နိုင်ငံ၏ အများစုသော စီးပွားရေးလုပ်ငန်းများမှာ MSME အဆင့်တွင်ရှိနေကြကြောင်း၊ နိုင်ငံခြားလိုငွေပြခြင်း၏စိန်ခေါ်မှုမှာ သွင်းကုန်ပမာဏများပြားခြင်းကြောင့်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ၌ အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များဖြစ်ကြပါကြောင်း၊ ကုန်ကြမ်းရှိမှကုန်ထုတ်လုပ်မှုတစ်နည်းအားဖြင့် ရောင်းကုန်ပစ္စည်းထုတ်လုပ်မှုဖြစ်လာမည်ဖြစ်ကြောင်း ရောင်းကုန်ပစ္စည်းထုတ်လုပ်မှုများကို အရည်အသွေးရှိသည့် ကုန်ပစ္စည်းများဖြစ်အောင် ကူညီဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်တွင်းပြည်ပကုန်စည်ရောင်းချမှုများတွင် များစွာတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကို အဓိကဆောင်ရွက်နေသူများမှာလည်း MSME လုပ်ငန်းများသာဖြစ်ကြပါကြောင်း။

မိမိတို့နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး ဒုတိယအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသူများဖြစ်ကြပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် ထုတ်ကုန်ပစ္စည်းများသည် MSME လုပ်ငန်းများအတွက် သေချာသည့် ကုန်ကြမ်းများဖြစ်လာစေမည်ဖြစ်ပါကြောင်း။

**သွင်းကုန်ပမာဏများပြားနေ**

နိုင်ငံခြားငွေလိုအပ်မှုသည် သွင်းကုန်ပမာဏများပြားနေခြင်းလည်း ပါဝင်ကြောင်း၊ သွင်းကုန်ပမာဏများပြားခြင်းသည် လိုအပ်ချက်အရ သွင်းရသည်များရှိသကဲ့သို့ ပြည်တွင်း၌ ထုတ်လုပ်နိုင်သော်လည်း တင်သွင်းနေရမှုများမှာ မဖြစ်သင့်ပါကြောင်း၊ အထူးသဖြင့် စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများဖြစ်ပါကြောင်း၊ အလားတူ ပြည်ပသို့တင်ပို့နိုင်သည့် ရောင်းတန်းဝင်ပစ္စည်းများရှိသော်လည်း ကုန်ထုတ်လုပ်မှုအားနည်းချက်ကြောင့် ပို့ကုန်ပမာဏနည်းပါးမှုများသည်လည်း မဖြစ်သင့်ပါကြောင်း၊ MSME ကို အားပေးရခြင်း၏ အခြေခံအကြောင်းအချက်များမှာ ကုန်ထုတ်လုပ်မှု၊ တစ်နည်းအားဖြင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်တိုးမြှင့်နိုင်ရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သေချာသည့်ကုန်ကြမ်းများကိုအသုံးပြုသည့် MSME လုပ်ငန်းများကိုအဓိကအားပေးဆောင်ရွက်ရန်လိုအပ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ဥပမာအားဖြင့် စားသုံးဆီထုတ်လုပ်မှု၊ ဆန်နှင့်ဆန်ကွဲကို အခြေခံသည့် ထုတ်လုပ်မှု၊ ပီလောပီနံကိုအခြေခံသည့် ထုတ်လုပ်မှု၊ ရော်ဘာကိုအခြေခံသည့် ထုတ်လုပ်မှု၊ ဝါကို အခြေခံသည့် ထုတ်လုပ်မှု၊ ကော်ဖီနှင့် လက်ဖက်ကိုအခြေခံသည့် ထုတ်လုပ်မှု၊ သစ်၊ ကြိမ်၊ ဝါးများကိုအခြေခံသည့် ထုတ်လုပ်မှု၊ မွေးမြူရေး အသား၊ ငါးကိုအခြေခံသည့် ထုတ်လုပ်မှုနှင့် တိရစ္ဆာန်အစားအစာထုတ်လုပ်မှုလုပ်ငန်းများသည် မိမိတို့နိုင်ငံအတွက် သေချာသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အလားတူ များစွာသောကုန်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်များရှိသကဲ့သို့ ဒေသအလိုက် ထူးခြားသည့်လုပ်ငန်းများလည်း ရှိနေမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်စေခြင်း၊ ကုန်ထုတ်လုပ်မှုများ တိုးတက်လာပြီး တိုင်းပြည်၏ ဝင်ငွေတိုးတက်လာစေခြင်းများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း။

ပို့ကုန်များများရမှသာ သွင်းကုန်များဖြစ်သည့် လောင်စာဆီ၊ ဓာတ်မြေဩဇာများ ပိုမိုတင်သွင်းလာနိုင်မည်ဖြစ်ပါကြောင်း၊ မိမိသွားရောက်ခဲ့သည့်ဒေသများမှ လျှပ်စစ်လိုအပ်ချက်များကိုတင်ပြခြင်းများရှိပါကြောင်း၊ လျှပ်စစ်နှင့်ပတ်သက်၍ အစိုးရအဆက်ဆက်၌ စီမံကိန်းများရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် စီမံကိန်းများဖျက်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းများကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများ နှောင့်နှေးမှုများ များစွာကြုံတွေ့ခဲ့ရပါကြောင်း၊ ထို့ကြောင့် ကာလတို၊ ကာလရှည်၊ ကာလလတ်စီမံချက်သုံးမျိုးဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးကိုလည်း ရဲရဲဝံ့ဝံ့ဆောင်ရွက်သွားနိုင်ရန်လိုအပ်သည်ကို တွေ့ရှိရပါကြောင်း။

**အကျိုးများစွာရရှိမည်**

စားကုန်၊ သောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ပါက တိုင်းပြည်အတွက်အကျိုးများစွာရရှိမည်ဖြစ်ပြီး နိုင်ငံခြားသုံးငွေကိုလည်း လျော့ကျစေမည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၌သုံးစွဲနေသည့် အိမ်နီးချင်းနိုင်ငံအချို့မှ လူသုံးကုန်ပစ္စည်းအချို့၏MSME ထုတ်ကုန်များ

မှာ နည်းပညာမြင့်မားလှခြင်းမရှိဘဲ မိမိတို့ပြည်တွင်း၌ ထုတ်လုပ်၍ရနိုင်သည့် ကုန်ပစ္စည်းများဖြစ်နေသည်ကို တွေ့ရှိရပါကြောင်း။

MSME လုပ်ငန်းများနှင့် အကြီးစားစက်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရေး ပြည်ပမှရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် အဓိကအားဖြင့် ထုတ်လုပ်မှုပိုင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုပိုင်းများကို ဖိတ်ခေါ်ခြင်း၊ အဝတ်အထည်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများကို ဖိတ်ခေါ်နိုင်ပါက နည်းပညာများရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ CMP အထည်ချုပ်လုပ်ငန်းများသည် လုပ်သားများအခြေပြုလုပ်ငန်းများဖြစ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ပြီး တစ်ဦးချင်းဝင်ငွေတိုးတက်စေမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ်လုပ်မှုပိုင်းတွင် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့် ကုန်ကြမ်း၊ အစိတ်အပိုင်းအချို့ကို သေး၊ ငယ်၊ လတ်လုပ်ငန်းများမှ ချိတ်ဆက်ပေးသွင်းနိုင်မည်ဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

မိမိအနေဖြင့်ဒေသများသို့ သွားရောက်ဆွေးနွေးစဉ် မြေနေရာရရှိရေးနှင့်ပတ်သက်ပြီး တင်ပြချက်များကိုတွေ့ရှိခဲ့ရကြောင်း၊ မြေနေရာအတွက် ဒေသတွင်း ဝမ်းစာဖူလုံရေးအတွက် လယ်ယာမြေကို အခြားနည်းနှင့်အသုံးမပြုရန် ညွှန်ကြားထားပြီး ကျန်သည့်နေရာများတွင် သက်ဆိုင်ရာဒေသဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်များက တင်ပြဆောင်ရွက်မည်ဆိုပါက ခွင့်မပြုပေးနိုင်စရာအကြောင်းမရှိပါကြောင်း၊ မွေးမြူရေးဇုန်များ၊ စက်မှုဇုန်များကိုဖော်ထုတ်ပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်လိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်များကို ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များကဖိတ်ခေါ်၍ လုပ်ကိုင်နိုင်ရန်ဖန်တီးပေးရမည်ဖြစ်ပါကြောင်း။

ငွေကြေးအရင်းအနှီးနှင့်ပတ်သက်၍ MSME ချေးငွေများကို စီမံ/ဘဏ္ဍာလုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ချေးနိုင်ရန်၊ ချေးငွေချေးယူမှုထပ်နေခြင်းမဖြစ်စေရန်၊ ပြန်ဆပ်သည့်သတ်မှတ်ကာလတွင် ပြန်လည်ပေးသွင်းနိုင်ရန်၊ နိုင်ငံ့ဘဏ္ဍာငွေများဆုံးရှုံးမှုမဖြစ်စေရန်နှင့် အကျိုးရှိစွာအသုံးချနိုင်ရေး စနစ်တကျလုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ တစ်ဖက်မှလည်းသင့်တော်သည့် ချေးငွေမူဝါဒများကိုလည်း စဉ်းစားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမတည်နိုင်ရေးအတွက် ရန်ပုံငွေမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် ကျပ် ၄၀၀ ဘီလီယံကို တိုင်းဒေသကြီး၊ ပြည်နယ်များကို ခွဲဝေချထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံများ၊ ထုတ်လုပ်မှုလုပ်ငန်းများ၊ MSME စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ အရှိန်ပြင်းပြင်းနှင့် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၌ အားသာချက်များရှိသကဲ့သို့ ၎င်းတို့ဖြစ်တည်ရှင်သန်ရေးအတွက်လည်း လိုအပ်ချက်နှင့် အားနည်းချက်များစွာရှိနေသည်ကိုတွေ့ရှိရပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိ သည့် စီးပွားရေးပတ်ဝန်းကျင်အခြေအနေကောင်းများလိုအပ်ခြင်း၊ ခေတ်မီလုံလောက်သည့် အခြေခံအဆောက်အအုံများ လိုအပ်ခြင်း၊ စွန့်ဦးတီထွင်လိုသူများ မဝံ့မရဲဖြစ်ခြင်း၊ ငွေကြေးအရင်းအနှီးစရိတ်ကြီးမြင့်ခြင်းနှင့် မလုံလောက်ခြင်း၊ ရိုးရာနည်း(Traditional Technology) များကိုသာအသုံးပြုနေရခြင်း၊ သုတေသနဖွံ့ဖြိုးမှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အထောက်အပံ့ရရှိမှု အားနည်းနေခြင်း၊ သုတေသနပြုပြီးနောက် ရရှိသည့်ရလဒ်များကိုလည်း ရောင်းတန်းဝင် အဆင့်မြှင့်တင်နိုင်မှုမရှိသေးခြင်း အစရှိသည့် ကန့်သတ်ချက်များ၊ အဟန့်အတားများရှိနေသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

**ဆောင်ရွက်ရမည်**

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရေး အဓိကထားဆောင်ရွက်ရမည့်အချက် (၄) ချက်ဖြစ်သည့် လုပ်ငန်းသစ်များအစပျိုးရာတွင် တွေ့ကြုံရမည့် အခက်အခဲအတားအဆီးများလျှော့ချရေး၊ ရင်းနှီးမတည်ငွေစီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ အသိပညာပေးခြင်းနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို အားကောင်းစေခြင်း၊ သတင်းကွန်ရက်ချိတ်ဆက်ခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သတင်းအချက်အလက်ဖြန့်ဝေမှုအားကောင်းစေခြင်းဖြင့် နိုင်ငံတကာထောက်ပံ့မှုကွင်းဆက်(International Supply Chain) ထဲသို့ဝင်ရောက်ခြင်းတို့ကိုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွား

ရေးလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်အသုံးပြုနိုင်ရေးနှင့် အသွင်ကူးပြောင်းမှု (Digital Transfor- mation) အပိုင်းသည်လည်းများစွာအရေးပါပြီး မိမိတို့နိုင်ငံ၏အနေအထားအရ ASEAN နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် မြန်ဆန်မှန်ကန်သည့်နည်းလမ်းနှင့် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုမှုမြင့်မားလာပြီး ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy) ပီပြင်လာစေရေးအတွက် မိမိတို့ဗဟိုကော်မတီအနေဖြင့်လည်း ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဗဟိုကော်မတီ၏ (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်များ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နာယက၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အထွေထွေအတွင်းရေးမှူးချုပ်တို့က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ကဏ္ဍအလိုက်ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်းထုတ်ကုန်များကို အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးနိုင်ရန် ပြည်တွင်းရှိ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ရေး၊ ပြည်ပပို့ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ မြေယာမူဝါဒခိုင်ခိုင်မာမာဖြစ်စေရေး၊ စိုက်ပျိုးမြေများကို အခြားနည်းသုံးစွဲမှုများမရှိစေရေး၊ မြေကိုအကျိုးရှိအောင် စနစ်တကျအသုံးပြုရေး၊ ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများ အမြန်ဆုံးဖွဲ့စည်းရေး၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပေါ်သယံဇာတ၊ မြေအောက်သယံဇာတနှင့် ရေအောက်သယံဇာတများကို စနစ်တကျစီမံခန့်ခွဲအသုံးပြုရေး၊ ပြည်သူများ သတင်းအချက်အလက်ကို လွယ်ကူစွာသိရှိနိုင်ရေးအတွက် ဆက်သွယ်ရေးစနစ်ကောင်းမွန်ရေး၊ ပြည်သူ့ပို့ဆောင်ရေးစနစ်ဖြစ်သည့် ကုန်းလမ်းပို့ဆောင်ရေးစနစ်တွင် အဓိကကျသည့် မီးရထားနှင့် ရေကြောင်းပို့ဆောင်ရေးတွင်အဓိကကျသည့် သင်္ဘောများလုံခြုံချောမွေ့စွာဖြင့် ကျယ်ကျယ် ပြန့်ပြန့်ပြေးဆွဲနိုင်ရေးနှင့် မီးရထားနှင့်သင်္ဘောများ ကွံ့ခိုင်ကောင်းမွန်မှုရှိအောင် ဆောင်ရွက်ရေး၊ ပြည်သူများအားသတင်းအချက်အလက်ဖြန့်ဝေပေးရာတွင် လွယ်ကူစွာဖြင့် အများနားလည်သိရှိနိုင်အောင် ရေးသားဖြန့်ဝေရေး၊ နိုင်ငံစီးပွားရေးတိုးတက်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးမြှင့်တင်ရေး စသည့်အချက်များနှင့်ပတ်သက်၍ ဆက်စပ်ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် မိတ်ဖက်အဖွဲ့ အစည်းများပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တိုင်းပြည်၏မောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်ကို ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ စီးပွား ရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျန်ရှိသည့်လုပ်ငန်းရပ်များကို ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် တင်ပြချက်များအရ အားသာချက်နှင့် အားနည်းချက်များကို တွေ့ရှိပါကြောင်း၊ အဆိုပါ

အချက်များကိုကြည့်၍ အချို့သောကိစ္စရပ်များကို ချက်ချင်းဖြေရှင်းဆောင်ရွက်ရန် အကြံဉာဏ်ပေးခဲ့သော်လည်း အချို့သောကိစ္စရပ်များကို ဆက်လက်ဆွေးနွေးရန်လိုအပ်နေသေးကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကို လုပ်ပိုင်ခွင့်များခွဲဝေပေးထားပါကြောင်း၊ ဇယား (၁/၂/၃) အရ လုပ်ပိုင်ခွင့်များအားလုံးပေးထားကြောင်း၊ ပြည်ထောင်စုအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံး တစ်ပြေးညီရရှိအောင် ဆောင်ရွက်ပေးထားပါကြောင်း၊ တစ်ဖက်မှလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိဒေသနှင့်ကိုက်ညီသည်များကို ဆောင်ရွက်၍ ဒေသစီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုပါကြောင်း၊ ဒေသအလိုက် ရေမြေသဘာဝများ မတူညီသကဲ့သို့ ထွက်ရှိသည့် ကုန်ကြမ်းများလည်း မတူညီပါကြောင်း၊ ဒေသအလိုက် ကုန်ကြမ်းများကိုအသုံးပြု၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကုန်ထုတ်လုပ်မှုများဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာအစိုးရအဖွဲ့များက ဆုံးဖြတ်ဆောင်ရွက်သွားရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် ပြည်ထောင်စုအနေဖြင့် အဓိကဆောင်ရွက်ပေးရမည်မှာ ပညာရေးကွာဟမှုနည်းပါးစေရန်နှင့် လူသားအရင်းအမြစ်များ ပေါကြွယ်ဝစေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပညာရေးကွာဟချက်များပြေးလာပါက MSME လုပ်ငန်းများသာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုပါ ထိခိုက်နိုင်သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် အတန်းပညာမြင့်မားရေးနှင့် အတတ်ပညာမြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်များကို ကုန်ထုတ်လုပ်မှုနည်းပညာဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရမည်ဖြစ်ခြင်းကြောင့် နည်းပညာနှင့် အတတ်ပညာများကို ပေါင်းစပ်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးပိုမိုတိုးတက်လာမည်ကို သာဓကပေါင်းများစွာဖြင့် တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ချေးငွေ (Financing) နှင့်ပတ်သက်၍လည်း ဒေသအားလုံးမှတောင်းဆိုသည့်ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ ချေးငွေများကို အကျိုးရှိစွာဖြင့်အသုံးချနိုင်ရန်လိုကြောင်း၊ ရင်းနှီးမတည်ငွေများကို သက်ဆိုင်ရာလုပ်ငန်းများတွင် အသုံးချမှုမရှိဘဲ အခြားလုပ်ငန်းများတွင် အသုံးပြုမှုများကြောင့် နိုင်ငံအတွက် နစ်နာဆုံးရှုံးနိုင်ကြောင်း၊ ထို့ကြောင့် ချေးငွေနှင့်ပတ်သက်၍ မှန်ကန်စွာဖြင့် နည်းလမ်းတကျဆောင်ရွက်နိုင်ရေးအားလုံး ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားလိုပါကြောင်း၊ ကုန်စည်ပို့ဆောင်ရေးသည် ကုန်သွယ်မှုလုပ်ငန်းတွင်အရေးကြီးသကဲ့သို့ သတင်းအချက်အလက်များရရှိရေးသည်လည်း အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ သတင်းအချက်အလက်မှန်မှန်ကန်ကန်ရရှိရေးနှင့် ကုန်စည်များမှန်ကန်မြန်ဆန်စွာ ပို့ဆောင်နိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ကုန်စည်ပို့ဆောင်ရေးစရိတ်များ လျော့ကျသွားမည်ဖြစ်ပြီး ပြည်ပဈေးကွက်နှင့်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း။

လျှပ်စစ်စွမ်းအင်သည် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် မရှိမဖြစ်လိုအပ်သည့် သွင်းအားစုတစ်ခုဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း မိမိတို့အစီအစဉ်ဖြင့် Bio Gasifier များနှင့် Solar System ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့အစည်းအဝေးတွင် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းများရှိပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှသာ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်းပြောကြားခဲ့သည်။

■ ■ ■

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၂၉ - ၅ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၉ ရက် မွန်းလွဲပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဟိုပုံးမြို့ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

### MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက နယ်မြေဒေသဆိုင်ရာအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ရင်းနှီးမြှုပ်နှံမှုချေးငွေများထုတ်ချေးပေးထားမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ အာလူးအအေးခန်းစက်ရုံတည်ဆောက်ထားရှိမှု၊ ဆက်လက်တိုးချဲ့တည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ သဘာဝမြေဩဇာထုတ်လုပ်

ရေးစက်ရုံတည်ဆောက်လျက်ရှိမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် အကျိုးအမြတ်ရရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များကဆွေးနွေးတင်ပြကြရာတွင် ဟိုပုံးမြို့နယ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရန်နိုင်ဦး၊ နောင်ခမ်းကော်ဖီအစုအဖွဲ့ လုပ်ငန်းရှင် ဒေါ်နန်းခမ်းနိုး၊ ရွှေအောင်မြေ ပင်မှည့်သီးနှံအစုအဖွဲ့ လုပ်ငန်းရှင် ဦးအောင်ငွေးဦး၊ မြစိမ်းရောင် လက်ဖက်ခြောက်နှင့် လက်ဖက်ဝိုင်လုပ်ငန်းတာဝန်ခံ ဦးအောင်သူ၊ နောင်တရားအာလူးစိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးခွန်ဆန်းဦးနှင့် လုပ်ငန်းရှင်များက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကော်ဖီစိုက်ကေတိုးမြှင့်နိုင်ရေးနှင့် ကော်ဖီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်မှချေးငွေဆောင်ရွက်ပေးစေလိုမှု၊ အာလူးအအေးခန်းစက်ရုံထပ်မံတည်ဆောက်ရန်လိုအပ်လျက်ရှိမှု၊ သဘာဝဓာတ်မြေဩဇာများထုတ်လုပ်လျက်ရှိမှုနှင့် စက်ရုံတိုးချဲ့ဆောင်ရွက်လိုမှု၊ ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများတိုးတက်စေရေးအတွက် စက်ရုံတိုးချဲ့မှုများဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံမှုချေးငွေများ ထုတ်ချေးပေးစေလိုမှု၊ ကုန်ထုတ်လုပ်ငန်းများအတွက်လိုအပ်လျက်ရှိသည့် လျှပ်စစ်မီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးစေလိုမှုနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုအသီးသီးတင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကလိုအပ်သည်များပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အနေဖြင့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ထုတ်ချေးပေးထားပြီး ၎င်းချေးငွေများ ပြန်လည်ရရှိမှသာလျှင် ရင်းနှီးမတည်ငွေများ ပြန်လည်ထုတ်ပေးနိုင်မည်ဖြစ်သဖြင့် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းများအတွက်ချေးငွေများရရှိလိုမှုနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ချေးငွေများရယူပြီးပါက လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များရရှိရေး၊ သွင်းအားစုများရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ဟိုပုံးမြို့နယ်၌ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်း ယခင်ကထက် တိုးတက်လာသည်ကို တွေ့ရှိရပြီး ကာကွယ်တောများ ဆက်လက်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းရှိ မဲနယ်တောင်တန်းသည် ဒေသရေရရှိရေးနှင့် အဖိုးတန်သယံဇာတများထိန်းသိမ်းရေးတို့အတွက် အဖိုးတန်သည့်တောင်တန်းဧရိယာဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကောင်းများကို ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းသွားရန်လိုအပ်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားလိုအပ်

သည်များကိုဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏တစ်ဦးချင်းလိုအပ်ချက်များ တင်ပြမှုအပေါ် အလေးထားမှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ကျေးလက်နေပြည်သူများ၏စီးပွားရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီ စီးပွားရေးစနစ်ဖြစ်ကြောင်း၊ မိမိတို့ဒေသစီးပွားရေးတိုးတက်ရန်အတွက် မိမိတို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏စီးပွားရေးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေ၏ ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြသူများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်ရန် စဉ်းစားရမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လူအများအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်မှသာလျှင် ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရန်အတွက် ပန်းတိုင်ရည်မှန်းချက်များ ချမှတ်ထားကြောင်း၊ မွေးမြူရေးလုပ်ငန်းတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများတိုးတက်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားများမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးမတိုးတက်ရခြင်း၏ အကြောင်းရင်းမှာလည်း ကုန်ထုတ်လုပ်မှုများ နည်းပါးနေခြင်းကြောင့်ပင်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများကိုဆောင်ရွက်ရာတွင် မြေပေါ်၊ မြေအောက်နှင့် ရေအောက် ကုန်ကြမ်းများမှထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မြေပေါ်ကုန်ကြမ်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သေချာသည့်ကုန်ထုတ်လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသတွင် စပါးစိုက်ပျိုးရာ၌ တစ်ကေချင်းအထွက်နှုန်းမှာ ၆၇ တင်းခန့်သာဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ တစ်ကေချင်းအထွက်နှုန်းကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ပိုမိုစိုက်ပျိုးနိုင်မည်ဆိုပါက ဒေသအတွက်များစွာအကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ အလားတူအခြားသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း။

ထို့ကြောင့် ပအိုဝ်းဒေသ၌ တစ်ကေချင်းအထွက်နှုန်းများတိုးတက်ရေးဆောင်ရွက်ရာတွင် အထွက်နှုန်းကောင်းမွန်သည့်မျိုးများ အသုံးပြုခြင်း၊ မြေကိုကောင်းမွန်အောင်ပြုပြင်ခြင်းနှင့် မြေဩဇာများသုံးစွဲခြင်း၊ အောင်ရေများပြည့်ဝစွာရရှိအောင်ဆောင်ရွက်ခြင်းနှင့် နည်းစနစ်တကျစိုက်ပျိုးခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကိုလည်း ထိရောက်စွာအသုံးချရန်လိုကြောင်း၊ ယာစိုက်ပျိုးမှုများ ကိုအားထားလွန်းပါက ရေများခန်းခြောက်လာနိုင်သဖြင့်စိုက်ပျိုးရေးလုပ်ငန်းကိုထိခိုက်လာနိုင်ကြောင်း၊ ကော်ဖီနှင့် လက်ဖက်များစိုက်ပျိုးထုတ်လုပ်ရာတွင်လည်း အထွက်နှုန်းများ နည်းပါးနေသေးသည်ကိုတွေ့ရှိရကြောင်း၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ယခုထက်တိုးတက်လာမည်ဖြစ်ကြောင်း။

ပအိုဝ်းဒေသအတွင်း၌ တိရစ္ဆာန်အစားအစာများ ထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထွက်ကုန်များထွက်ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း မွေးမြူရေးအစားအစာများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်ပြီး မွေးမြူရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးစားသောက်ကုန်များ ဈေးနှုန်းမြင့်မားရခြင်းမှာ ရောင်းလိုအားနှင့် ဝယ်လိုအားမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များမြင့်မားခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသအတွင်း မွေးမြူရေးလုပ်ငန်းများကိုအောင်မြင်အောင်ဆောင်ရွက်၍ ထုတ်ကုန်များကို ပိုမိုဈေးနှုန်းသက်သာစွာဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်သည့်ကုန်ကြမ်းများနှင့်ပတ်သက်၍ ပအိုဝ်းဒေသအတွင်း အများအပြားထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ပေးကြစေလိုကြောင်း။

စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ရေးအတွက် သွင်းအား

စုများလိုအပ်ကြောင်း၊ လိုအပ်သည့် သဘာဝမြေသြဇာများ ရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဇီဝမြေသြဇာများကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီသုံးစွဲ၍ လျှပ်စစ်ဓာတ်အားသုံးစွဲခြင်းထက် ရေအားလျှပ်စစ်ကိုထုတ်ယူသုံးစွဲကြစေလိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိမှသာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း လျှပ်စစ်ဓာတ်အားအသုံးပြု၍ ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

သွင်းအားစုတွင်ပါဝင်သည့် တမာပိုးသတ်ဆေးထုတ်လုပ်နိုင်ရေးအတွက်လည်း နိုင်ငံတော်မှတွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်သည့် အရင်းအနှီးများကိုလည်း သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများ စည်းကမ်းဥပဒေများနှင့်အညီ နိုင်ငံတော်မှထုတ်ချေးပေးလျက်ရှိကြောင်း၊ တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေများကို ဦးစားပေးထုတ်ပေးလျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းအရည်အသွေး ပိုမိုကောင်းမွန်ရမည်ဖြစ်ကြောင်း။

**ပညာရေး အားပေးဆောင်ရွက်**

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများလိုအပ်ကြောင်း၊ ပညာသင်နှစ်အလိုက် ပညာသင်ကြားသည့်ကျောင်းသားဦးရေများ နည်းပါးလာသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိနေသေးကြောင်း၊ အတန်းပညာအားနည်းခြင်းကြောင့် အတတ်ပညာများအားနည်းခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အခက်အခဲများရှိကြောင်း၊ ယခုအခါ ခရိုင် ၅ဝ ရှိအထက်တန်းကျောင်း ၅၁ ကျောင်းတွင် စက်မှု၊ စိုက်ပျိုးမွေးမြူရေးသင်တန်းများကို သင်ကြားနိုင်ရေးဖွင့်လှစ်လျက်ရှိကြောင်း၊ ထိုမှ တစ်ဆင့် ထူးချွန်သည့်ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာပညာရပ်များ အလိုက်အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လူသားအရင်းအမြစ်များ ကြွယ်ဝလာမည်ဖြစ်သဖြင့် ပညာရည်တိုးတက်စေရေးဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပအိုဝ်းဒေသတိုးတက်ရေးအတွက်ပညာရေးကိုအားပေးကြစေလိုကြောင်း၊

MSME လုပ်ငန်းများကိုအားပေးဆောင်ရွက်ခြင်းမှာ ကုန်ထုတ်လုပ်မှုများ တိုးတက်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် ပြည်ပသို့ကုန်ပစ္စည်းများတင်ပို့နိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတွင်း၌ထုတ်ကုန်များပြည့်မီအောင်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပအိုဝ်းဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများကိုအောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်သည့်မြေများ ပေါများစွာရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများဆောင်ရွက်ပြီး အထွက်ကောင်းအောင်ဆောင်ရွက်ကြစေလိုကြောင်း။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍လည်း ပအိုဝ်းဒေသသည် အခြေခံကောင်းများပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသသို့လာရောက်လည်ပတ်သူများ များပြားလာစေရေး ဒေသ၏သန့်ရှင်းသာယာလှပရေး၊ မျက်စိပသာဒဖြစ်စေရေးတို့အတွက် ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊

မိမိတို့အနေဖြင့် ပအိုဝ်းဒေသတွင် လုပ်ဆောင်လျက်ရှိသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးလိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအားဖြင့် အလုပ်လုပ်ရန်ဖြစ်ကြောင်း၊ အလုပ်လုပ်ရန်အတွက် လူသားလျှင်ပခေနဖြစ်ကြောင်း၊ ထို့ကြောင့် ပအိုဝ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း နေထိုင်ကြသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

■ ■ ■

# ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

( ၂၉ - ၅ - ၂၀၂၃ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၉ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြို့က မတ်လ ၃ ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ အနာဂတ်တွင် လျှပ်စစ်ရထားများပြေးဆွဲနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းတစ်လျှောက် အပင်များစိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိမှု၊ မြေထိန်းနံရံ (Toe Wall) များ၊ ရေကာနံရံများနှင့်ရေထုတ်ပြွန်များ၊ ရေထုတ်မြောင်းများနှင့်တံတားများထည့်သွင်းဆောင်ရွက်လျက်ရှိမှု၊ ရထားလမ်းတစ်လျှောက်အပင်များစိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိမှု၊ ထီသိမ်ဘူတာယာဒ်ဝင်းလှေကား၊ ပလက်ဖောင်းတည်ဆောက်ခြင်းနှင့် ရထားလမ်းအဝိုင်းပတ်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ အေးသာယာနှင့်ပေါမူဘူတာယာဒ်ဝင်းသံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပင်းပက်-နောင်ကား-တောင်ကြီး-ရွှေညောင်-သာစည်-မြင်းခြံ ရထားလမ်းပိုင်းများအလိုက် ရထားလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းများဆောင်ရွက်ပြီးစီးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားသယ်ယူပို့ဆောင်ရေးစနစ်သည် ဒေသအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ရထားလမ်းများကိုလူအများသွားလာခြင်းအတွက် အသုံးပြုမည်ဖြစ်သကဲ့သို့ကုန်ပစ္စည်းများတင်ပို့မှုအတွက်လည်း အသုံးပြုသွားမည်

ဖြစ်သောကြောင့် ရထားလမ်းများ၏ ခံနိုင်ရည်အားကောင်းမွန်အောင် စနစ်တကျတည်ဆောက်ရန်လိုကြောင်း၊ ရထားလမ်းတစ်လျှောက်ရှိတံတားများကို တည်ဆောက်ရာတွင် ခံနိုင်ရည်ရှိစေရေး စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းတွင် ယခင်ကရထားများ ပြေးဆွဲသည့်အမြန်နှုန်းမှာ သတ်မှတ်ထားသည်ထက် နှေးကွေးသည်ဟု သိရှိရကြောင်း၊ ထို့ကြောင့်ရထားများကို တောင်ပေါ်တွင်မောင်းနှင်သည့် ပုံမှန်အမြန်နှုန်းများအတိုင်း မောင်းနှင်ပြေးဆွဲနိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းစေရေး ဘရိတ်စနစ်များကိုပြင်ဆင်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းများကို အနာဂတ်တွင် ထပ်မံအဆင့်မြှင့်တင်မှုများပြုလုပ်နိုင်ရေး ရထားလမ်းနယ်များကိုကြိုတင်သတ်မှတ်ဆောင်ရွက်၍ လမ်းနယ်အမှတ်အသားများကို စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းတစ်လျှောက်ဘေးဘယ်ညာရှိ နိုင်ငံပိုင်မြေများတွင် သစ်တောများစိုက်ပျိုးနိုင်ရန်လိုသဖြင့် သစ်တောဥပဒေများရေးဆွဲပြီး စနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းဘေးပတ်ဝန်းကျင်စိမ်းစိုပြည်နေမည်ဆိုပါက ရထားစီးခရီးသည်များအတွက် မျက်စိပသာဒဖြစ်စေမည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားသည် အရှေ့တောင်အာရှတွင် ပထမဆုံးဖောက်လုပ်ပြေးဆွဲခဲ့သည့် မီးရထားလမ်းဖြစ်ကြောင်း၊ ထို့ကြောင့်ခေတ်နှင့်လျော်ညီသည့် အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုဆောင်ရွက်ရန်လိုကြောင်း၊ ရထားများယခုထက် အမြန်နှုန်းတိုးမြှင့်ပြေးဆွဲနိုင်ရန်လိုကြောင်း၊ လူစီးရထားများကို RBE တွဲများဖြင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ရထားလမ်းများအား မြန်နှုန်းမြှင့်၍ပြေးဆွဲနိုင်ရန်နှင့် အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ရထားပြေးဆွဲရေးနှင့်ပတ်သက်၍လည်း ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ရထားစက်ခေါင်းတွဲများကိုလည်း စမ်းသပ်ဆောက်လုပ်စေလျက်ရှိကြောင်း၊ ရထားစက်ခေါင်းများနှင့် ရထားတွဲများကို ပြည်တွင်းမှထုတ်လုပ်၍ ရရှိသည့်စက်ပစ္စည်းများကိုပေါင်းစပ်၍ ပြည်တွင်း၌ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မီးရထားလမ်းများအဆင့်မြှင့်တင်ရေးအတွက် မီးရထားအင်ဂျင်နီယာများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရထားလမ်းများတွင် ခင်းကျင်းသည့် ကျောက်များသတ်မှတ်ဆိုဒ်များ ရှိရန်လိုကြောင်း၊ မြန်မာနိုင်ငံရှိ ရထားလမ်းများအားလုံး ကီလိုမီတာ ၁၀၀ အမြန်နှုန်းအထိ မောင်းနှင်နိုင်ရန် မူလရည်မှန်းချက်အဖြစ်ထားရှိဆောင်ရွက်သွားရမည်ဖြစ်ပြီး နောင်တွင် အဆိုပါအမြန်နှုန်းထက်ပိုမိုပြေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန်အတွက် အင်ဂျင်နီယာရှုထောင့်မှ သုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ရထားအသုံးပြု၍ပြေးဆွဲခြင်းသည် Public Transportation ဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို သက်သာစေပြီး အများပြည်သူသွားလာမှု၊ ကုန်ပစ္စည်းများတင်ပို့မှုအတွက် များစွာအထောက်အကူပြုသဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၂၉ - ၅ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၂၉ ရက် နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများအား အဆိုပါသင်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဟိုပုံးတပ်နယ်ရှိ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံမှ နည်းပြအရာရှိများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

**လေ့ကျင့်သင်ကြားပေးနေ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာစစ်သည်တော်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တက်ရောက်နေကြသူများကို တပ်မတော်အင်ဂျင်နီယာကဏ္ဍစွမ်းပကားများ တိုးတက်မြင့်မားလာစေရေး လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် အင်ဂျင်နီယာဘာသာရပ်များကို အမှန်တကယ်ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ယူကြရန်လိုကြောင်း၊ သင်တန်းကျောင်းအား အဆင့်မြှင့်တင်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးထားပြီးဖြစ်ပြီး ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးထားသဖြင့် သင်တန်းသားများ၏ စိတ်ဓာတ်များလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဟု ယုံကြည်ကြောင်း၊ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းသည် ရုပ်ပိုင်းဆိုင်ရာပြုပြင်ခြင်းဖြစ်သော်လည်း စိတ်ပိုင်းဆိုင်ရာကောင်းမွန်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီးနောက် သက်ဆိုင်ရာ တပ်ရင်း၊ တပ်ဖွဲ့များအလိုက် ရောက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သင်ကြားပေးလိုက်သည့်ပညာရပ်များ မှန်မှန်ကန်ကန်အသုံးချပြီး ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် တပ်မတော်ကိုကောင်းအောင်နှင့် မိမိကိုယ်ကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်နေခြင်းပင်ဖြစ်သည်ကို နားလည်သဘောပေါက်ရန်လိုကြောင်း၊ သင်တန်းသားများကိုစနစ်တကျရွေးချယ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသည့် သင်တန်းသားများအားလုံး အရည်အချင်းပြည့်မီသူများဖြစ်လာစေရေးအတွက် နည်းပြများမှ ကြပ်မတ်လေ့ကျင့်သင်ကြားပေးသွားရန်လို

ကြောင်း၊ သင်တန်းသားများအားလုံး စစ်အတတ်ပညာနှင့် လုပ်ငန်းအတတ်ပညာများတွင် အရည်အချင်းပြည့်မီသူများဖြစ်ရန်လိုကြောင်း။

**တီထွင်ကြံဆလုပ်ဆောင်**

ပညာဟူသည်မှာသင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည်နှင့် မပြီးဆုံးဘဲကိုယ်တိုင်လည်း အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်းပမာဏများကျယ်ပြန့်လာသည်နှင့်အမျှ ပိုမိုလေ့လာအားထုတ်ကြိုးပမ်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတာဝန်ဆောင်ရွက်သည့်လုပ်ငန်းများတိုးတက်လာစေရေး မည်သို့ဆောင်ရွက်မည်ဆိုသည်ကို တီထွင်ကြံဆလုပ်ဆောင်ကြရန်လိုကြောင်း၊ ကျွမ်းကျင်သူများဖြစ်မှသာ ပညာရှင်များဖြစ်လာမည်ဖြစ်ကြောင်း၊ အားလပ်သည့်အချိန်များတွင် သက်ဆိုင်ရာပညာရပ်နှင့်ပတ်သက်သည့် စာပေများကိုဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ အင်္ဂလိပ်စာသည် မဖြစ်မနေတတ်မြောက်ထားရန်လိုသည့်အတွက် လေ့လာလေ့ကျင့်သွားရန်လိုကြောင်း၊ ပညာရပ်များကိုသင်ယူရာတွင် နေ့စဉ်သင်ကြားလေ့လာခြင်းဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များကိုအပြည့်အဝအသုံးချခြင်းဖြင့် စွမ်းအားရှိသည့်တပ်မတော်ကိုတည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် ခေတ်သစ်စစ်နည်းဗျူဟာများ ပြောင်းလဲလာသည်ကိုတွေ့ရသည့်အတွက် ခေတ်သစ်စစ်ပွဲများနှင့်ပတ်သက်၍လည်း မျက်ခြည်မပြတ်လေ့လာနေရန်လိုကြောင်း။

**တိုးတက်မှုများကိုရရှိမည်**

တပ်မတော်သားအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှမပါရှိဘဲ မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရန် တပ်မတော်သို့ဝင်ရောက်အမှုထမ်းခဲ့ကြသူများဖြစ်ကြောင်း၊ တပ်မတော်အတွင်း၌ မှန်မှန်ကန်ကန်ဖြင့် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ဆောင်ရွက်မည်ဆိုပါက ဘဝအတွက်တိုးတက်မှုများကိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့၏ရည်မှန်းချက်များပျောက်ဆုံးမှုမရှိစေရေး မိမိကိုယ်ကိုထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့ဘဝကိုထိခိုက်ပျက်စီးစေနိုင်သည့် မူးယစ်သောက်စားမှုများနှင့် အပျော်အပါးများကို ရှောင်ကြဉ်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အသိစိတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက ဘဝတိုးတက်မှုအတွက် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့်အကျင့်များကို မွေးမြူဆောင်ရွက်သွားရန်လိုပြီး ချမှတ်ထားသည့်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည်ဆိုပါက မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်များအောင်မြင်စေနိုင်မည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းမှစ၍ မိမိကိုယ်ကိုတိုးတက်ကောင်းမွန်အောင် လေ့လာသင်ယူဆောင်ရွက်ကာ လူကောင်းလူတော်များ ပေါ်များလာမည်ဆိုပါက တပ်မတော်နှင့် တိုင်းပြည်သည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုလျှောက်လှမ်းနိုင်ရေး တပ်မတော်မှဦးဆောင်ခဲ့သည့်အခြေအနေများနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့်အခြေအနေများ၊ ဒီမိုကရေစီအစိုးရသက်တမ်း ၂ ခုတွင် တပ်မတော်အနေဖြင့်ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်တွင်ဖြစ်ပေါ်လာခဲ့သည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှနိုင်ငံ့တာဝန်များကိုထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

■ ■ ■

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၃၀ - ၅ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၃၀ ရက် မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ပင်းတယမြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံ တော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ရောက်ရှိကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများက ရိုးရာအိုးစည်များဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

## MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ထို့နောက် တွေ့ဆုံပွဲပြုလုပ်မည့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမသို့ရောက်ရှိကြပြီး အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်မြေဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိမှု၊ MSME လုပ်ငန်းများအတွက် အထောက်အကူပြု

သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ပေးထားသည့် ရင်းနှီးမတည် ငွေများအား စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများအလိုက် ထုတ်ချေးပေးထားမှုနှင့်အာလူးအအေးခန်းတည်ဆောက် ထားရှိမှု၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်း များဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ သတ္တုသန့်စင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း များအတွက် လိုအပ်သည့် နည်းပညာအထောက်အကူပြု သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ရှမ်းပြည် နယ်အတွက် ထုတ်ပေးထားရှိသည့် နိုင်ငံ့စီးပွားမြှင့်တင် ရေးရန်ပုံငွေမှ MSME လုပ်ငန်းများအတွက် အစုအဖွဲ့များ အလိုက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးထားမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားထုတ်လုပ်၍ မြစ်ရေတင်လုပ်ငန်းများဆောင် ရွက်ပေးထားမှု၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးထား မှုနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ရှိ MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာတွင် ရွှေတက်လမ်းအာလူးအစုအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ချယ်ရီ တောင်တန်း လက်ဖက်သမအသင်း အမှုဆောင်အဖွဲ့ဝင် ဦးဘစီ၊ ရှမ်းပြည်နယ် သမဝါယမအသင်းစုမန်နေဂျာ ဦးအောင်ကြင်၊ ရှမ်းပြည်နယ် ရွှေသစ်သီးဖျော်ရည်လုပ်ငန်းရှင် ဦးဝင်းမြင့်လေးနှင့် မြို့မိမြို့ဖများ၊ တက်ရောက်လာကြသူ များက အာလူးတစ်ဧကချင်း အထွက်နှုန်းတိုးတက်ရေး အတွက် မျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက် နေမှုနှင့်အာလူးမျိုးများ သိုလှောင်ထားရှိရန်အတွက် အာလူး အအေးခန်း သိုလှောင်ရုံဆောက်လုပ်လိုမှု၊ ပင်းတယမြို့ နယ်၏ အဓိကထုတ်ကုန်ဖြစ်သည့် လက်ဖက်ထုတ်လုပ်မှု အား အဆင့်မြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရေး လိုအပ်သည့် နည်းပညာ၊ စက်ကိရိယာနှင့် ရင်းနှီးမတည်ငွေများ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရှာင် ဒေသတွင် အရည်အသွေးပြည့်မီသည့် ကော်ဖီသီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ဒေသတွင်းကော်ဖီစိုက်ကေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထွက်ကော်ဖီဈေးကွက် ပိုမို ရရှိရေး လိုအပ်သည်များကို ကူညီပေးစေလိုမှု၊ လမ်းပန်းဆက် သွယ်မှုများ ယခုထက်လွယ်ကူလျင်မြန်ချောမွေ့စေရေး ပင်းတယမြို့ရောင်လမ်းဆောင်ရွက်ပေးစေလိုမှု၊ ပင်းတယ မြို့နှင့် ရှာင်မြို့နယ်၌ သဘာဝရေထွက်များ နည်းပါးလာ ခြင်း၊ လူဦးရေတိုးပွားလာခြင်းတို့ကြောင့် သောက်သုံးရေ လိုအပ်မှုပမာဏများပြားလာသဖြင့် လိုအပ်သည်များ ကူညီ ဆောင်ရွက်ပေးစေလိုမှု၊ ပင်းတယမြို့ ကျက်သရေဆောင် ဘုတ်တလုတ်ရေကန်ကြီးမတိမ်ကောသ၊ မပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဒေသဖွံ့ဖြိုးရေး အတွက်လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေး ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်းဆွေးနွေး ပြောကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်း တင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ် စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေးချေးငွေနှင့် စီးပွားရေးချေးငွေဟူ၍ နှစ်မျိုး ခွဲခြားဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေများရယူနိုင်မှု၊ ချေးငွေများရယူပြီးပါကလည်း မှန်မှန် ကန်ကန်သုံးစွဲရန်နှင့် သတ်မှတ်ကာလများအလိုက်ပြန်လည် ပေးဆပ်သွားရန်လိုအပ်မှု၊ ဒေသတွင်းစီးပွားရေးလုပ်ငန်း များဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေး လျက်ရှိမှု၊ MSME လုပ်ငန်းရှင်များအနေဖြင့် စည်းမျဉ်း သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်မှု၊ ဒေသ တွင်းထွက်ရှိသည့် ကော်ဖီနှင့်လက်ဖက်တို့အား ပြည်ပ ဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်ပကုန်စည်များ၌ ပါဝင်ပြသနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားလိုအပ်

သည်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများတင်ပြသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ချက်များတင်ပြမှုအပေါ် အလေးထားမှတ်သား၍ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လို**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စီးပွားရေးနှင့်ပတ်သက်၍ အလားအလာကောင်းများများစွာ ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ရာသီသီးနှံများနှင့် နှစ်ရှည်သီးနှံများကို စိုက်ပျိုးကြသည်ကိုတွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် "ဥတုရာသီတောကိုမှီ" ဟူသည့်အတိုင်း သဘာဝသစ်တောသယံဇာတများ မပြုန်းတီးမှ ရာသီဥတုကောင်းမွန်နိုင်ပြီး ဥတုရာသီကောင်းမွန်မှသာ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေများကို လုံလောက်စွာရရှိမည်ဖြစ်ကြောင်း၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေး အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်တောများ ပြုန်းတီးမှုဖြစ်ပေါ်ခြင်းကြောင့် ရာသီဥတုများပူပြင်းလာနိုင်ပြီး စိုက်ပျိုးရေများ ခန်းခြောက်သွားနိုင်သဖြင့် သစ်တောများပြုန်းတီးမှုမရှိအောင် ဒေသတွင်းနေထိုင်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နေသာသည့်ရက်များတွင်လည်း နေရောင်ခြည်ကို အကျိုးရှိစွာအသုံးချ၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ပင်းတယဒေသတွင် ဝမ်းစာဖူလုံမှုရှိသည်ကို အချက်အလက်များအရတွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှုမရှိသေးကြောင်း၊ အထွက်နှုန်းကောင်းမွန် သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြစေလိုကြောင်း။

ဒေသတွင်းဝမ်းစာဖူလုံမှုရှိပါက ပြင်ပမှဝယ်ယူစားသုံးရန်မလိုအပ်သောကြောင့် ဒေသတွင်းငွေကြေးလည်ပတ်မှုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ဧကတိုးချဲ့ခြင်းထက် တစ်ဧကချင်းအထွက်နှုန်းများတိုးတက်ရေးကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူအခြားသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဝင်ငွေများပိုမိုကောင်းမွန်လာပြီး ဒေသစီးပွားရေးနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းပိုင်ဆိုင်ထားပြီးဖြစ်သည့် ရေခံမြေခံကောင်းများကို စနစ်တကျဖြင့် အကျိုးရှိစွာအသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြစေလိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်**

မွေးမြူရေးနှင့်ပတ်သက်၍ အထွက်နှုန်းများ တိုးတက်စေရန်အတွက် အထွက်နှုန်းကောင်းသည့်မျိုးများကို စနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ ပင်းတယဒေသတွင် ကြက်၊ ဝက်၊ နွားနှင့် အခြားတိရစ္ဆာန်များကို အောင်မြင်အောင်မွေးမြူဆောင်ရွက်မည်ဆိုပါကနိုင်ငံအတွက် အသားထုတ်လုပ်မှုများကို ဆောင်ရွက်ပေးနိုင်သည့်ဒေသတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ နို့စားနွားများမွေးမြူ၍လည်း နို့နှင့်နို့ထွက်ကုန်များကို ထုတ်လုပ်နိုင်ကြောင်း၊ တိရစ္ဆာန်အစာအစာများထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထုတ်ကုန်များဒေသတွင်း၌ရှိပြီးဖြစ်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းကိုများစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာ၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အားပေးဆောင်ရွက်နေခြင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများကိုအောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုအတွက် သေချာသည့် ကုန်ကြမ်းများကိုရရှိနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် လိုအပ်သည့် သဘာဝမြေသြဇာနှင့် ရေကိုလုံလောက်စွာအသုံးပြုရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အာဟာရပြည့်ဝအောင် သွင်းအားစုများမှန်မှန်ကန်ကန်ဖြင့် စိုက်ထည့်ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

**ဒေသတွင်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ရရှိရေး**

ဟင်းသီးဟင်းရွက်များစိုက်ပျိုးရာတွင် ပိုးသတ်ဆေးများအသုံးပြုမှုကို အန္တရာယ်ရှိသည်အထိ အသုံးမပြုစေလိုကြောင်း၊ စိုက်ခင်းများအတွက် ရေသုံးစွဲရာတွင်လည်း စနစ်တကျထိရောက်စွာဆောင်ရွက်ရန်လိုကြောင်း၊ ပင်းတယဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ စိုက်နည်းစနစ်များ၊ မြေပြုပြင်ခြင်းများနှင့် ရေအသုံးချခြင်းများကို ထိရောက်စွာအသုံးပြုသွားမည်ဆိုပါက စိုက်ပျိုးရေးထုတ်ကုန်များကို ယခုထက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေးပညာကျွမ်းကျင်သူများ များစွာလိုအပ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ ကြွယ်ဝစွာရရှိရေးအတွက် ဒေသတွင်းပညာတတ်များ ပေါ်များရန်လိုကြောင်း၊ ပင်းတယဒေသတွင် ပညာသင်ကြားမှုနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ နည်းပညာစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ၌ ပညာသင်ကြားနိုင်ရန် အနိမ့်ဆုံးအလယ်တန်းအဆင့်အထိ အောင်မြင်ထားရန်လိုအပ်ကြောင်း၊ အတန်းပညာများရှိမှသာ အတတ်ပညာရှိမည်ဖြစ်ပြီး အတတ်ပညာများရှိမှသာ ကျွမ်းကျင်သူများဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပင်းတယဒေသအတွင်း ပညာတတ်များပေါ်များရေးပညာရေးကို ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း။

**ဒေသတွင်းခရီးသွားလုပ်ငန်းတိုးတက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ခရီးသွားများကိုဆွဲဆောင်နိုင်မှုရှိသည့် သဘာဝပတ်ဝန်းကျင်အလှအပများရှိသည့်အပြင် ရာသီဥတုကောင်းမွန်ပြီး ထင်ရှားသည့်နေရာများကိုလည်း ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပခရီးသွားများကိုဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များကို ဆွဲဆောင်မှုရှိအောင်နှင့် အရည်အသွေးကောင်းမွန်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသသို့လာရောက်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ အလားတူမိမိတို့ဒေသအတွင်း သန့်ရှင်းသာယာလှပရေးအတွက်လည်း ဒေသခံပြည်သူများ၊ ဒေသတွင်းတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများအားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှအဓိကထွက်ရှိသည့် လက်ဖက်၊ ကော်ဖီ၊ ပဲပုပ် စသည့် စားသောက်ကုန်များကို အရသာရှိအောင်ဆောင်ရွက်၍ ထုပ်ပိုးမှုများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ရောင်းအားများတိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လိုအပ်သည်မှာ ဒေသတွင်း၌ နေထိုင်သူများအားလုံး အလုပ်လုပ်ကိုင်ရန်ဖြစ်ပြီး မိမိတို့ အလုပ်လုပ်ခြင်း၏အကျိုးကို မိမိတို့ပြန်လည်ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက်ကိုသာ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုးသယ်ပိုးကြရန်လိုကြောင်း၊ ယနေ့တွင် အကြံပြုဆွေးနွေးပြောဆိုမှုများသည်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဒေသတွင်းနေထိုင်သည့်ဒေသခံများ၏အကျိုးအတွက်တိုက်တွန်း ဆွေးနွေးပြောဆိုခြင်းသာဖြစ်ကြောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစွာဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

■ ■ ■

# ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား သင်တန်းကျောင်းခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၃၀ - ၅ - ၂၀၂၃ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား မေလ ၃၀ ရက် နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

**မိမိတို့တစ်ဦးချင်းစီ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ်သော ကြိုးစားအားထုတ်မှုရှိရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံးရည်၊ နှလုံးရည်ဖြင့်ပြည့်ဝသည့် အရာရှိကြီးများကို မွေးထုတ်ပေးလျက်ရှိပြီး သင်တန်းသားအရာရှိကြီးများအနေဖြင့် ယခုသင်တန်းအစကာလမှ သင်တန်းပြီးဆုံးသည်အထိ စဉ်ဆက်မပြတ်သောကြိုးစားအားထုတ်မှုများဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ လူသားတိုင်းသည် ငယ်စဉ်ကတည်းကပင် တစ်ဦးချင်းစီအလိုက် ရည်ရွယ်ချက်များနှင့် မျှော်မှန်းချက်များ ကိုယ်စီရှိကြပြီး မိမိတို့၏မျှော်မှန်းချက်များ မပျောက်ပျက်စေရေး

စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရည်မှန်းချက်များရှိမှသာလျှင် ကြိုးစားအားထုတ်မှုများလည်းရှိလာမည်ဖြစ်ပြီး အောင်မြင်မှုများရရှိစေရေး မိမိကိုယ်ကိုမိမိ တည်ဆောက်လာနိုင်မည်ဖြစ်ကြောင်း။

**တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့် ပတ်သက်လာပါက မိမိကိုယ်ကို မှတ်တမ်းတင်နိုင်သည် အထိ ကြိုးစားဆောင်ရွက်သွားကြစေလို**

သင်တန်းသားအရာရှိကြီးများအားလုံးသည် တပ်ရင်း တပ်ဖွဲ့များကို ဦးဆောင်နိုင်သည့်အရာရှိကြီးများဖြစ်ကြပြီး ကြီးလေးသည့်တာဝန်များကို ထမ်းဆောင်နေကြသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အမှားအယွင်းအနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျ လေ့လာ၍ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာအတွေ့အကြုံကောင်းများကို ရရှိနိုင်မည် ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည် ဖြစ်ကြောင်း၊ တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့ချိန်၌ ကြုံတွေ့ခဲ့ရသည့်အတွေ့အကြုံများ၊ ယခုသင်တန်းတက်ရောက်ချိန်တွင် သင်ကြားပေးသည့်သင်ခန်းစာများကို ချိန်ထိုးစဉ်းစားဆောင်ရွက်ပြီး သင်တန်းဆင်းပြီးပါက မိမိဦးဆောင်ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက် အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းစတင်သည်မှ ပြီးဆုံးသည့်အချိန်အထိ သင်ကြားပေးသည့်ဘာသာရပ်များကို မှန်မှန်ကန်ကန်ဖြင့် လေ့လာသင်ယူကြရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့်ပတ်သက်၍ မိမိကိုယ်ကို မှတ်တမ်းတင်နိုင်သည် အထိ ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း။

**မိမိကိုယ်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်မှသာ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်နိုင်မည်**

မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့်ပတ်သက်၍ မိမိလက်အောက်အရာရှိ၊ စစ်သည်များစည်းကမ်းစနစ်တကျဖြစ်စေရေးထိန်းသိမ်းရန်လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း စည်းကမ်းစနစ်တကျရှိစေရေး အသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကိုဆောင်ရွက်ရာတွင် အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့၏လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်ချိန်ကာလအတွင်း တပ်မတော်နှင့်ပတ်သက်သည့်ပညာရပ်များ၊ စစ်မြေပြင်စည်းမျဉ်းစည်းကမ်းများကိုစနစ်တကျသင်ယူပြီး လက်တွေ့ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်းမွန်မည်ဖြစ်ပြီး ဘဝတိုးတက်ရေးကိုအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သောလေ့လာမှုများဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက်အားထုတ်ကြိုးပမ်းသွားကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလောတပ်နယ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်များသို့သွားရောက်၍ တပ်တွင်းအရောင်းဆိုင်၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန်ရေထွက်ရေကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှုအားကြည့်ရှုစစ်ဆေးပြီး ရေကန်ပေါင်များ စနစ်တကျရှိစေရေးပြန်လည်ပြုပြင်ရန်၊ မိုးမကျမီသဲနုန်းတူးဖော်ခြင်းအား အပြီးဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

■ ■ ■

# မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာနအမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

## ( ၃၁ - ၅ - ၂၀၂၃ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ မေလ ၃၁ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) သံမဏိ စက်ရုံ (မြင်းခြံ) သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာစက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်ဆောင် ရွက်ခဲ့မှုအခြေအနေများကိုရှင်းလင်းတင်ပြရာတွင် စီမံကိန်း ဆိုင်ရာအချက်အလက်များ၊ စီမံကိန်းရည်ရွယ်ချက်၊ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းအကောင် အထည်ဖော်မှုများကို ငွေကုန်ကြေးကျအနည်းဆုံးဖြင့် စက် ပစ္စည်းများဆုံးရှုံးမှုမရှိစေရန် ဦးစားပေးဆောင်ရွက်လျက် ရှိမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ သံရည်ကျိုအလုပ် ရုံ Melt Shop-1 ဆိုင်ရာအချက်အလက်များ၊ ၂၀၁၇ ခုနှစ် နောက်ပိုင်း စက်ရုံစီမံကိန်းရပ်တန့်ခဲ့ရမှုကြောင့် စက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ရာတွင် ပြင်ဆင် ထိန်းသိမ်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ၂၀၂၃ ခုနှစ် မတ်လ ၂၄ ရက်မှစ၍ သံရည်ကျိုလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများနှင့် စီမံဆောင်ရွက်ထား ရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**သံနှင့်သံမဏိလိုအပ်ချက် နှစ်စဉ် တန်ချိန် နှစ်သန်းခန့်ရှိ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံ တွင် သံနှင့်သံမဏိလိုအပ်ချက်အနေဖြင့် နှစ်စဉ်တန်ချိန် နှစ်သန်းခန့်ရှိပြီး ပြည်ပငွေများစွာသုံးစွဲနေရကြောင်း၊ ထို့ကြောင့် ယခင်အစိုးရလက်ထက်က ရပ်တန့်ခဲ့သည့်စက် ရုံအား ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်

ကြောင်း၊ သံမဏိထုတ်လုပ်ရေးအတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့် နေရာများကို မြေပြင်ကွင်းဆင်းသုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း စဉ်းစားဆောင်ရွက်ထားရန်လိုကြောင်း၊ စက်ရုံအနေဖြင့် လက်ရှိအချိန်တွင် သံရည်ကျိုအလုပ်ရုံ၊ Melt Shop–1 ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး စီမံကိန်းတစ်ခုလုံး အပြည့်အဝလည်ပတ်နိုင်ရေး အဆင့်အလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ သံနှင့်သံမဏိလိုအပ်ချက်ကို ယခုစက်ရုံနှင့်ပင်းပက်စက်ရုံတို့မှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ သံမဏိထုတ်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်နှင့် မွေးထုတ်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ၏နေထိုင်စားသောက်မှုအဆင်ပြေစေရေး အတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ နောင်အနာဂတ်တွင် စက်ရုံသို့ပို့ဆောင်မည့်ကုန်ကြမ်းများ၊ စက်ရုံမှထွက်ရှိလာသည့် သံနှင့်သံမဏိပစ္စည်းများကို လျှပ်စစ်ရထားအသုံးပြု၍ သယ်ယူပို့ဆောင်ဖြန့်ဖြူးနိုင်ရေး အတွက်လည်း ရေရှည်ကိုမျှော်တွေး၍ တွက်ချက်ဆောင်ရွက်ထားရှိရန်လိုကြောင်းဖြင့်မှာကြားပြီး စီမံကိန်းတစ်ခုလုံးအပြည့်အဝလည်ပတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပေးပို့ခဲ့သည့် သဝဏ်လွှာများ

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

## ( ၁ - ၅ - ၂၀၂၃ )

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား–**

ယနေ့အချိန်အခါသမယသည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများကို ဂုဏ်ပြုသည့် နေ့ထူးနေ့မြတ်ဖြစ်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားထုကြီးတစ်ရပ်လုံးနှင့်အတူ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် ရွှေ့ပြောင်းအလုပ်သမားများအပါအဝင် မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သမိုင်းကြောင်းကိုကြည့်လျှင် အခက်အခဲပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့ဖြတ်သန်းလာခဲ့ပြီးမှ အလုပ်သမားများ၏ အခွင့်အရေးရပိုင်ခွင့်များရရှိလာသည့် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့ဖြစ်သည့်အတွက် ၁၈၈၉ ခုနှစ်၊ မေလ ၁ ရက်နေ့ကိုအပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဟုသတ်မှတ်ခဲ့ပြီး ၁၈၉၀ ပြည့်နှစ်၊ မေလ ၁ ရက်နေ့မှစတင်၍ ကမ္ဘာတစ်ဝန်းတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားများကျင်းပခဲ့ရာ မြန်မာနိုင်ငံသည် ၁၉၃၈ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍ နှစ်စဉ်အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားကျင်းပခဲ့ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား–**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှုအရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ် တည်မှီနေသည့်အတွက် ကာယအား၊ ဉာဏအားဖြင့် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိသော အလုပ်သမားအင်အားထုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အလုပ်သမားများ အကျိုးခံစားခွင့်များရရှိစေရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် အလုပ်သမားကြီးများ၏ အကျိုးစီးပွားကိုအလေးထားကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ (၂၀၀၈ ခုနှစ်) ပုဒ်မ (၂၄) တွင် နိုင်ငံတော်သည် အလုပ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်” ဟူ၍လည်းကောင်း၊ ပုဒ်မ(၃၁)တွင် **“နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်”** ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လူမှု

စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှလုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အလုပ်သမားများ၏လူမှုဘဝကိုမြှင့်တင်ပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ **"သွင်းကုန် အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကိုရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"** ကို စီးပွားရေးဦးတည်ချက်တစ်ရပ်အဖြစ်ထည့်သွင်းခဲ့ပြီး ယင်းဦးတည်ချက်အောင်မြင်စွာ ဆောင်ရွက်ဖော်ဆောင်နိုင်ရေးသည် အလုပ်သမားစွမ်းအားစုကြီးအပေါ် များစွာမူတည်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား–**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေး၊ သွင်းကုန်တင်သွင်းသည့် နိုင်ငံအဖြစ်မှ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး၊ အခြေခံပညာကဏ္ဍ မြှင့်တင်နိုင်ရေး၊ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး၊ အရည်အသွေးရှိသည့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး၊ ကျေးလက်ဒေသတွင် သက်မွေးဝမ်းကျောင်းသင်တန်းများ ပေးနိုင်ရေး၊ MSME လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် အဓိကမောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထုတစ်ရပ်ပေါ်ထွန်းလာစေရေးကိုမျှော်မှန်း၍ တိုးတက်လာသည့်နည်းပညာသစ်များနှင့်အညီ ကျွမ်းကျင်လုပ်သားများမွေးထုတ်နိုင်ရန် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority–NSSA) ကို ဖွဲ့စည်းပြီး ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား–**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်နိုင်ရေးတို့အတွက် လုပ်သားအင်အားအခြေပြုဆောင်ရွက်ရသည့် အထည်ချုပ်လုပ်ငန်းများအပါအဝင် စက်ရုံ၊ အလုပ်ရုံများ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်လုပ်ကိုင်နိုင်ရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် လက်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ကုန်ကြမ်းယူ ကုန်ချောပေးလက်ခစားလုပ်ငန်းများ (Cutting Making Packaging–CMP) ကို နိုင်ငံခြားကုမ္ပဏီများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဆောင်ရွက်ခွင့်ပြုခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးခြင်းများဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များရရှိနိုင်ရေးအတွက် မြန်မာအလုပ်သမား အများဆုံးသွားရောက်အလုပ်လုပ်ကိုင်သည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ထားရှိသည့်အပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများကလည်း လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

အလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေးအပါအဝင် အခြားအကျိုးခံစားခွင့်များရရှိနိုင်ရန်တို့အတွက် မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် (၈၇) ကို လက်ခံကျင့်သုံးလျက်ရှိသည့်အပြင် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေအရ အလုပ်သမားအဖွဲ့အစည်း (၃၀၁၅) ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း (၂၈) ဖွဲ့ကို ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ယင်းအဖွဲ့အစည်းများနှင့်

လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အလုပ်သမားဆေးရုံကြီး (၃) ခု၊ လူမှုဖူလုံရေးဆေးခန်း (၉၆) ခန်း၊ ဌာနကြီးဆေးခန်း (၅၈) ခန်း၊ တိုင်းရင်းဆေးခန်း (၁) ခန်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်း (၃၆) ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) (၂) စီးတို့ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့် အလုပ်ဌာနများမှ အလုပ်သမားများအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ရပိုင်ခွင့်များ ပြည့်ဝမှန်ကန်စွာရရှိစေရေး စစ်ဆေးစည်းကြပ် ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲများကိုလည်း ပြုလုပ်ပေးလျက်ရှိပါသည်။

ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ အထူးအားဖြင့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေမှုများ လျော့နည်းပပျောက်စေရန်၊ တရားဝင်အလုပ်လုပ်ကိုင်ခွင့်ရှိသည့် ကလေးအလုပ်သမားများကိုထိရောက်စွာအကာအကွယ်ပေးရန်၊ အန္တရာယ်ရှိသည့် လုပ်ငန်းခွင်များတွင်လုပ်ကိုင်နေရသည့် ကလေးအလုပ်သမားများကို သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိနိုင်ရန်နှင့် သက်မွေးပညာသင်တန်းများတက်ရောက်နိုင်ရန် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင် အလုပ်သမားများအကြား လုပ်ငန်းခွင်အတွင်း ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ခြင်းဖြင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအလေ့အထ အားကောင်းလာခြင်း၊ ကောင်းမွန်သော လုပ်ငန်းခွင်ဆိုင်ရာ ရလဒ်များ ရရှိနိုင်ခြင်း၊ အငြင်းပွားမှုများ လျော့ကျနိုင်ခြင်း၊ လုပ်ငန်းခွင်အတွင်း အပြန်အလှန်ယုံကြည်မှု တိုးတက်ခြင်းတို့အတွက် ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့နှင့် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များဖွဲ့စည်း၍ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ရေမြေရာသီဥတုအခြေခံသဘာဝတရားများကိုအသုံးချပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဆောင်ရွက်ကြရမည့် အချိန်အခါသမယဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးကိုရှေးရှုပြီး **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** ဟူသည့် ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝကို တည်ဆောက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးအကျိုးကိုရှေးရှုပြီး လက်တွေ့ကျကျဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံတွင် သဘာဝမှပေးထားသည့် ကောင်းမွန်သော အရင်းအမြစ်များစွာ ရှိပြီးဖြစ်သည့်အလျောက် ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့အတွက် အလုပ်သမားများ၏ကဏ္ဍကို အားကိုးအားထားပြုရမည်ဖြစ်ပြီး နိုင်ငံတော်မှလည်း အလေးထားအားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် အလုပ်သမားကြီးများက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားလာနိုင်မည်ဖြစ်သည့်အပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်းတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် ပြည်တွင်းငြိမ်းချမ်းရေး၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်ပေါင်းစုံမှ ဦးတည်ချက်များချမှတ်၍ မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် အဓိကအင်အားစုဖြစ်သော အလုပ်

သမားထုကြီးက ရင်းနှီးချစ်ကြည်မှုနှင့် စည်းလုံးညီညွတ်မှုကိုအခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အလုပ်သမားကြီးများ၏ ကြိုးစားအားထုတ်မှုများကိုအသိအမှတ်ပြုပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကိုဂုဏ်ပြုလျက် ဤသဝဏ်လွှာကိုပေးပို့အပ်ပါသည်။

■ ■ ■